## ဝိနယပိဋက

# မဟာဝါပါဠိတော်နိဿယ

### ပဉ္စမအုပ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

### မဟာခန္ဓက

အမှာ — ရေးလတ္တံ့သော မဟာဝါ ပါဠိတော်နိဿျည်၌ ပါဠိအနက်တူ အထပ်ထပ်လာရာ၌ ရှေးဦးပါဠိကို အနက်ရေး၍ နောက်နောက်ကိုမြစ်မည်။ လွယ်သောပါဠိများမှာ အနက်ကိုချန်၍ ရေးမည်။ အထခေါစသော နိပါတ်ပုဒ်တို့၌ အနက်မရေးသည့် အရာမှာ အနက်မရှိဟု မှတ်။

၁။ (တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ဥရုဝေလာယံ ဝိဟရတိ နဇ္ဇာ နေရဉ္ဇရာယ တီရေ ဗောဓိရုက္ခမူလေ ပဌမာဘိသမ္ဗုဒ္ဓေါ)။ တေန သမယေန၊ အကြင်အခါ၌။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သိက္ခာပဒ ပညတ္တိကာလော၊ သိက္ခာပုဒ်ကို ပညတ်အပ်သော အခါသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ (အနိယတ်ထည့်)။ တေန

သမယေန၊ ကိုထင်ရှားဖြစ်သောအခါ၌။ ဘဂဝါ၊ ဘုန်းတော်ကြီးသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဥရုဝေလာယံ၊ ကြီးစွာသောသဲစုရှိသော တောဌ်။ ဝါ၊ ဗိလတည်းဟူသော ကမ်းအပိုင်းအခြားကို လွန်ခြင်းကြောင့် ဆောင်အပ်သော သဲစုရှိသောတော၌။

**အမှာ** ရှေးနည်းမှာ ဥရုသဒ္ဒါ-မဟန္တအနက်၊ ဝေလသဒ္ဒါ-အစုအနက်ဟော။ နောက်နည်းမှာ ဥရုသဒ္ဒါ ဝါလိကအနက် ဝေလသဒ္ဒါ-မရိယာဒအနက်ဟော။ ငါတို့ ဘုရားမပွင့်မီ တထောင်သော အမျိုးသားတို့သည် လူ့ဘောင်မှ ခွါ၍ ရသေ့ရဟန်းပြုပြီးလျှင် ကတိကဝတ်ကို ဤသို့ပြုကြကုန်၏။ ကာယကံဝစီကံတို့ကို လွန်ကျူးပြုကျင့်လျှင် ထင်ရှားသည်ဖြစ်၍ အချင်းချင်းစောဒနာခွင့်ရ၏။ မနောကံသက်သက်ကို ကြံအောက်မေ့သည်အရာမှာ မထင်ရှားသောကြောင့် အချင်းချင်းစောဒနာခွင့် ရေး။ ထိုသို့ဖြစ်၍ ကာမဝိတက်စသည်ကို ကြံမိငြားအံ့၊ မိမိကိုယ်ကိုမိမိပင် ဆုံးမခြင်းဖြစ်အောင် ဖက်ရွက်ခန့်ဖြင့် သဲကိုဆောင်၍ ဤအရပ်၌ စုပုံကြရမည်ဟု ကတိကဝတ် ပြုကြကုန်၏။ ထိုသို့ပြုသည့်အတိုင်း ကာမဝိတက်စသည်ကို ကြံအောက်မေ့မိသော သူတို့သည် သဲကိုဆောင်၍ အကြိမ်များစွာ စုပုံသောကြောင့် ကြီးစွာသော သဲစုဖြစ်၍ ဥရုဝေလတောဟု ထင်ရှားစွာဖြစ်သည်။ ဝတ္ထုအကျယ်ကို အလိုရှိမူ အဋ္ဌကထာမှာ ရှု။

* နေရဉ္ဇရာယ၊ နေရဉ္ဇရာ အမည်ရှိသော။ ဝါ၊ ညွန် မှော်အစရှိသော အပြစ်မှကင်းသော ရေရှိသော။ နဇ္ဇာ-နဒိယာ၊ မြစ်၏။ တီရေ၊ ကမ်းနားဌ်။ ဗောဓိရုက္ခမူလေ၊ ဗောဓိပင်၏အနီး၌။ အဘိသမ္ဗုဒ္ဓေါဟုတွာ၊ ဘုရားဖြစ်၍။ ပဌမံ-သဗ္ဗပဌမံ၊ ခပ်သိမ်းသောသတ္တဝါတို့၏ ရှေးဦးစွာ။ ဝိဟရတိ၊ နေတော်မူ၏။ အထတသ္မိံ သမယေ၊ ထိုသို့ နေတော်မူသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဗောဓိရုက္ခမူလေ၊ ၌။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဝိမုတ္တိသုခံ၊ အရဟတ္တဖိုလ်ချမ်းသာကို။ ပဋိသံဝေဒီ၊ ခံစားတော်မူလျက်။ ဧကပလ္လင်္ကေန၊ တထက်ဝယ်တည်းဖြင့်။ နိသိဒိ၊ နေတော်မူ၏။

အမှာ သစ္စာလေးပါးကို သိသော မဂ်ဉာဏ်, သစ္စညုတ ဉာဏ်သည် ဗောဓိ မည်ရင်းတည်း။ သစ်ပင်မှာ ထို ဉာဏ်သို့ရောက်ရာ ဖြစ်သောကြောင့်သာ ဗောဓိမည်သည်။ သစ္စာ လေးပါးကို မဂ်ဉာဏ်ဖြင့် သိသောအရာမှာ ပရိညေယျ,ပဟာတဗ္ဗ, သစ္ဆိကာတဗ္ဗ, ဘာဝေတဗ္ဗကိစ္စ၏ အစွမ်းဖြင့်သိသည်။ သစ္စညုတ ဉာဏ်ဖြင့် သိသောအရာမှာ ဝိသေသလက္ခဏာ,သာမညလက္ခဏာ ကိစ္စ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ အစွမ်းဖြင့် သိသည်။ ထိုသို့ ဝိသေသလက္ခဏာ အစရှိသည်တို့၏ အစွမ်းဖြင့် သိသောအရာကို ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ ဉာတ, ဒိဋ္ဌ,ဝိဒိတ,သစ္ဆိကတ,ပဿိတဟု အစဉ်အတိုင်း အထူးပြ၍ ပြသည်။

*အထတသ္မိံ အမိကာရေ၊ ထိုဝိမုတ္တိသုခကို ခံစားသည်မှတပါး ပဋိစ္စသမုပ္ပါဒ်ကို နှလုံးသွင်းတော်မူသောအရာ၌။(သာရတ္ထဒီပနီ နှင့်အညီသမ္ဗန်သည်။ ရှေးဥမင်နိသျှ၌ကား ဋီကာသို့ မလိုက်မူ၍ သာမညသမ္ဗန်သည်)။ ဘဂဝါ၊ သည်။ရတ္တိယာ၊ ညဉ့်၏။ ပဌမံ ယာမံ၊ ပဌမယံပတ်လုံး။ ပဋိစ္စသမုပ္ပါဒံ၊ တရားကို၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ ။ပ။ နိရောဓော ဟောတီတိ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ ။ပ။ နိရောဓော ဟောတိ-ဟူ၍။ အနုလောမပဋိလောမံ၊ အနုလုံပဋိလုံ။ မနသာကာသိ၊ နှလုံးသွင်းတော်မူ၏။ (နှလုံး၌ ဆင်ခြင်တော်မူ၏ ဟုလည်းပေး)။ အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသော အကြောင်း ကြောင့်။ သင်္ခါရာ၊ လောကီကုသိုလ် အကုသိုလ် စေတနာ သင်္ခါရ တို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ သင်္ခါရပစ္စယာ၊ သင်္ခါရဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ ပဋိသန္ဓေဝိညာဉ်သည်။ ဝါ၊ လောကီဝိပါက် ပဝတ္တိဝိညာဉ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝိညာဏ ပစ္စယာ၊ ဝိညာဉ်ဟူသောအကြောင်းကြောင့်။ နာမရူပံ၊ နာမ်သည် လည်းကောင်း ရုပ်သည် လည်းကောင်း နာမ် ရုပ်သည်လည်း ကောင်း။ သမ္ဘဝတိ၊ ဖြစ်၏။ နာမရူပပစ္စယာ၊ နာမ်ရုပ်ဟူသော အကြောင်းကြောင့်။ သဠာယတနံ၊ အဇ္ဈတ္တိကာယတနသည်။ သမ္ဘဝတိ၊ ဖြစ်၏။ သဠာယတနပစ္စယာ၊ သဠာယတနဟူသောအကြောင်း

ကြောင့်။ ဖဿော၊ ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊ ဖဿ ဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာဟူသောအကြောင်းကြောင့်။ တဏှာ၊ တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ တဏှာပစ္စယာ၊ တဏှာဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ ဥပါဒါန်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်ဟူသောအကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဘဝပစ္စယာ၊ ဘဝဟူသောအကြောင်းကြောင့်။ ဇာတိ၊ ဇာတိသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏသောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ၊ အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်းတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ ချမ်းသာအစရှိသည်တို့နှင့် မရောသော။ ဝါ၊ အလုံးစုံသော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစု၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ထင်ရှား၏။ (အနုလုံအနက်)။ အဝိဇ္ဇာယတွေဝ၊ အဝိဇ္ဇာဟူသော မောဟ၏သာလျှင်။ အသေသဝိရာဂနိရောဓာ၊ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့်။ သင်္ခါရနိရောဓော၊ လောကီကုသိုလ် အကုသိုလ် စေတနာသင်္ခါရတို့၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ သင်္ခါရနိရောဓာ၊ သင်္ခါရတို့ချုပ်ခြင်းကြောင့်။ ဝိညာဏနိရောဓော၊ အနာဂတ်ဘဝ ပဋိသန္ဓေဝိညာဉ်, ပဝတ္တိဝိညာဉ်တို့၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ ဝိညာဏနိရောဓာ၊ ဝိညာဉ်၏ချုပ်ခြင်းကြောင့်။ နာမရူပနိရောဓော၊ နာမ်ရုပ်တို့၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ နာမရူပနိရောဓာ၊ နာမ်ရုပ်တို့၏ ချုပ်ခြင်းကြောင့်။ သဠာယတနနိရောဓော၊ သဠာယတနတို့၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ သဠာယတနနိရောဓာ၊ သဠာယတနတို့၏ချုပ်ခြင်းကြောင့်။ ဖဿနိရောဓော၊ ဖဿ၏ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ ဖဿနိရောဓာ၊ ဖဿ၏ချုပ်ခြင်းကြောင့်။ ဝေဒနာ နိရောဓော၊ ဝေဒနာ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ ဝေဒနာနိရောဓာ၊ ဝေဒနာ၏ချုပ်ခြင်း

ကြောင့်။ တဏှာနိရောဓော၊ တဏှာ၏ ချုပ်ခြင်းသည်။ဟောတိ၊ ၏။ တဏှာနိရောဓာ၊ တဏှာ၏ ချုပ်ခြင်းကြောင့်။ ဥပါဒါနနိရောဓော၊ ဥပါဒါန်တို့၏ချုပ်ခြင်းသည်။ဟောတိ၊၏၊ဥပါဒါနနိရောဓာ၊ ဥပါဒါန်တို့၏ ချုပ်ခြင်းကြောင့်။ ဘဝနိရောဓော၊ ဘဝ၏ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ ဘဝနိရောဓာ၊ ဘဝ၏ ချုပ်ခြင်းကြောင့်။ ဇာတိနိရောဓော၊ ဇာတိ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ ဇာတိနိရောဓာ၊ ဇာတိ၏ချုပ်ခြင်းကြောင့်၊ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာ ပင်ပန်းခြင်း တို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဧဝံ၊ သို့။ ကေဝလဿ၊ ချမ်းသာ အစရှိသည် တို့နှင့် မရောသော။ ဝါ၊ အလုံးစုံသော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစု၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

**အမှာ** ပဋိလုံ အနက်။ ကေဝလသဒ္ဒါ အသံမိဿအနက်၊ သကလအနက်ဟော။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် အလွန် သိမ်မွေ့နက်နဲ ခက်ခဲသော အရာဖြစ်သောကြောင့် အဓိပ္ပါယ်ချဲ၍ ရေးဦးအံ့၊ အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရဖြစ်ရာ၌ အာရမ္မဏ, ပကတူပနိဿယ၊ အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရ ဖြစ်ရာ၌ အာရမ္မဏ, ပကတူပနိဿယ, အနန္တရ, သဟဇာတ၊ အဝိဇ္ဇာကြောင့် အာနေဥ္ဇာဘိသင်္ခါရ ဖြစ်ရာ၌ ပကတူပနိဿယ၊ သင်္ခါရကြောင့် ဝိညာဉ် ဖြစ်ရာ၌ နာနက္ခဏိကကမ္မ, ပကတူပနိဿယ၊ ဤသို့ အစရှိသည်ဖြင့် အကြောင်း အကျိုး အစဉ်မပြတ် ဆက်၍ ဟောရာ၌ သံသရာစက် ဖြစ်ခြင်း အားလျော်သောကြောင့် အနုလုံ မည်၏။ ဤ အနုလုံ၌ အဝိဇ္ဇာ နှင့် ဘဝ တဏှာသည် သံသရာ စက်၏ မူလ အကြောင်းရင်းဖြစ်သောကြောင့် ရထားလှည်းဘီး ပုံတောင်းနှင့်တူ၏။ သင်္ခါရအစ ဇာတိအဆုံးရှိသော ဆယ်ပါးသော တရားသည် ဘဝသုံးပါး၌ မနားမရပ်လှည့်ပတ်သွားလာတတ်သောကြောင့်ရထားလှည်းဘီး ကန့်,ထောက်အပေါင်းနှင့် တူ၏။ ဇရာမရဏသည် ဘဝအဆုံး၌

ဖြစ်သောကြောင့် ရထားလှည်းဘီးအကွပ်,အညှပ်နှင့်တူ၏။ဤအရာ၌ ဇရာအရမှာ ရုပ်နာမ်တို့၏ဌီကိုမယူလင့်။ သွားကျိုးခြင်း, ဆံဖြူခြင်း,အရေတွန့်ခြင်း စသည်တို့ဖြင့် ဖေါက်ပြန်သည်ကိုယူ။ အနုလုံ အမိပ္ပါယ်။ ပဋိလုံအမိပ္ပါယ်ကား ဤသို့တည်း၊ အရဟတ္တမဂ်ဖြင့် ဝဋ်မြစ်မူလ ပြတ်ခြင်းကြောင့် ရှေးအဟိတ် ကံဟောင်းလည်း မီးလောင်သော မျိုးစေ့ကဲ့သို့ ဖြစ်၍ အကျိုးကိုမဖြစ်စေနိုင်။ ဘုရားကို ပူဇော်ခြင်းအစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်သော ပစ္စုပ္ပန်ဘဝ စေတနာသည်လည်း အမြစ်ပြတ်သော သစ်ပင်ကဲ့သို့ဖြစ်၍ အကျိုး ကို မဖြစ်စေနိုင်။ ဤ အမိပ္ပါယ်ကိုရည်၍ အဝိဇ္ဇာဟူသော မောဟ ၏ အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် သင်္ခါရချုပ်သည်။ သင်္ခါရချုပ်ခြင်းကြောင့် အနာဂတ် ပဋိသန္ဓေဝိညာဉ် ချုပ်သည်။ ပဋိသန္ဓေဝိညာဉ် ချုပ်ခြင်းကြောင့် နာမ်ရုပ် အစရှိသော တရား အပေါင်း ချုပ်သည်ဟု ဟောတော်မူသည်။ ဤသို့ ဟောတော် မူသည့်အရာမှာ အကြောင်းတရားတို့သည် ပြီးစေအပ်သောကိစ္စ ကို မပြီးစေသည်ဖြစ်၍ သံသရာဝဋ်ဖြစ်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ် သောကြောင့် ပဋိလုံမည်၏။ ပဋိစ္စသမုပ္ပါဒ် သံသရာစက်ဖြစ်ရာ ချုပ်ရာ၌ အကြောင်းရင်း အကျိုးရင်းကိုရည်၍ လောကိကုသိုလ်, အကုသိုလ်, လောကီဝိပါက် နာမက္ခန္ဓာ, ကမ္မဇရုပ် ကိုသာ ဟောသည်။ လောမဿ အနုရူပံ အနုလောမံ။ ဤအဗျယီဘော သမာသ် ဝိဂြိုဟ်ကား-ဥဒါန်းအဋ္ဌကထာပဌမသုတ်အဘွင့်နှင့်အညီ တည်း။ လောမဿ၊ အဝိဇ္ဇာအစရှိသော ပစ္စည်းတရားအား။ အနု ရူပံ၊ လျော်သည်တည်း။ အနုလောမံ၊ အဝိဇ္ဇာ အစရှိသော ပစ္စည်း တရားအား လျော်သည်။ လောမအရကို အဝိဇ္ဇာ အစရှိသော အကြောင်းကြောင့် သင်္ခါရအစရှိသောအကျိုး၏ ဖြစ်သော အခြင်း အရာကိုယူ။ လောမဿ ပဋိပက္ခံ ပဋိလောမံ။ ဤဝိဂြိုဟ်ကား ဥဒါန်း အဋ္ဌကထာဒုတိယသုတ်အဘွင့်နှင့်အညီတည်း။လောမဿ၊အဝိဇ္ဇာ ချုပ်ခြင်းကြောင့် သင်္ခါရစသည်တို့၏ချုပ်ခြင်း၏။ ပဋိပက္ခံ၊ဆန့်ကျင် ဘက်တည်း။ပဋိလောမံ၊အဝိဇ္ဇာချုပ်ခြင်းကြောင့်သင်္ခါရ စသည်တို့

၏ချုပ်ခြင်း၏ဆန့်ကျင်ဘက်။ လောမအရကို အဝိဇ္ဇာအစရှိသည့်တို့၏ချုပ်ခြင်းကြောင့် သင်္ခါရစသည်တို့၏ ချုပ်ခြင်းကိုယူ။ အနုလောမ ပဋိလောမန္တိ ဘာဝနပုံသကနိဒ္ဒေသော၊ ဝိသမံစန္ဒိမသူရိယာ ပရိဝတ္တန္တီတိ အာဒီသုဝိယ။ ဥဒါန်းအဋ္ဌကထာ, တေရသကဏ္ဍဋီကာ။ ဘာဝနပုံသကနိဒ္ဒေသော၌ ဘာဝ ဟူသည် ကြိယာ၊ နပုံသက ဟူသည် နပုံလိင်၊ ကြိယာကိုအထူးပြုတတ်သော နပုံလိင်ဖြစ်သော ပုဒ် ဆိုလိုသည်။ ထိုပုဒ်ကို ကာရကဝိဘတ်သံမပေါ်စေဘဲ အနက်ပေးရမြဲ။ ထို့ကြောင့် အနုလောမ ပဋိလောမံ၊ အနုလုံပဋိလုံ၊ ဝိသမံ၊ မညီမညွတ်-ဟု ကာရကဝိဘတ်သံ မပေါ်စေဘဲ အနက်သမွန်ရသည်။ အနုလောမန္တိ အဝိဇ္ဇာပစ္စယာသင်္ခါရာတိအာဒိနာ နယေန ဝုတ္တော အဝိဇ္ဇာဒိကော ပစ္စယာကာရော အတ္တနာကတ္တဗ္ဗကိစ္စကရဏတော အနုလောမောတိဝုစ္စတိ။ အထဝါ အာဒိတော ပဋ္ဌာယ အန္တံ ပါပေတွာ ဝုတ္တတ္တာ ပဝတ္တိယာဝါ အနုလောမနတော အနုလောမံ၊ ဥဒါန်းပါဠိတော် ဗောဓိဝဂ်ပဌမသုတ်အဖွင့်အဋ္ဌကထာ။ ပဋိလောမန္တိ အဝိဇ္ဇာ နိရောဓာ သင်္ခါရနိရောဓောတိ အာဒိနာ နယေန ဝုတ္တော အဝိဇ္ဇာဒိကောယေဝ ပစ္စယာကာရော အနုပ္ပါဒနိရောဓေန နိရုဇ္ဈမာနော အတ္တနော ကတ္တဗ္ဗကိစ္စဿ အကရဏတော ပဋိလောမောတိ ဝုစ္စတိ၊ ပဝတ္တိယာ ဝါ ဝိလောမနတော ပဋိလောမော။ အန္တတော ပန မဇ္ဈတော ဝါ ပဋ္ဌာယ အာဒိံ ပါပေတွာ အဝုတ္တတ္တာ ဣတောအညေနဋ္ဌေနေ့ဿ ပဋိလောမတာ နယုဇ္ဇတိ။ ပဋိလောမန္တိစ ဝိသမံစန္ဒိမသူရိယာ ပရိဝတ္တန္တီတိ အာဒီသု ဝိယ ဘာဝနပုံသကနိဒ္ဒေသော၊ ဥဒါန်းပါဠိတော် ဥဒါန်းဝဂ် ဒုတိယသုတ် အဖွင့်အဋ္ဌကထာ။ လောမဿ ကမဿ အနုရူပံ အနုလောမံ၊ ယထာဝုတ္တမေ၊ သဒ္ဒတ္ထထောမဟာနိဓိအဘိဓာန်။ လောမဿ ကမဿ၊ အစဉ်အား။ အနုရူပံ၊ လျော်သည်တည်း။ အနုလောမံ၊ သည်။ အယံ၊ ဤအနုလောမသဒ္ဒါသည်။ ယထာဝုတ္တမေ၊ အစဉ်အား လျော်သည်၌။ ဝါ၊ လျော်သောအစဉ်၌။ ဘာဝေ၊ ဖြစ်၏။ ပဋိဂတံ လောမံ အနုကုလံအသ္မာတိ ပဋိလောမံ၊ ဝါမေ ဝိပရိတေ။ သဒ္ဒတ္ထ

ထောမ မဟာနိမိ အဘိဓာန်။ အဿွာ၊ ထို ပဋိလုံမှ။ ပဋိဂတံ၊ ဆန့်ကျင်ဘက်ဖြစ်သော။ လောမံ-အနုကုလျှံ၊ လျော်သည်၏အဖြစ် သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ကြောင့်။ ပဋိလောမံ၊ မည်၏။ အယံ၊ ဤပဋိလောမသဒ္ဒါသည်။ ဝါမေ၊ လက်ဝဲ၌။ ဝိပရိတေ၊ ဖောက်ပြန်သော အစဉ်၌ လည်းကောင်း။ ဝါ၊ ပဋိလုံ၌ လည်းကောင်း။ ဘဝေ၊ ဖြစ်၏။ ပဋိလောမော ဝါမံ ဝိပရိတက္ကမောစ၊ သဒ္ဒတ္ထမုတ္တာဝလီအဘိဓာန်။ ဝါမံစ၊ လက်ဝဲသည်လည်းကောင်း။ ဝိပရိတက္ကမော စ၊ ဖောက်ပြန်သော အစဉ်သည်လည်းကောင်း။ ပဋိ-လောမော၊ မည်၏။

*အထခေါ၊ ထိုပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံအားဖြင့် နှလုံးသွင်းတော်မူသောအခါ၌။ ဘဂဝါ၊ သည်။ ဧတမတ္ထံ၊ ထိုဖြစ်ခြင်း ချုပ်ခြင်း၏အကြောင်းကို။ ဝိဒိတွာ၊ သိတော်မူ၍။ တာယံဝေလာယံ၊ ထိုသိတော်မူသောအခါ၌။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ ။ပ။ သဟေတုဓမ္မန္တိ၊ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ ။ပ။ သဟေတုဓမ္မံ-ဟူ၍။ ဣမံ ဥဒါနံ၊ ဤနှစ်သက်ဝမ်းမြောက်သောစကားကို။ ဥဒါနေသိ၊ မြွက်တော်မူ၏။

အာတာပိနော၊ ကိလေသာကို ပူပန်စေတတ်သောလုံ့လရှိထသော။ ဈာယတော၊ မကောင်းမှုကို ဖုတ်ကြည်းပြီးထသော။ဗြာဟ္မဏဿ၊ မကောင်းမှုကိုအပပြုပြီးထသော။ ခီဏာသဝဿ၊ ရဟန္တာ ပုဂ္ဂိုလ်အား။ ယဒါ၊ အကြင်အခါ၌။ ဟဝေ၊ ထင်စွာ။ ဝါ၊ စင်စစ် သဖြင့်။ ဓမ္မာ၊ သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယ တရားတို့သည်။ ဝါ၊ သစ္စာလေးပါးတရားတို့သည်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ အထ၊ ထိုသို့ ထင်ရှားဖြစ်သောအခါ၌။ ယတော-ယသ္မာကာရဏာ၊ ကြောင့်။ သဟေတုဓမ္မံ၊ အကြောင်းနှင့်တကွဖြစ်သော ပဋိစ္စသမုပ္ပါဒ် တရားကို။ ပဇာနာတိ၊ အပြားအားဖြင့် သိ၏။ တတော-တသ္မာကာရဏာ၊ ကြောင့်။ အဿ-ခီဏာသဝဿ၊ ထို ရဟန္တာ ပုဂ္ဂိုလ်အား။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ကင်္ခါ၊ တဆဲ့

ခြောက်ပါးသော ယုံမှားခြင်းတို့သည်။ ဝပယန္တိ၊ ကင်းကုန်၏။ (ချုပ်ကုန်၏ ဟုလည်းပေး)။

အမှာ

တဆဲ့ခြောက်ပါးသော ယုံမှားခြင်း ဟူသည်ကား- အဟောသိံ နုခေါ အဟံ အတီတမဒ္ဓါနံ၊ ငါကား ရှေး၌ ဖြစ်ဘူးပြီလောဟု ယုံမှားသည်လည်း တပါး။ နနုခေါ အဟောသိံ၊ ငါကား ရှေး၌မဖြစ်ဘူးလောဟု ယုံမှားသည်လည်း တပါး။ ကိံ နုခေါအဟောသိံ၊ ငါကားရှေး၌ မင်းဖြစ်ဘူးသလော ပုဏ္ဏားဖြစ်ဘူးသလော အစရှိသည်ဖြင့် ယုံမှားသည်လည်းတပါး။ ကထံနုခေါအဟောသိံ၊ ငါကား ရှေး၌ မြင့်သောသူ နိမ့်သောသူ ဖြစ်ဘူးသလောဟု ယုံမှားသည်လည်း တပါး။ ကိံ ဟုတွာ ကိံ အဟောသိံ၊ ရှေး၌မင်းဖြစ်၍ပုဏ္ဏားဖြစ်သလော အစရှိသည်ဖြင့် ယုံမှားသည်လည်းတပါး။ အတိတ်ကာလ၌ ငါးပါး။ ဘဝိဿာမိ နုခေါ အဟံ အနာဂတမဒ္ဓါနံ၊ ငါကားနောက်ကာလ၌ ဖြစ်လတ္တံ့လောဟု ယုံမှားသည်လည်းတပါး။ နနုခေါ ဘဝိဿာမိ၊ ငါကား နောက်ကာလ၌ မဖြစ်လတ္တံ့လောဟု ယုံမှားသည်လည်း တပါး။ ကိံ နုခေါ ဘဝိဿာမိ၊ ငါကား နောက်ကာလ၌ မင်းဖြစ်လတ္တံ့လော ပုဏ္ဏားဖြစ်လတ္တံ့လော အစရှိသည်ဖြင့် ယုံမှားသည်လည်း တပါး။ ကထံ နုခေါ ဘဝိဿာမိ၊ ငါကား နောက်ကာလ၌ မြင့်သောသူ ဖြစ်လတ္တံ့လော အစရှိသည်ဖြင့် ယုံမှားသည်လည်း တပါး။ ကိံ ဟုတွာ ကိံ ဘဝိဿာမိ နုခေါ အနာဂတမဒ္ဓါနံ၊ ငါကား နောက်ကာလ၌ ပုဏ္ဏားဖြစ်၍ မင်းဖြစ်လတ္တံ့လော အစရှိသည်ဖြင့် ယုံမှားရှိသည်လည်း တပါး။ အနာဂတ်ကာလ၌ ငါးပါး။ အဟံ နုခေါ အသ္မိ၊ ငါဖြစ်၏လောဟု ယုံမှားသည်လည်းတပါး။ နော နုခေါ အသ္မိ၊ ငါမဖြစ်လောဟု ယုံမှားသည်လည်းတပါး။ ကိံ နုခေါ အသ္မိ၊ မင်းဖြစ်လျက် မင်းဟုတ်ပါ၏လော အစရှိသည်ဖြင့် ယုံမှားရှိသည်လည်းတပါး။ ကထံ နုခေါ အသ္မိ၊ ငါသည် မြင့်သလော နိမ့်သလော အစရှိသည်ဖြင့် ယုံမှားသည်လည်းတပါး။ ကုတော အာဂတော၊ ငါကား အဘယ်မှလာသနည်း ဟု ယုံမှားသည်လည်း

တပါး။ ကုဟိံ ဂါမိ ဘဝိဿာမိ၊ ငါကား အဘယ်သို့သွားလတ္တံ့နည်းဟု ယုံမှားသည်လည်းတပါး။ ပစ္စုပ္ပန်ကာလ၌ ခြောက်ပါး။ ဤသို့အားဖြင့် ယုံမှားခြင်း တဆယ့်ခြောက်ပါး ဖြစ်သတည်း။

၂။ အထခေါ၊ ထိုသို့ပဋိစ္စသမုပ္ပါဒ်ကို နှလုံးသွင်းသောအခါ၌။ ဘဂဝါ၊ သည်။ ရတ္တိယာ၊ ညဉ့်၏။ မဇ္ဈိမံယာမံ၊ သန်းခေါင်ယာမ်ပတ်လုံး။ ပဋိစ္စသမုပ္ပါဒံ၊ ပဋိစ္စသမုပ္ပါဒ်ကို။ အဝိဇ္ဇာပစ္စယာသင်္ခါရာ ။ပ။ နိရောဓော ဟောတီတိ၊ အဝိဇ္ဇာပစ္စယာသင်္ခါရာ ။ပ။ နိရောဓော ဟောတိ-ဟူ၍။ အနုလောမပဋိလောမံ၊ အနုလုံပဋိလုံ။ မနသာကာသိ၊ ၏။ အထခေါ၊ ထိုသို့ နှလုံးသွင်းတော်မူသောအခါ၌။ ဧတမတ္ထံ၊ ထိုသံသရာစက်၏ ဖြစ်ခြင်း ချုပ်ခြင်း အကြောင်းကို။ ဝိဒိတွာ၊ သိတော်မူ၍။ တာယံဝေလာယံ၊ ထိုအခါ၌။ ယဒါ ဟဝေ ။ပ။ အဝေဒီတိ၊ ဟူ၍။ ဣမံဥဒါနံ၊ ကို။ ဥဒါနေသိ၊ ၏။

အာတာပိနော၊ ရှိသော။ပ။ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်အား။ ယဒါ၊ အကြင်အခါ၌။ ဟဝေ၊ ထင်စွာ။ ဓမ္မာ၊ တို့သည်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ အထ၊ ထိုသို့ထင်ရှားဖြစ်သောအခါ၌။ ယတော-ယသ္မာကာရဏာ၊ ကြောင့်။ ပစ္စယာနံ၊ အဝိဇ္ဇာအစရှိသောအကြောင်းတရားတို့၏။ ခယံ၊ ကုန်ရာကုန်ကြောင်းဖြစ်သော နိဗ္ဗာန်ကို။ အဝေဒိ၊ သိတော်မူ၏။ တတော-တသ္မာကာရဏာ၊ ကြောင့်။ အဿခီဏာသဝဿ၊ အား။ သဗ္ဗာ၊ ကုန်သော။ ကင်္ခါ၊ တို့သည်။ ဝပယန္တိ၊ ကင်းကုန်၏။

(ဝပယန္တိ၌ ဝိ အပ ယန္တိပုဒ်ဖြတ်၊ ဣကို ချေ။ သာရတ္ထဒီပနီ၊ ဝိမတိဝိနောဒနီ အလိုအားဖြင့် အပယန္တိပုဒ်ဖြတ်။ ဝကားအာဂုံ)။

အထခေါ၊ ထိုပဋိစ္စသမုပ္ပါဒ်ကိုနှလုံးသွင်းသောအခါ၌။ ဘဂဝါ၊ သည်။ ရတ္တိယာ၊ ၏။ ပစ္ဆိမံယာမံ၊ ပစ္ဆိမယာမ်ပတ်လုံး။ ပဋိစ္စသမုပ္ပါဒံ၊ ပဋိစ္စသမုပ္ပါဒ်ကို။ အဝိဇ္ဇာပစ္စယာသင်္ခါရာ။ပ။ နိရောဓော ဟောတီတိ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ပ။ နိရောဓော ဟောတိ-ဟူ၍။ အနုလောမပဋိလောမံ၊ အနုလုံပဋိလုံ။ မနသာကာသိ၊ ၏။

၃၊ အထခေါ၊ထိုသို့ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံနှလုံးသွင်းတော်မူသောအခါ၌။ ဘဂဝါ၊ သည်။ ဧတမတ္ထံ၊ ယိုဖြစ်ခြင်းချုပ်ခြင်း၏ အကြောင်းကို။ ဝိဒိတွာ၊ ၍။ တာယံဝေလာယံ၊ ၌။ ယဒါဟဝေပါတုဘဝန္တိဓမ္မာ။ပ။ဩဘာသယမန္တလိက္ခန္တိ၊ ကွံ့ဟူ၍။ ဣမံဥဒါနံ၊ ဤဥဒါန်းကို။ ဥဒါနေသိ၊ မြွက်တော်မူ၏။

အာတာပိနော၊ ထသော။ပ။ ဒိဏ္ဏာသဝဿ၊အား။ ယဒါ၊၌။ ဟဝေ၊ ဧွာ။ ဓမ္မာ၊ တို့သည်။ ပါတုဘဝန္တိ၊ ကုန်၏။ အထ၊ ၌။ အန္တလိက္ခံ၊ ကောင်းကင်ကို။ ဩဘာသယံ-ဩဘာသယန္တော၊ အရောင်ဖြင့်ထွန်းတောက်ပသော။သူရိယော၊နေ့သည်။အန္ဓကာရံ၊ အမိုက်တိုက်ကို။ ဝိဓမေန္တော၊ ပယ်ဖျောက်လျက်။ တိဋ္ဌတိဣဝ၊ တည်သကဲ့သို့။ သောဒိဏ္ဏာသဝေါ၊သည်။ မာရသေနံ၊ ဆယ်ပါးသော မာရ်စစ်သည်ကို။ ဝိဓူပယံ ဓူပယန္တော၊ ဖျက်ဆီးလျက်။ တိဋ္ဌတိ၊ တည်၏။

အမှာ

မာရ်ဆယ်ပါး ဟူသည်ကား - ကာမဂုဏ်ငါးပါးတို့၌ တပ်တတ်သော ကာမရာဂ မာရ်လည်းတပါး၊ ဆိတ်ငြိမ်သောအရပ်၌ မမွေ့လျော်ခြင်း ကုသိုလ်ကောင်းမှုတို့၌ မမွေ့လျော်ခြင်းဟု ဆိုအပ်သော အရတိမာရ်လည်းတပါး၊ မွတ်သိပ်ဆာလောင်ခြင်းတို့ဖြင့် နှိပ်စက်ခြင်းဟု ဆိုအပ်သော ခုပ္ပိပါသမာရ်လည်း တပါး၊ မွတ်သိပ်ဆာလောင်ခြင်း နှိပ်စက်သောအခါ ပစ္စည်းကို ရှာမှီးလိုသော တဏှာမာရ်ဖြစ်သည်လည်း တပါး၊ အိပ်မွေ့ငိုက်မျည်းခြင်းဟု ဆိုအပ်သော ထိနမိဒ္ဓမာရ်လည်း တပါး၊ ကြောက်ခြင်းဟု ဆိုအပ်သော ဘီရုမာရ်လည်းတပါး၊ ယုံမှားခြင်းဟု ဆိုအပ်သော ဝိစိကိစ္ဆာမာရ်လည်းတပါး၊ ကျေးဇူးချေခြင်း နိုင်မာခြင်းဟု ဆိုအပ်သော မက္ခထမ္ဘမာရ်လည်းတပါး၊ လာဘ်များခြင်း, ကျော်စောခြင်း ပူဇော်သက္ကာရကို ငဲ့ခြင်း,ယုတ်မာသောအားဖြင့် ရအပ်သော ကျော်စောခြင်းဟု၊ ဆိုအပ်သော လာဘသိလောက,သက္ကာရ, မိစ္ဆာလဒ္ဓ, မာရ်လည်းတပါး၊ မိမိကိုယ်ကိုချီး

မြောက်ခြင်း,သူတပါးကိုမထေမဲ့မြင်ပြုခြင်းဟုဆိုအပ်သောအတ္တုက္ကံသန ပရဝမ္ဘနမာရှိလည်း တပါး၊ ဤသို့အားဖြင့် ဆယ်ပါးတည်း။ ထိုဆယ်ပါးသည် မာရ်န**တ်မင်း၏ စစ်**သည်နှင့် တူသောကြောင့် မာရသေနမည်သည်။ **ဥဒါန်းသုံးပါးတွင်** ပဌမဥဒါန်းသည် ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်သော**အခါ၌ ဖြစ်၏၊** ဒုတိယ ဥဒါန်းသည် နိဗ္ဗာန်ကိုဆင်ခြင်သောအခါ၌ဖြစ်၏။ တတိယဥဒါန်းသည် မဂ်ကို ဆင်ခြင်သောအခါ၌ဖြစ်၏။ဥဒါန်းဟူသည်ကား ပီတိသောမနဿအဟုန်ကြောင့် အတွင်း၌မတည်မူ၍ ပြင်သို့ထွက်သော စကားအထူးတည်း။ ပီတိဝေဂသမုဋ္ဌာပိတော ဥဒါဟာရော၊ သာရတ္ထဒီပနီ။ သက္ကရာဇ် တရာ့သုံးခု ကဆုန်လပြည့် ပစ္ဆိမယာမ် အရုဏ်တက်လုဆဲဆဲ၌ ဘုရားအဖြစ်သို့ရောက်၍ အပရာဇိတပလ္လင်ထက်၌ နေတော်မူသည်ခုနစ်ရက်,သဗ္ဗညုတဉာဏ်ကိုရသည်နှင့် နေအရုဏ်တက်သည်ကို တပြိုင်နက်မယူလင့်။ ယူငြားအံ့ အရုဏ်ကို နောက်ရက်သို့ သွင်း၍ လပြည့်ကျော်တရက်နေ့မှ ဘုရားဖြစ်သည်ဟု ယူရာသည်။ထိုနောင် ပလ္လင်မှ အရှေ့စဉ်းငယ်ယွန်းသော မြောက်အရပ်အဘို့၌ ရပ်တော်မူလျက် ပါရမီတော်၏ အစွမ်းကြောင့် ရတော်မူအပ်သော ပလ္လင်တော်နှင့် ဗောဓိပင်ကို မမှိတ်သောမျက်စိဖြင့် ကြည့်ရှု၍ နေတော်မူသည် ခုနစ်ရက်, ထိုနောက် ပလ္လင်တော်နှင့် ရပ်တော်မူရာအကြား၌ အရှေ့အနောက်အလျားရှည်သောရတနာစင်္ကြံ၌ စင်္ကြံသွား၍ နေတော်မူသည်ခုနစ်ရက်, စင်္ကြံမှ အနောက်အရပ် ရတနာဃရအိမ်၌ အဘိဓမ္မာခုနစ်ကျမ်းကို သုံးသပ်ဆင်ခြင်၍ နေတော်မူသည်ခုနစ်ရက်, ဗောဓိပင်မှ ထောက်လျှင် ရတနာဃရအိမ် အနောက်မြောက်၊ ပြုအပ်ပြီးသော သတ္တာဟတို့ကား ဗောဓိကထာချည်းတည်း။

ဗောဓိကထာ၊ ဗောဓိကထာသည်။ နိဋ္ဌိတာ၊
ပြီးခြင်းသို့ရောက်ပြီ။

၄။ အထ၊ ထိုရတနာဃရသတ္တာဟ၏ အခြားမဲ့၌။ ဘဂဝါ၊
မြတ်စွာဘုရားသည်။ သတ္တာဟဿ၊ ခုနစ်ရက်၏၊ အစ္စယေန၊
လွန်သဖြင့်။ တမှာသမာဓိမှာ၊ ထိုအရဟတ္တဖိုလ်သမာဓိမှ။ ဝုန္န
ဟိတွာ၊ ထတော်မူ၍။ ဗောဓိရုက္ခမူလာ၊ ဗောဓိပင်၏အနီးမှ။ ယေန၊
အကြင် အရပ်၌။ အဇပါလနိုဂြောဓော၊ အဇပါလပညောင်ပင်
သည်။ အတ္ထိ၊ ၏။ တေန၊ ထိုအဇပါလပညောင်ပင်သို့။ ဥပသင်္ကမိ၊
ကပ်တော်မူ၏။ ဥပသင်္ကမိတွာ၊ ၍။ အဇပါလနိုဂြောဓရုက္ခမူလေ၊
အဇပါလပညောင်ပင်၏အနီး၌။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။
ဝိမုတ္တိသုခံ၊ အရဟတ္တဖိုလ်ချမ်းသာကို။ ပဋိသံဝေဒီ၊ ခံစားတော်
မူလျက်။ ဧကပလ္လင်္ကေန၊ တထက်ဝယ်တည်းဖြင့်။ နိသီဒိ၊ နေတော်
မူ၏။ (အဇပါလ ပညောင်ပင်သည် ဗောဓိပင် အရှေ့)။ အထ-
တသ္မိံ ကာလေ၊ ထိုသို့ နေတော်မူသောအခါ၌။ ဟုံဟုင်္ကဇာတိ
ကော၊ တဟုန်းဟုန်းမာန့်မူတတ်သော သဘောရှိသော။ အညာ
တရော၊ တယောက်သော။ ဝါ၊ အမျိုးအမည်အားဖြင့် မထင်ရှား
သော။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊
သည်။ နိသီဒိ၊ နေတော်မူ၏။ တေန၊ ထို ဘုရားနေတော်မူရာသို့။
ဥပသင်္ကမိ၊ ကပ်၏။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝတာ၊ နှင့်။ သဒ္ဓိံ၊
ကွ။ သမ္မောဒိ၊ နှစ်လိုဝမ်းသာပြောဟော၏။ သမ္မောဒနီယံ၊ နှစ်လို
ဝမ်းသာ ပြောဟောအပ်သော။ သာရဏီယံ၊ အသက်ထက်ဆုံး
အောက်မေ့အပ်သော။ ကထံ၊ စကားကို။ ဝီတိသာရေတွာ၊ ပြီးစေ၍။
ဧကမန္တံ၊ တင့်အပ်လျောက်ပတ်စွာ။ အဋ္ဌာသိ၊ တည်၏။ ဧကမန္တံ၊
တင့်အပ်လျောက်ပတ်စွာ။ ဌိတော၊ တည်ပြီးသော။ သော ဗြာဟ္မ
ဏော၊ ထိုပုဏ္ဏားသည်။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ ဤစကားကို။
အဝေါစ၊ လျှောက်၏။ ကိံ အဝေါစ၊ အဘယ်သို့လျှောက်သနည်း
ဟူမူကား။ ဘောဂေါတမ၊ အို အရှင်ဂေါတမ။ ကိတ္တာဝတာ၊
အဘယ်မျှသော အတိုင်းအရှည်ဖြင့်။ ဗြာဟ္မဏော၊ ဗြာဟ္မဏမည်
သည်။ ဟောတိနုခေါ၊ ဖြစ်သနည်း။ ဗြာဟ္မဏကာရကာ၊ ဗြာဟ္မဏ
အဖြစ်ကို ပြုတတ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ကတမေစပန၊

အဘယ်သည်တို့နည်း။ ဥတိ၊ ဤသို့။ အဝေါစ၊ ၏။ အထခေါ၊ ထို လျှောက်သောအခါ၌။ ဘဂဝါ၊ သည်။ ဧတမတ္ထံ၊ ထိုအကြောင်းကို။ ဝိဒိတွာ၊ သိတော်မူ၍။ တာယံဝေလာယံ၊ ထိုအခါ၌။ ယောဗြာဟ္မဏော ပ။ ကုဟိဉ္စိလောကေတိ။ ကေ-ဟူ၍။ ဣမံဥဒါနံ၊ ဤဥဒါန်းကို။ ဥဒါနေသိ၊ မြွက်တော်မူ၏။

ယောဗြာဟ္မဏော၊ အကြင်ရဟန္တာပုဂ္ဂိုလ်သည်။ ဗာဟိတပါပဓမ္မော၊ အပယ်အပ်ပြီးသော မကောင်းမှု ရှိ၏။ နိဟုံဟုကော၊ တဟုန်းဟုန်း မာန်မူခြင်းအလေ့သဘောမရှိ။ နိက္ကသာဝေါ၊ ကိလေသာဟူသော မာန်လည်းမရှိ။ ယတတ္တော၊ ဘာဝနာစီးဖြန်းခြင်းနှင့်လည်းယှဉ်၏။ (ကိုယ်နှုတ် နှလုံးကိုလည်း စောင့်၏။ ဤသို့လည်း ပေး)။ ဝေဒန္တဂူ၊ မဂ်ဉာဏ်လေးပါးတို့ဖြင့် နိဗ္ဗာန်ဟူသော အဆုံးသို့လည်း ရောက်၏။ ဝါ၊ မဂ်ဉာဏ်တို့၏အဆုံးဖြစ်သော အရဟတ္တဖိုလ်သို့လည်းရောက်၏။ ဝုသိတဗြဟ္မစရိယော၊ သုံးအပ်ပြီးသော မဂ်ဟူသောသီတင်းလည်းရှိ၏။ သောဗြာဟ္မဏော၊ ထိုမကောင်းမှုကို အပယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ ဓမ္မေန၊ ဟုတ်မှန်သော သဘောဖြင့်။ ဗြဟ္မဝါဒံ၊ ငါပုဏ္ဏားဟူသောစကားကို။ ဝဒေယျ၊ ဆိုရာ၏။ ယဿဗြာဟ္မဏဿ၊ အကြင် ရဟန္တာ ပုဂ္ဂိုလ်အား။ လောကေ၊ လူ့အပေါင်း၌။ ကုဟိဉ္စိအာရမ္မဏေ၊ တစုံတခုသော အာရုံ၌။ ဥဿဒါ၊ ရာဂအစရှိသော ကိလေသာတို့၏ ဖြစ်ခြင်း ပြောခြင်းတို့သည်။ နတ္ထိ-နသန္တိ၊ မရှိကုန်။

**အမှာ** ပုဏ္ဏားသည် အနွယ်တော်ကိုသိပြီးဖြစ်၍ ဘောဂေါတမဟု ရှေးဦးမဆွ ခေါ်နိုင်သည်။ သစ္စာတရားကို မဂ်ဉာဏ်ဖြင့် သိရာသောအကြောင်းမရှိသောကြောင့် ပုဏ္ဏားအား တရားမဟောသည်။ အဇပါလမည်ခြင်း အကြောင်းကား ဗေဒင်မန္တန်ကိုရွတ်အံခြင်း၌ မစွမ်းနိုင်သော ပုဏ္ဏားအိုတို့ အိမ်ပြု၍နေရာဖြစ်သောကြောင့်လည်းကောင်း, ထိုမှတပါး ညောင်ပင်အောက်သို့ဝင်သော ဆိတ်တို့ကို အရိပ်ဖြင့်စောင့်ရှောက်တတ်သောကြောင့်

လည်းကောင်း, အဇပါလမည်၏။ အဇပါလသုတ္တာဟ အလုံးစုံ ပြီးပြီ။

အဇပါလကထာ၊ အဇပါလသုတ္တာဟကို ဆိုသော
စကားသည်။ နိဋ္ဌိတာ၊ ပြီးခြင်းသို့ ရောက်ပြီ။

---

၅။ အထပဉ္စာ၊ ထိုနောင်မှ။ ဘဂဝါ၊ သည်။ သတ္တာဟဿ၊ ခုနစ်ရက်၏။ အစ္စယေန၊ လွန်သဖြင့်။ တမှာ သမာဓိမှာ၊ ထိုအရဟတ္တဖိုလ် သမာဓိမှ။ ဝုဋ္ဌဟိတွာ၊ ထတော်မူ၍။ အဇပါလနိဂြောဓရုက္ခမူလာ၊ အဇပါလညောင်ပင်ရင်းမှ။ ယေန၊ အကြင်အရပ်၌။ မုစလိန္ဒော၊ ကျည်းပင်သည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုကျည်းပင်သို့။ ဥပသင်္ကမိ၊ ကပ်၏။ ဥပသင်္ကမိတွာ၊ ကပ်ပြီး၍။ မုစလိန္ဒမူလေ၊ ကျည်းပင်၏အနီး၌။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဝိမုတ္တိသုခံ၊ အရဟတ္တဖိုလ်ချမ်းသာကို။ ပဋိသံဝေဒီ၊ ခံစားတော်မူလျက်။ ဧကပလ္လင်္ကေန၊ တထက်ဝယ်တည်းဖြင့်။ နိသီဒိ၊ နေတော်မူ၏။ (မုစလိန္ဒော ဝုတ္တံ နိမ္ဗရုက္ခော၊ ဝိမတိဝိနောဒနီ။ ဤဋီကာ အလိုအားဖြင့် မုစလိန္ဒကို တမာသမ္ဘန်။ ထိုသစ်ပင်သည် ဗောဓိပင်၏ အရှေ့တောင်)။ တေနခေါ ပနသမယေန၊ ထိုသို့ နေတော်မူသော အခါ၌။ မဟာအကာလမေဃော၊ အခါမဲ့ထန်စွာသော မိုးကြီး သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ သတ္တာဟဝဒ္ဒလိကာ၊ ခုနစ်ရက် ခစွသော မိုးရှိ၏။ သီတဝါတဒုဒ္ဒိနီ၊ ချမ်းသောလေဖြင့် နှိပ်စက် ခသာနေ့ရှိ၏။ အထခေါ၊ ထိုအခါ၌။ မုစလိန္ဒော၊ မုစလိန္ဒ အမည် ရှိသော။ နာဂရာဇာ၊ နဂါးမင်းသည်။ သကဘဝနာ၊ မိမိဗိမာန်မှ။ နိက္ခမိတွာ၊ ထွက်ခဲ့၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ကာယံ၊ ကိုယ်တော်ကို။ သတ္တက္ခတ္တုံ၊ ခုနစ်ကြိမ်။ ဘောဂေဟိ၊ အခွေတို့ဖြင့်။ ပရိက္ခိပိတွာ၊ ပတ်ရံ၍။ ဥပရိမုဒ္ဓနိ၊ ထိပ်တော်၏အထက်၌။ မဟန္တံ၊ ကြီးစွာခသာ။ ဖဏံ၊ ပါးပျဉ်းကို။ ကရိတွာ၊ ဖြန့်မိုး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ သီတံ၊ အချမ်းသည်။ မာဗာဓေယိတ္ထ၊ မညှဉ်းဆဲ ခစလင့်။ ဘဂဝန္တံ၊ ကို။ ဥဏှံ၊ အပူသည်။ မာဗာဓေယိတ္ထ၊ မညှဉ်းဆဲ

စေလင့်။ ခုံသ မကာသဝါတာတပသရိသပသမ္ဖဿေသာ၊ ခြင်, မှက်, လေ, နေပူ, မြွေ, ကင်း သန်းတို့၏ ကိုက်ခဲ ထိပါးခြင်းဟု ဆိုအပ်သော အတွေ့သည်။ မာဗာဓယိတ္ထ၊ မညှဥ်းဆဲစေလင့်။ ဇုတိမနသိကတွာ၊ ဤသို့နှလုံးပြု၍။ အဋ္ဌာသိ၊ တည်၏။ အထခေါ၊ ၌။ မုစလိန္ဒော၊ မုစလိန္ဒအမည်ရှိသော။ နာဂရာဇာ၊ နဂါးမင်းသည်။ သတ္တာဟဿ၊ ၏။ အစ္စယေန၊ ဖြင့်။ ဝိဒ္ဓံ-ဥဗ္ဗိဓံ၊ မြင့်သော။ ဝိဂတဝလာဟကံ၊ ကင်းသောတိမ်တိုက် ရှိသော။ ဒေဝံ-အာကာသံ၊ ကောင်းကင်ကို။ ဝိဒိတွာ၊ သိ၍။ ဘဂဝတော၊ ၏။ ကာယာ၊ ကိုယ်တော်မှ။ ဘောဂေ၊ အခွေတို့ကို။ ဝိနိဝေဌေတွာ၊ ဖြေ၍။ သကဝဏ္ဏံ၊ မိမိအသွင်ကို။ ပဋိသံဟရိတွာ၊ ပယ်ဖျောက်၍။ မာဏဝကဝဏ္ဏံ၊ လုလင်၏အသွင်ကို။ အဘိနိမ္မိနိတွာ၊ ဖန်ဆင်း၍။ ဘဂဝတော၊ ၏။ ပုရတော၊ ရှေ့တော်မှ။ ပဉ္စလိကော၊ လက်အုပ်ချီလျက်။ ဘဂဝန္တံ၊ ကို။ နမဿမာနော၊ ရှိခိုးလျက်။ အဋ္ဌာသိ၊ တည်၏။ (ဤနဂါးသည် ကျည်းပင်၏အနီး ကန်၌နေသောကြောင့် မုစလိန္ဒမည်သည်)။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ ဧတမတ္ထံ၊ ထိုအကြောင်းကို။ ဝိဒိတွာန၊ သိတော်မူ၍။ တာယံဝေလာယံ၊ ထိုအခါ၌။ သုခေါဝိဝေကော တုဋ္ဌဿ။ပေ။ ပရမံသုခန္တိ၊ ခံဟူ၍။ ဣမံဥဒါနံ၊ ကို။ ဥဒါနေသိ၊ ကျူးရင့်တော်မူ၏။

တုဋ္ဌဿ၊ လေးပါးသော မဂ်ဉာဏ်တည်းဟူသော ရောင့်ရဲခြင်းဖြင့် ရောင့်ရဲထသော။ သုတဓမ္မဿ၊ ထင်ပြီးသော သစ္စာလေးပါးတရားရှိထသော။ ပဿတော၊ ပညာမျက်စိဖြင့် ခပ်သိမ်းသောတရားတို့ကိုမြင်ပြီးထသော။ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်အား။ ဝိဝေကော၊ နိဗ္ဗာန်ဟုဆိုအပ်သော ဝိဝေကသည်။ သုခေါ၊ ချမ်းသာ၏။ လောကေ၊ လူအပေါင်း၌။ အဗျာပဇ္ဇံ၊ အမျက်မရှိသည်၏အဖြစ်သည်၊ သုခံ၊ ၏၊ ပါဏဘူတေသု၊ သတ္တဝါအပေါင်းတို့၌။ သံယမော၊ မညှဥ်းဆဲသည်၏ အဖြစ်သည်။ သုခေါ၊ ၏။

လောကေ၊ ၌။ ကာမာနံ၊ ကာမဂုဏ်တို့ကို။ သမတိက္ကမော၊ လွန်မြောက်ခြင်းဟုဆိုအပ်သော၊ ဝိရာဂတာ၊ ရာဂကင်းသည်၏ အဖြစ်

သည်။သုခါ၊၏။အသ္မိမာနသ်ား၊ငါဟူသောမာန်ကို။ယောဝိနယော၊ အကြင်ဆုံးမခြင်းသည်။ အတ္ထိ၊၏။ ဧတံဝိနယနံ၊ ထိုဆုံးမခြင်းသည်။ ဝေ၊ စင်စစ်။ပရမံ၊မြတ်သော။ သုခံ၊ချမ်းသာတည်း။(သုခ ငါးပါး တွင် ပဥ္စမသုခဖြင့် ဥပမိဝိဝေကကို ပြသည်။ နောက်လေးချက်မှာ အစဉ်အတိုင်း မဂ်လေးပါးသုခကို ပြသည်။ ဝဇိရဗုဒ္ဓိ)။

မုစလိန္ဒကထာ၊ မုစလိန္ဒသတ္တာဟကို ဆိုသော စကားသည်။ နိဋ္ဌိတာ၊ပြီးခြင်းသို့ ရောက်ပြီ။

---

၆။ အထ-ပဉ္စာ၊ထိုနောင်မှ။ဘဂဝါ၊သည်။ သတ္တာဟဿ၊၏။ အစ္စယေန၊ ဖြင့်။ တမှာသမာဓိမှာ၊ မှ။ ဝုဋ္ဌဟိတွာ၊ ၍။ မုစလိန္ဒ မူလာ၊ မှ။ ယေန၊ အကြင်အရပ်၌။ ရာဇာယတနံ၊ လင်းလွန်းပင် သည်၊ အတ္ထိ၊ရှိ၏။ တေန၊ သို့။ ဥပသင်္ကမိ၊ ၏။ ဥပသင်္ကမိတွာ၊၍။ ရာဇာယတနမူလေ၊ လင်းလွန်းပင်၏ အနီး၌။ သတ္တာဟံ၊ လုံး။ ဝိမုတ္တိသုခံ၊ ကို။ ပဋိသံဝေဒီ၊လျက်။ ဧကပလ္လင်္ကေန၊ဖြင့်။နိသီဒိ၊၏။

**အမှာ** ရာဇာယတနံ ပါဠိလိ၊ ဝဇိရဗုဒ္ဓိ။ ပါဠိလိ၊ သခွတ်။ ဝါ၊ သံသတ်။ နှစ်နည်းသမ္ဘန်။ ထိုသစ်ပင်သည် ဗောဓိပင်မှ တောင်။ ရာဇာယတန၌ ခုနစ်ရက်မြောက်သောအခါ ဆနာသ္ကိဆွမ်းကို ဘုဉ်းပေးသည်မှ လေးဆယ့်ကိုးရက်မြောက်ပြီ။ ထိုနေ့၌ ဘောဇဉ်ကိုမှီဝဲချိန်ကာလရောက်သည်ကိုသိကြားနတ်မင်း သိ၍ ဆေးဖြစ်သော ကြဖ့သီး, ဒန်ပူ, မျက်နှာသစ်ရေကို ကပ်လှူ လာသည်ဟူလို။

* တေန ခေါ်ပန သမယေန၊ ထို ရာဇာယတနသတ္တာဟတွင် နေတော်မူသော အခါ၌။ တပုဿဘလ္လိကာ၊ တပုဿအမည် ဘလ္လိကအမည် ရှိကုန်သော။ ဝါဏိဇာ၊ ကုန်သည်ညီနောင်တို့ သည်။ ဥက္ကလာ၊ ဥက္ကလာအမည်ရှိသော ဇနပုဒ်မှ။ တံဒေသံ၊ ထိုမြတ်စွာဘုရားနေတော်မူရာမဇ္ဈိမဒေသသို့။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နာ၊ အဝွန်ရှည်သော ခရီးကို သွားကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အထခေါ၊ ၌။ တပုဿဘလ္လိကာနံ၊ တပုဿဘလ္လိက အမည်ရှိကုန်

သော။ ဝါဏိဇာနံ ကုန်သည်ညီနောင်တို့၏။ ဉာတိသာလောဟိ
တာ၊ မိမျိုးဘမျိုးဖြစ်ခဲ့ဘူးသော။ ဒေဝတာ၊ ဘုမ္မစိုဝ်းနတ်သည်။
(ငါးခုမြောက်ဘဝ၌ အမိဖြစ်ခဲ့ဘူးသောနတ်ဟု ကောဂ်တ္တိုရ်အဋ္ဌ
ကထာ၌ပြသည်)။ တပုဿဘလ္လိကေ၊ တပုဿဘလ္လိကအမည်
ရှိကုန်သော။ ဝါဏိဇေ၊ ကုန်သည်ညီနောင်တို့ကို။ ဧတံဝစနံ၊ ဤ
စကားကို။ အဝေါစ၊ ဆို၏။ မာရိသာ၊ အချင်းကုန်သည်တို့။
အယံ ဘဂဝါ၊ ဤမြတ်စွာဘုရားသည်။ ရာဇာယတန မှုလေ၊
လင်းလွန်းပင်၏အနီး၌။ အဘိသမ္ဗုဒ္ဓေါ၊ ဘုရားဖြစ်၍။ ပဌမံ၊
ရှေးဦးစွာ။ ဝိဟရတိ၊ ၏။ တုမှေ၊ သင်တို့သည်။ ဂစ္ဆထ၊ သွားကြ
ကုန်လော့။ တံဘဂဝန္တံ၊ ထိုမြတ်စွာဘုရားကို။ မန္ထေန စ၊ မဖွဲ့မဆုပ်
အပ်သော မုံ့ကြွက်ကျစ်ဖြင့်လည်းကောင်း။ မဓုပိဏ္ဍိကာယ စ၊ ဖွဲ့ဆုပ်
အပ်သော ပျားဆုပ်ဖြင့်လည်းကောင်း။ ပတိမာနေထ၊ လုပ်ကျွေး
ကြကုန်လော့။ တံပတိမာနနံ၊ ထိုလုပ်ကျွေးခြင်းသည်။ ဝေါ-တုမှာ
ကံ၊ သင်တို့အား။ ဒီဃရတ္တံ၊ ရှည်စွာသော နေ့ညဉ့်ပတ်လုံး။ ဟိ
တာယ၊ အကျိုးစီးပွားဖြစ်ခြင်းငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။
ဘဝိဿတိ၊ ဖြစ်အံ့သတည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ ဆို၏။
အထခေါ၊ ထိုသို့ ဘုမ္မစိုဝ်းနတ်ဆိုသောအခါ၌။ တပုဿဘလ္လိကာ၊
အမည်ရှိကုန်သော။ ဝါဏိဇာ၊ တို့သည်။ မန္ထဉ္စ၊ ကိုလည်းကောင်း။
မဓုပိဏ္ဍိကဉ္စ၊ ကိုလည်းကောင်း။ အာဒါယ၊ ယူ၍။ ယေန၊ အကြင်
အရပ်၌။ ဘဂဝါ၊ သည်။ အတ္ထိ၊ ၏။ တေန၊ ထိုဘုရားရှိတော်
မူရာသို့။ ဥပသင်္ကမိံသု၊ ကုန်၏။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝန္တံ၊ ကို။
အဘိဝါဒေတွာ၊ အလွန် ရှိသေစွာ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်
လျောက်ပတ်သောအရပ်၌။ အဋ္ဌံသု၊ ကုန်၏။ ဧကမန္တံ၊ တင်အပ်
လျောက်ပတ်စွာ။ ဌိတာခေါ၊ ရပ်ကုန်ပြီးသော။ တပုဿဘလ္လိကာ၊
အမည်ရှိကုန်သော။ ဝါဏိဇာ၊ တို့သည်။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊
ကို။ အဝေါစုံ၊ လျှောက်ကုန်၏။ ကိံ အဝေါစုံ၊ ဟူမူကား။ (ထည့်)။
ဘန္တေ၊ အရှင်ဘုရား။ ဘဂဝါ၊ သည်။ နော အမှာကံ၊ အကျွန်ုပ်တို့၏။
မန္ထဉ္စ၊ ကိုလည်းကောင်း။ မဓုပိဏ္ဍိကဉ္စ၊ ကိုလည်းကောင်း။ ပဋိဂ္ဂဏှာ

တု၊ခံတော်မူပါလော့။ ယံပဋိဂ္ဂဟဏံ၊ အကြင်ခံတော်မူခြင်းသည်။ ဘဝိဿတိ။ဖြစ်အံ့။တံပဋိဂ္ဂဟဏံ၊ သည်။အမှာကံ၊ အကျွန်ုပ်တို့အား။ ဟိတာယ၊ အကျိုးစီးပွားဖြစ်ခြင်းငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။ အဿ၊ဖြစ်၏။ ဣတိ၊ဤသို့။ အဝေါစုံ၊လျှောက်ကုန်၏။ အထခေါ၊ ထိုသို့လျှောက်သောအခါ၌။ဘဂဝတော၊အား။တေံ-ပရိဝိတက္ကန္နံ၊ ဤသို့သောအကြံသည်။ အဟောသိ၊၏။ တထာဂတာ၊ဝိပဿီအစ ရှိသော ရှေးဘုရားတို့သည်။ ဟတ္ထေသု၊လက်တို့ဖြင့်။ ပဋိဂ္ဂဏှန္တိ နုခေါ၊ခံလေကုန်သလော။ ကိမှိ၊အဘယ်သို့လျှင်။ အဟံ၊ငါဘုရား သည်။ မန္ထဉ္စ၊ကိုလည်းကောင်း။ မဓုပိဏ္ဍိကဉ္စ၊ ကိုလည်းကောင်း။ ပဋိဂ္ဂဏှေယျံနုခေါ၊ ခံရအံ့နည်း။ ဣတိ-တေံပရိဝိတက္ကန်၊ သည်။ အဟောသိ၊၏။ အထခေါ၊ ထိုသို့ကြံတော်မူသောအခါ၌။ စတ္တာ ရော၊ လေးယောက်ကုန်သော။ မဟာရာဇာနော၊ နတ်မင်းကြီး တို့သည်။ ဘဂဝတော၊ ၏။ စေတောပရိဝိတက္ကံ၊ စိတ်တော်အကြံ ကို။ စေတသာ၊ မိမိတို့၏စိတ်ဖြင့်။ အညာယ၊ သိ၍။ စတုဒ္ဒိသာ–စတုဒ္ဒိသာဟိ၊ လေးပါးသောအရပ်မျက်နှာတို့မှ။ သေလမယေ၊ ပဲနောက်အဆင်းရှိသော ကျောက်ညိုဖြင့် ပြီးကုန်သော။စတ္တာရော ပတ္တေ၊လေးလုံးသောသပိတ်တို့ကို။ ဘဂဝတော၊ အား။ ဥပနာ မေသုံ၊ ကပ်လှူကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ ဣမပတ္တေ-ဣမိနာ ပတ္တေန၊ ဤသပိတ်ဖြင့်။ မန္ထဉ္စ၊ကိုလည်းကောင်း။ မဓုပိဏ္ဍိကဉ္စ၊ ကိုလည်းကောင်း။ ပဋိဂ္ဂဏှာတု၊ ခံတော်မူပါလော့။ ဣတိ၊ ဤသို့။ ဥပနာမေသုံ၊ ကုန်၏။ ဘဂဝါ၊ သည်။ ပစ္စဂ္ဃေ၊ အသီးအသီး အဘိုးများထိုက်သော။ ဝါ၊အသစ်သော။ သေလမယေ၊ပြီးသော။ ပတ္တေ၊၌။ တံမန္ထဉ္စ၊ကိုလည်းကောင်း။ တံမဓုပိဏ္ဍိကဉ္စ၊ ကိုလည်း ကောင်း။ ပဋိဂ္ဂဟေသိ၊ခံတော်မူ၏။ ပဋိဂ္ဂဟေတွာ၊ခံတော်မူပြီး၍။ ပရိဘုဉ္ဇိ၊ ဘုဉ်းပေးတော်မူ၏။

**အမှာ** နတ်မင်းကြီး လေးယောက် လှူသော သပိတ်ကို မြတ်စွာဘုရား အမြဲသုံးဆောင်တော်မူ၏။ ကဏ္ဍာ အမည်ရှိသော ဥယျာဉ်စောင့်လှူသော သရက်သီးကိုခံသောအခါ

နတ်မင်းကြီးတို့ လှူသော သပိတ်ဖြင့် ခံတော်မူကြောင်းကို ဓမ္မပဒ အဋ္ဌကထာ၌လာ၏။ ဝါတော် နှစ်ဆယ်ကျော်တွင် ထိုသပိတ်ဖြင့် သာဝတ္ထိပြည်သို့ ဆွမ်းခံ ဝင်ကြောင်းကို သမစိတ္တသုတ် အဋ္ဌ ကထာ၌ လာ၏။

အထခေါ၊ ၌။ တပုဿဘလ္လိကာ၊ တပုဿဘလ္လိက အမည် ရှိကုန်သော။ ဝါဏိဇာ၊ ကုန်သည်ညီနောင်တို့သည်။ ဩနီတပတ္တ ပါဏိံ၊ သပိတ်တော်မှ ချသောလက်ရှိသော။ ဘဂဝန္တံ၊ ကို။ ဝိဒိတွာ၊ သိ၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပါဒေသု၊ ခြေတော် တို့၌။ နိပတိတွာ၊ ဝပ်၍။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ ဤသို့သော စကားကို။ အဝေါစုံ၊ လျှောက်ကုန်၏။ ကိံ အဝေါစုံ၊ ဟူမူကား။ (ထည့်)၊ ဘန္တေ၊ အရှင်ဘုရား။ ဧတေမယံ၊ ထိုအကျွန်ုပ်တို့သည်။ ဘဂဝန္တံ၊ ဘုရားသခင်ကို။ သရဏံဂတိ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမ၊ ဆည်းကပ်ပါကုန်၏။ ဓမ္မဉ္စ၊ တရားတော်ကိုလည်း။ သရဏံဂတိ၊ ဟူ၍။ ဂစ္ဆာမ၊ ကုန်၏။ အဇ္ဇတဂ္ဂေ၊ ယနေ့ကိုအစပြု၍။ ပါဏုပေတံ၊ အသက်ရှိကုန်သရွေ့။ နော-အမှေ၊ အကျွန်ုပ်တို့ကို။ သရဏံဂတေ၊ ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကုန်သော။ ဥပါသကေ၊ ဒါယကာတို့ ဟူ၍။ ဘဂဝါ၊ သည်။ဓာရေတု၊ မှတ်တော်မူပါလော့။ ဣတိ၊ ဤသို့။ အဝေါစုံ၊ ကုန်၏။ တေစ၊ ထို ကုန်သည် ညီနောင် နှစ်ယောက် တို့သည်သာလျှင်။ လောကေ၊ လူ၌။ ပဌမံ၊ ရှေးဦးစွာ။ ဒွေဝါစိကာ၊ နှစ်ခွန်းဆောက်တည်ခြင်း ရှိကုန်သော။ ဥပါသကာ၊ ဒါယကာ တို့သည်။ (တနည်းကား)—ဒွေဝါစိကာ-ဒွိဟိဝါစာဟိ၊ နှစ်ခွန်း ဆောက်တည်ခြင်း တို့ဖြင့်။ ဥပါသကာ၊ ဒါယကာ အဖြစ်သို့ ရောက်ကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။

အဖွင့် ၊ ကုန်သည်ညီနောင်တို့အား ကိုးကွယ်ရန် လက်ျာ လက်တော်ဖြင့် ဦးခေါင်းတော်ကိုသုံးသပ်တော်မူ၍ ဆံတော်ခြောက်ဆူ ပေးလိုက်သည်ဟု ဇောဂျွိုင်္ဂ အဋ္ဌကထာ၌ လာ၏။ ထိုနောက်မြတ်စွာဘုရားဗာရာဏသီပြည်မိဂဒါဝုန်တော၌ ဓမ္မစကြာတရားကို ဟောတော်မူပြီး၍ အစဉ်အားဖြင့် ရာဇဂြိုဟ်

ပြည်သို့ ရောက်သောအခါ တဘန် တပုဿဘလ္လိက ကုန်သည် ညီနောင်တို့အား တရားဟောတော်မူ၍ အစ်ကိုတပုဿ သောတာပန်တည်၊ ဥပါသကာအဖြစ်သို့ရောက်၏။ ညီဘလ္လိက ရဟန်းပြု၍ ဆဠာဘိည ရဟန္တာအဖြစ်သို့ရောက်၏။ ထေရာအဋ္ဌကထာလာ။ ရာဇာယတနသတ္တာဟ အလုံးစုံပြီးပြီ။

ရာဇာယတနကထာ၊ ရာဇာယတနသတ္တာဟကို ဆိုသော
စကားသည်။ နိဋ္ဌိတာ၊ အပြီးသို့ရောက်ပြီ။

---

၇။ အထ-ပစ္ဆာ၊ ထိုရာဇာယတနသတ္တာဟမှနောက်၌။ သတ္တာဟဿ၊ ခုနစ်ရက်၏။ အစ္စယေန၊ ဖြင့်။ တမှာ သမာဓိမှာ၊ ထိုအရဟတ္တဖိုလ်သမာဓိမှ။ ဝုဋ္ဌဟိတွာ၊ ၍။ ရာဇာယတနမူလာ၊ မှ။ ယေန၊ အကြင်အရပ်၌။ အဇပါလနိဂြောဓော၊ အဇပါလပညောင်ပင်သည်။ အတ္ထိ၊ ၏။ တေန၊ သို့။ ဥပသင်္ကမိ၊ ၏။ ဥပသင်္ကမိတွာ၊ ၍။ တတြ-တသ္မိံ အဇပါလနိဂြောဓရုက္ခမူလေ၊ ၌။ ဘဂဝါ၊ သည်။ နိသီဒိ၊ ၏။ အထခေါ၊ ၌။ ရဟောဂတဿ၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လေ၍။ ပဋိသလ္လီနဿ၊ တယောက်အထည်းထည်း ကိန်းသော။ ဘဂဝတော၊ အား။ ဧဝံ၊ ဤသို့။ စေတသော၊ စိတ်တော်၏။ ပရိဝိတက္ကော၊ အကြံတော်သည်။ ဥဒပါဒိ၊ ဖြစ်၏။ မေ-မယာ၊ သည်။ အဓိဂတော၊ ရအပ်သော။ ဝါ၊ သိအပ်သော။ အယံ ဓမ္မော၊ ဤသစ္စာလေးပါး တရားသည်။ ဂမ္ဘီရော၊ နက်နဲ၏။ ဒုဒ္ဒသော၊ မြင်နိုင်ခဲ၏။ ဒုရနုဗောဓော၊ သိနိုင်ခဲ၏။ သန္တော၊ ငြိမ်သက်၏။ ပဏီတော၊ မြတ်၏။ အတက္ကာဝစရော၊ ကြံဆ၍ သက်ဝင်နိုင်ခဲ၏။ (ကြံဆ၍မသိအပ်ဟု လည်းပေး)။ နိပုဏော၊ သိမ်မွေ့၏။ ပဏ္ဍိတဝေဒနီယော၊ ပညာရှိတို့သာသိအပ်၏။ အယံ ပဇာ၊ ဤ သတ္တဝါအပေါင်းသည်။ ခေါပန၊ စင်စစ်လျှင်။ အာလယရာမာ၊ ကာမဂုဏ်ငါးပါးတို့ဖြင့် မွေ့လျော်၏။ အာလယရတာ၊ ကာမဂုဏ်ငါးပါးတို့၌ မွေ့လျော်၏။ အာလယသမ္မုဒိတာ၊ ကာမဂုဏ်ငါးပါးတို့၌ အလွန် နှစ်လို၏။

ခေါ ပန၊ စင်စစ်လျှင်။ အာလယရာမာယ၊ ထသော။ အာလယ ရတာယ၊ ထသော။ အာလယသမုဒိတာယ၊ ထသော။ ပဇာယ၊ သတ္တဝါအား။ ယဒိဒံ-ယောအယံ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပါဒေါ၊ အကြင်သင်္ခါရအစရှိသည်တို့၏ အကြောင်းဖြစ်သော ပဋိစ္စသမုပ္ပါဒ် တရားသည်။ အတ္ထိ၊ ၏။ ဣဒံဌာနံ၊ ဤပဋိစ္စသမုပ္ပါဒ်အရာသည်။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲ၏။ သဗ္ဗသင်္ခါရသမထော၊ ခပ်သိမ်းသော သင်္ခါရ တို့၏ ငြိမ်းရာဖြစ်ထသော။ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ၊ ခပ်သိမ်းသော ဥပဓိတို့ကို စွန့်ရာဖြစ်ထသော။ တဏှာက္ခယော၊ တဏှာ၏ကုန်ရာ ဖြစ်ထသော။ ဝိရာဂေါ၊ တပ်ခြင်းကင်းရာဖြစ်ထသော။ နိရောဓော၊ ခပ်သိမ်းသောသင်္ခါရတို့၏ချုပ်ရာဖြစ်ထသော။ ယဒိဒံ-ယံ ဣဒံနိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်သည်။ အတ္ထိ၊ ၏။ ဣဒမ္ပိဌာနံ၊ ဤနိဗ္ဗာန်ဟူသော အရာ သည်လည်း။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲ၏။ အဟဉ္စေဝ၊ ငါသည်သာလျှင်။ ခေါ ပန၊ စင်စစ်သဖြင့်။ ဓမ္မံ၊ ကို။ ဒေသေယျံ၊ ပြောအံ့။ ပရေ စ၊ တပါးသောသတ္တဝါတို့သည်လည်း။ မေ၊ ၏။ ဓမ္မံ၊ ငါဟောသော တရားကို။ နအာဇာနေယျုံ၊ မသိနိုင်ကုန်ရာ။ သာဒေသနာ၊ သည်။ မမ၊ အား။ ဝါ၊ ငါ၏။ ကိလမထော၊ ကိုယ် ပင်ပန်းခြင်းသည် သာလျှင်။ အဿ၊ ဖြစ်ရာ၏။ သာဒေသနာ၊ သည်။ မမ၊ အား။ ဝိဟေသာ၊ ကိုယ်ဆင်းရဲခြင်းသည် သာလျှင်။ အဿ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ ပရိဝိတက္ကော၊ သည်။ ဥဒပါဒိ၊ ဖြစ်၏။ (မြတ်စွာ ဘုရားမှာ စေတသိကဒုက္ခမရှိ။ ကာယိက ဒုက္ခသာ ရှိသည်)။ ဘဂဝန္တံ-ဘဂဝတော၊ မြတ်စွာဘုရားအား။ ပုဗ္ဗေ၊ ရှေး၌။ အဿုတ ပုဗ္ဗာ၊ မကြားဘူးကုန်သော။ ဣမာ အနစ္ဆရိယာဂါထာယောအပိ၊ အဘန်တလဲလဲ အံ့ဘွယ်ရှိသောဤဂါထာတို့သည်လည်း။ ပဋိဘံသု၊ ဉာဏ်တော်အား ထင်ကုန်၏။

မေ-မယာ၊ သည်။ ကိစ္ဆေန၊ ဆင်းရဲပြုပြင်သဖြင့်။ အဓိဂတံ၊ ရအပ်သိအပ်သောတရားကို။ ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ ပကာသိတုံ၊ ဟောခြင်းငှါ။ အလံ၊ အကျိုးမရှိ။ (ဟကားနိပါတ်)။ ရာဂဒေါသ ပရေတေဟိ၊ ရာဂဒေါသတို့ဖြင့် နှိပ်စက်သော သတ္တဝါတို့သည်။

အယံမမွော၊ကို၊သုသမ္မုဓော၊မဘောက်မပြန်ကောင်းစွာသိသည်၊ နဟောတိ၊ မဖြစ်။

ပဋိသောတဂါမိံ၊ နိဗ္ဗာန်သို့ ရောက်စေတတ်ထသော၊ နိပုဏံ၊ သိမ်မွေ့ထသော။ဂမ္ဘီရံ၊ နက်နဲထသော၊ ဒုဒ္ဒသံ၊ မြင်နိုင်ခဲထသော၊ အဏုံ၊ ပရမတ္ထအဏုမြူ အလားရှိသော တရားကို၊ ရာဂရတ္တာ၊ ရာဂဖြင့်တပ်ကုန်သော သတ္တဝါတို့သည်။ တမောခန္ဓေန၊ အဝိဇ္ဇာ တည်းဟူသော မောဟအစုဖြင့်၊ အာဝုဋာ၊ ဖုံးလွှမ်း ကုန်သည် ဖြစ်၍၊ နဒက္ခန္တိ၊ မမြင်ကြကုန်၊ ဣတိ၊ ဤသို့၊ ပဋိဘံသု၊ ကုန်၏၊ (ပြန်၍သတ်)။

ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတော၊ ဆင်ခြင်တော်မူသော။ ဘဂဝ တော၊ ၏။ စိတ္တံ၊ သည်။ အပ္ပေါဿုက္ကတာယ၊ တရားမဟောလို သောငှါ။ နမတိ၊ ညွတ်၏။ ဓမ္မဒေသနာယ၊ တရားဟောခြင်းငှါ။ နောနမတိ၊ မညွတ်။

၈။ အထခေါ၊ ဌ။ ဘဂဝတော၊ ၏။ စေတောပရိဝိတက္ကံ၊ စိတ်တော်အကြံကို။ စေတသာ၊ မိမိစိတ်ဖြင့်။ အညာယ၊ သိ၍၊ သဟမ္ပတိဿ ဗြဟ္မုနော၊သဟမ္ပတိဗြဟ္မာမင်း၏။ ဧတံ-ဧသောပရိ ဝိတက္ကော၊ သည်။ အဟောသိ၊ ၏။ ဘော၊ အိုအချင်းတို့၊ လော ကော၊ လူအပေါင်းသည်၊နဿတိဝတ၊ပျက်စီးခဲ့စွတကား။ ဘော၊ တို့၊လောကော၊ သည်၊ နဿတိဝတ၊ ပျက်စီးခဲ့စွတကား။ ယတြဟိ နာမ-ယသ္မိံလောကေ၊၌၊ အရဟတော၊ ပူဇော်သက္ကာရအထူးကို ခံတော်မူထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ ခပ်သိမ်းသောတရား တို့ကို မဘောက်မပြန် မိမိအလိုလို သိတော်မူထသော။ တထာ ဂတဿ မြတ်စွာဘုရား၏။ စိတ္တံ၊ စိတ်တော်သည်။ အပ္ပေါဿုက္က တာယ၊ တရားမဟောလိုခြင်းငှါ။ နမတိ၊ညွတ်၏။ ဓမ္မဒေသနာယ၊ တရားဟောခြင်းငှါ။ နောနမတိ၊ မညွတ်။ ဣတိ၊ ဤသို့၊ ပရိ ဝိတက္ကော၊သည်။အဟောသိ၊၏၊ အထ-ပစ္ဆာ၊ ထိုသို့ကြံပြီးသော နောင်မှ။ ဗြဟ္မာသဟံပတိ၊ သဟံပတိဗြဟ္မာသည်၊ ဗလဝါ၊အားရှိ သော။ပုရိသော၊သည်၊သမိဉ္ဇိတံ၊ခွေသော၊ ဗာလံဝါ၊ လက်ရုံးကို

လည်း။ ပသာရေယျသေယျထာပိ၊ ဆန့်သကဲ့သို့ လည်းကောင်း။
ပသာရိတံ၊ ဆန့်သော။ ဗာဟံဝါ၊ လက်ရုံးကိုလည်း။ သမိဉ္ဇေယျ
သေယျထာပိ၊ ခွေသကဲ့သို့ လည်းကောင်း။ ဧဝမေဝ၊ ဤအတူ
သာလျှင်။ ဗြဟ္မလောကာ၊ ဗြဟ္မာ့ပြည်မှ။ အန္တရဟိတော၊ ကွယ်ခဲ့၍။
ဘဂဝတော၊ ၏။ ပုရတော၊ ရှေ့တော်၌။ ပါတုရဟောသိ၊ ထင်ရှား
ဖြစ်၏။ အထခေါ၊ ၌။ ဗြဟ္မာသဟံပတိ၊ သဟံပတိဗြဟ္မာသည်။
ဥတ္တရာသင်္ဂံ၊ စုလျားကို။ ဧကံသံ–ဧကသ္မိံ အံသေ၊ ပခုံးတဘက်၌။
ကတွာ၊ တင်၍။ ဒက္ခိဏဇာဏုမဏ္ဍလံ၊ လက်ျာပုဆစ်အဝန်းကို။
ပထဝိယံ၊ မြေ၌။ နိဟန္တွာ၊ တုပ်၍။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊
သည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုဘုရားရှိရာသို့။ အဉ္ဇလိံ၊ လက်အုပ်ကို။
ပဏာမေတွာ၊ ညွတ်စေ၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံဝစနံ၊ ကို။
အဝေါစ၊ ၏။ ဘန္တေ၊ အရှင်ဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။
ဓမ္မံ၊ တရားကို။ ဒေသေတု၊ ဟောတော်မူစေချင်၏။ သုဂတော၊
ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား
သည်။ ဓမ္မံ၊ ကို။ ဒေသေတု၊ ဟောတော်မူပါလော့။ အပ္ပရဇက္ခ
ဇာတိကာ၊ ပညာမျက်စိ၌ ကိလေသာတည်းဟူသောမြူနည်းသော
သဘောရှိကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သန္တိ၊ ရှိကုန်၏။
ဓမ္မဿ၊ တရားတော်ကို။ အဿဝနတာ–အဿဝနတာယ၊ မကြား
နာရသဖြင့်။ ပရိဟာယန္တိ၊ ယုတ်ကုန်၏။ ဓမ္မဿ၊ ကို။ အညာတာရော၊
သိလွယ်သော ဝေနေယျသတ္တဝါတို့သည်။ ဘဝိဿန္တိ၊ ရှိသည်
ဖြစ်ကုန်လတ္တံ့။ ဣတိ၊ သို့။ အဝေါစ၊ ၏။ ဗြဟ္မာသဟံပတိ၊ သဟံ
ပတိဗြဟ္မာသည်။ ဣဒံဝစနံ၊ ကို။ ဝတွာ၊ ဆိုပြီး၍။ အထာပရံ၊ ထိုမှ
တပါးသော။ ဧတံဝစနံ၊ ကို။ အဝေါစ၊ ၏။

ပုဗ္ဗေ၊ ရှေး၌။ မဂဓေသု၊ မဂဓရာဇ်တိုင်းတို့၌။ သမလေဟိ၊
ရာဂအစရှိသော အညစ်အကြေးနှင့်တကွ ဖြစ်ကုန်သော။ ဆသတ္ထာ
ရေဟိ၊ ပူရဏကဿပအစရှိသော ခြောက်ယောက်သော ဂိုဏ်း
ဆရာတို့သည်။ စိန္တိတော၊ ကြံဆအပ်သော။ အသုဒ္ဓေါ၊ မစင်ကြယ်
သော။ ဓမ္မော၊ မိစ္ဆာဒိဋ္ဌိတရားသည်။ ပါတုရဟောသိ၊ ထင်ရှား

ဖြစ်၏။ အမတဿ၊ အမြိုက်နိဗ္ဗာန်၏။ ဧတံဒွါရံ၊ ထိုအရိယမဂ် တည်းဟူသောတံခါးကို။ အဝါပုရ-ဝိဝရ၊ဖွင့်လှစ်တော်မူပါလော့။ ဝိမလေန၊ ရာဂအစရှိသော အညစ်အကြေး ကင်းတော်မူသော မြတ်စွာဘုရားသည်။အနုဗုဒ္ဓံ၊အဘန်တလဲလဲ သိတော်မူအပ်သော။ ဓမ္မံ၊ သစ္စာလေးပါးတရားကို။ သတ္တာ၊သတ္တဝါတို့သည်။ သုဏန္တု၊ နာပါစေကုန်လော့။

ယထာ၊ ဥပမာမည်သည်ကား။ သေလေ-သေလမယေ၊ တခဲ နက် ကျောက်အတိပြီးသော။ ပဗ္ဗတမုဒ္ဓနိ၊ တောင်ထိပ်၌။ ယထာ ဌိတော၊ရပ်တိုင်းပင်လျှင်။စက္ခုမာ၊မျက်စိအမြင်ရှိသော။ပုရိသော၊ ယောကျ်ားသည်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ဇနတံ၊ လူ အပေါင်းကို။ ပဿေ၊ မြင်ရာ၏။ သုမေဓ၊ကောင်းသော ပညာ ရှိသောဘုရားမြတ်။ သမန္တစက္ခု၊ ထက်ဝန်းကျင်ကို မြင်နိုင်သော သဗ္ဗညုတဉာဏ်မျက်စိနှင့် ပြည့်စုံတော်မူသော။ တွံပိ၊ အရှင်ဘုရား သည်လည်း။ တထူပမံ၊ ထိုတခဲနက်သော ကျောက်အတိပြီးသော တောင်ဥပမာရှိသော။ ဓမ္မမယံ၊ လောကုတ္တရာတရားဖြင့်ပြီးသော။ ပါသာဒံ၊ ပညာတည်းဟူသော ပြာသာဒ်ထက်သို့။ အာရုယှ၊ တက်တော်မူ၍။ သယံ၊မိမိသည်။ အပေတသောကော၊ စိုးရိမ်ခြင်း ကင်းသည်ဖြစ်၍။ သောကာဝတိဏ္ဏံ၊စိုးရိမ်ခြင်းမှ မကျူးမြောက်နိုင် သေးသော။ဇာတိဇရာဘိဘူတံ၊ဇာတိဇရာတရားတို့သည် နှိပ်စက် အပ်သော။ဇနတံ၊လူအပေါင်းကို။အဝေက္ခဿု၊ရှုတော်မူပါလော့။ ဝါ၊ စုံစမ်းတော်မူပါလော့။

ဝီရ၊ကြီးသောလုံ့လရှိတော်မူထသော။ ဝိဇိတသင်္ဂါမ၊အောင် ပြီးသော စစ်မြေရှိတော်မူထသော။ သတ္ထဝါဟ၊ ခရီးခဲမှ ကယ်ပေ တတ်သော ယာဉ်မှူးနှင့် တူတော်မူထသော။ အဏဏ၊ ကာမစ္ဆန္ဒ တည်းဟူသော မြီကင်းတော်မူသောဘုရားမြတ်။ ဥဋ္ဌေဟိ၊ထတော် မူပါလော့။ လောကေ၊ သတ္တလောက၌။ ဝိစရ၊ ကြွသွားတော် မူပါလော့။ ဘဂဝါ၊မြတ်စွာဘုရားသည်။ဓမ္မံ၊တရားကို။ ဒေသေတု၊ ဟောတော်မူပါလော့။ အညာတာရော၊ တရားကို သိလွယ်သော

သတ္တဝါတို့သည်။ ဘဝိဿန္တိ၊ ရှိသည်ဖြစ်ကုန်လတ္တံ့။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။ ပ။

၉။ အထခေါ၊ ထို့။ ဘဂဝါ၊ သည်။ ဗြဟ္မုနော၊ သဟံပတိ ဗြဟ္မာမင်း၏။ အဇ္ဈေသနံ၊ တောင်းပန်ခြင်းကို။ ဝိဒိတွာ၊ သိတော်မူ၍။ သတ္တေသု စ၊ သတ္တဝါတို့၌လည်း။ ကာရုညတံ၊ သနားခြင်း ရှိသည်၏အဖြစ်ကို ပဋိစ္စ၊ စွဲ၍ ဗုဒ္ဓစက္ခုနာ ဗုဒ္ဓစက္ခုဖြင့်။ (ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်, အာသယာနုသယဉာဏ်ကိုယူ)။ လောကံ၊ တသောင်းသော လောကဓာတ်ကို ဝေါလောကေသိ၊ ကြည့်တော် မူ၏။ ဘဂဝါ။ သည်။ ဗုဒ္ဓစက္ခုနာ၊ ဖြင့်။ လောကံ၊ တသောင်း သော လောကဓာတ်ကို။ ဝေါလောကေန္တော၊ ကြည့်တော်မူသည် ရှိသော်။ အပ္ပရဇက္ခေ၊ ပညာမျက်စိ၌ ကိလေသာ တည်းဟူသော နည်းသောမြူရှိကုန်သော။ မဟာရဇက္ခေ၊ ပညာမျက်စိ၌ ကိလေ သာတည်းဟူသော များသော မြူရှိကုန်သော။ တိက္ခိန္ဒြိယေ၊ ထက်သော ဣန္ဒြေရှိကုန်သော မုဒိန္ဒြိယေ၊ နုသောဣန္ဒြေရှိကုန်သော။ သွာကာရေ၊ ကောင်းသော အခြင်းအရာရှိကုန်သော။ ဒွါကာရေ၊ မကောင်းသော အခြင်းအရာရှိကုန်သော။ သုဝိညာပယေ၊ သိစေ လွယ်ကုန်သော။ ဒုဝိညာပယေ၊ သိစေနိုင်ခဲကုန်သော။ သတ္တေ၊ သတ္တဝါတို့ကိုလည်းကောင်း။ ပရလောကဝဇ္ဇဘယဒဿာဝိနေ၊ တမလွန်လောကအပြစ်ကို ဘေးဟုရှုကုန်လျက်။ ဝိဟရန္တေ၊ နေကုန် သော။ အပ္ပေကစ္စေ၊ ကုန်သော။ သတ္တေ၊ သတ္တဝါတို့ကိုလည်း ကောင်း ပ။ အဒ္ဒသ၊ မြင်တော်မူ၏။

**ပုစ္ဆာ** ပြလတ္တံ့သော ဥပမာစကား၌ နေယျပုဂ္ဂိုလ်, ဝိပဉ္စိ တညူပုဂ္ဂိုလ်, ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်တို့၏ ဥပမာကို သာပြ၍ ပဒပရမပုဂ္ဂိုလ်၏ဥပမာကို မပြသောကြောင့် ဒွါကာရေ, ဒုဝိညာပယေ, နှစ်ပုဒ်မရှိသင့်ဟု ဆရာမြတ်တို့ ကြံတော်မူ၏။ ထိုသို့ ကြံသော်လည်း ဤ အဋ္ဌကထာ၌ ဒွါကာရေပုဒ်ကို ဖွင့်လျက် ရှိသောကြောင့်လည်းကောင်း ဉာဏဝိဘင်း အဋ္ဌကထာ စသည် တို့၌ ဒွါကာရေ,ဒုဝိညာပယေ နှစ်ပုဒ်လုံးကိုပင် ဖွင့်လျက်ရှိသော

ကြောင့်လည်းကောင်း ရှိမှသင့်သည်။ ရွှေဥမင်နိသျှဥ် ဋီကာရေး, ဒုဝိညာပယေ, နှစ်ပုဒ်ကို အနက်မရေးသည့် အရာမှာ လွယ်ပြီးဖြစ်၍သာ မရေးသည်ဟု အမိပ္ပါယ်ယူ။

* သေယျထာပိနာမ၊ ဥပမာမည်သည်ကား။ ဥပ္ပလိနိယံ၀ါ၊ ကြာညို ကြာဖြူ ကြာနီတောသ္ဍ် လည်းကောင်း။ ပဒုမိနိယံ၀ါ၊ ကြာပဒုမာတောသ္ဍ် လည်းကောင်း။ ပုဏ္ဍရိကိနိယံ၀ါ၊ ကြာတံဆိပ်တောသ္ဍ်လည်းကောင်း။ အပ္ပေကစ္စာနိ၊ အချို့ကုန်သော။ ဥပ္ပလာနိ၀ါ၊ ကြာညို ကြာဖြူ ကြာနီ အစုံတို့သည်လည်းကောင်း။ ပဒုမာနိ၀ါ၊ ကြာပဒုမာအငုံ တို့သည် လည်းကောင်း။ ပုဏ္ဍရိကာနိ၀ါ၊ ကြာတံဆိပ်အငုံတို့သည်လည်းကောင်း။ ဥဒကေ၊ ရေ၌။ ဇာတာနိ၊ ဖြစ်ကုန်၏။ ဥဒကေ၊ ၌။ သံ၀ဍ္ဎာနိ၊ ကြီးကုန်၏။ ဥဒကာ၊ ရေမှ။ အနုဂ္ဂတာနိ၊ မပေါ်မတက်ကုန်။ အန္တော၊ ရေထဲ၌။ နိမုဂ္ဂပေါသိတာနိ၊ နစ်လျက်ကြီးကုန်၏။ (ဤကြာငုံနှင့် နေယျပုဂ္ဂိုလ်ကိုဟပ်)။ အပ္ပေကစ္စာနိ၊ ကုန်သော။ ဥပ္ပလာနိ၀ါ တို့သည်လည်းကောင်း။ ပဒုမာနိ၀ါ၊ တို့သည် လည်းကောင်း။ ပုဏ္ဍရိကာနိ၀ါ၊ တို့သည်လည်းကောင်း။ ဥဒကေ၊ ၌။ ဇာတာနိ၊ ကုန်၏။ ဥဒကေ၊ ၌။ သံ၀ဍ္ဎာနိ၊ ကုန်၏။ သမောဒကံ၊ ရေမျက်နှာနှင့်ထပ်မျှ။ ဌိတာနိ၊ တည်ကုန်၏။ (ဤ ကြာငုံနှင့် ဝိပဉ္စိတညူပုဂ္ဂိုလ်ကိုဟပ်)။ အပ္ပေကစ္စာနိ၊ ကုန်သော။ ဥပ္ပလာနိ၀ါ၊ တို့သည်လည်းကောင်း။ ပဒုမာနိ၀ါ၊ တို့သည်လည်းကောင်း။ ပုဏ္ဍရိကာနိ၀ါ၊ တို့သည်လည်းကောင်း။ ဥဒကေ၊ ၌။ ဇာတာနိ၊ ကုန်၏။ ဥဒကေ၊ ၌။ သံ၀ဍ္ဎာနိ၊ ကုန်၏။ ဥဒကံ၊ ကို။ အစ္စုဂ္ဂမ္မ၊ လွန်၍။ ဌိတာနိ၊ တည်ကုန်၏။ ဥဒကေန၊ ဖြင့်။ အနုပလိတ္တာနိ၊ မလိမ်းကျံကုန်။ (ဤကြာငုံနှင့် ဥဂ္ဃာတိတညူပုဂ္ဂိုလ်ကိုဟပ်။ ပွင့်ခြင်းသို့ မရောက်မူ၍ ရေထဲ၌ ငါးလိပ်တို့၏အစာဖြစ်သောကြာနှင့်ပဒပရမပုဂ္ဂိုလ်ကိုဟပ်။ ဤဥပမာသည် သာရတ္ထဒီပနီ၌လာ၏)။ ဧ၀မေ၀၊ ဤကြာ အတူလျှင်။ ဘဂ၀ါ၊ သည်။ ဗုဒ္ဓစက္ခုနာ၊ ဖြင့်။ လောကံ၊ ကို။ ၀ေါလောကေန္တော၊ ကြည့်လတ်သော်။ အပ္ပရဇက္ခေ၊ ကုန်သော ။ပ။ ဒုဝိညာပယေ၊

ကုန်သော။ သဗ္ဗေ၊ တို့ကိုလည်းကောင်း။ ပရလောကဝဇ္ဇဘယဒဿာဝိနေ၊ ရှုကုန်လျက်။ ဝိဟရန္တေ၊ ကုန်သော။ အပ္ပေကစ္စေ၊ ကုန်သော။ သတ္တေ၊ တို့ကိုလည်းကောင်း။ အဒ္ဒသ၊ မြင်တော်မူ၏။ ဒိသွာန၊ ၍။ သဟံပတိ၊ အမည်ရှိသော။ ဗြဟ္မာနံ၊ ကို။ ဂါထာယ၊ ဖြင့်။ ပစ္စဘာသိ၊ တဘန်မိန့်တော်မူ၏။ (ပစ္စဘာသိနှင့်မှ သာရတ္ထဒီပနီနှင့် ညီသည်။ အဇ္ဈဘာသိ၊ ရှိလျှင် မညီ)။

ဗြဟ္မေ၊ဗြဟ္မာ။ယေ သတ္တာ၊တို့သည်။သောတဝန္တော၊ တရားကိုနာကုန်၏။ တေသံ သတ္တာနံ၊တို့အား။ အမတဿ၊ နိဗ္ဗာန်၏။ ဒွါရံ၊ တံခါးသဘွယ်ဖြစ်သော အရိယမဂ်တံခါးကို။အပါရုတာ-ဝိဝဋာ၊ ငါဖွင့်ခဲ့ပေအံ့။ သဗ္ဗေ၊ ခပ်သိမ်းသော သူတို့သည်။ သဒ္ဓံ၊ ယုံကြည်ခြင်းကို။ ပမုဉ္စန္တု၊ လွှတ်ကုန်လော့။ ပဂုဏံ၊ မိမိလေ့လာလျှင်းမူလည်း။ ဝိဟိံသသညီ၊ ကိုယ်ပင်ပန်းအံ့ဟု အမှတ်ရှိသည် ဖြစ်၍။ ပဏီတံ၊ သော။ ဓမ္မံ၊ ကို။ မနုဇေသု-မနုဇာနံ၊တို့အား။ နဘာသိ၊ မဟောသတည်း။ ဣတိ၊ ဤသို့။ ပစ္စဘာသိ၊၏။ (ပြန်၍သတ်)။

အထခေါ၊ ၌။ သဟံပတိ၊ အမည်ရှိသော။ ဗြဟ္မာ၊ သည်။ ဘဂဝတာ၊ သည်။ ဓမ္မဒေသနာယ၊ ခြင်းငှါ။ ကတာဝကာသော၊ ခွင့်ပြုတော်မူသည်။အမှို၊၏။ ဣတိ-မနသိကတွာ၊ ၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ပဒက္ခိဏံ၊ လက်ျာရစ် လှည့်လည်သည်ကို။ ကတွာ၊၍။ တတ္ထေဝ၊ ထိုရှေ့တော်မှလျှင်။ အန္တရဓာယိ၊ ကွယ်ခဲ့၏။ (မိမိနေရာသို့ပြန်သည်)။

**အမှာ** သဟံပတိဗြဟ္မာကား ပဌမဈာန်ဘုံ၌ အာယုကပ်ပတ်လုံး အသက်ရှည်သော ဗြဟ္မာတည်း။ ထိုဗြဟ္မာသည် နဿတိဝတဘောလောကော။ နဿတိဝတ ဘော လောကောဟု-မြွက်ဆိုသောအသံဖြင့် တသောင်းသောလောကဓာတ်၌ နေသော နတ်ဗြဟ္မာအပေါင်းတို့ သိ၍ ထိုနတ်ဗြဟ္မာအပေါင်းနှင့် တကွ မြတ်စွာဘုရားထံ လာပြီးလျှင် မြင်းမိုရ်တောင်လုံးမျှ ပမာဏ ရှိသော ပန်းကုံးရတနာဖြင့် ပူဇော်သက္ကာရပြု၍ တရားဟောတော်မူပါဟု လျှောက်တောင်းပန်သည်။ ထိုသို့ တောင်းပန်ရာ၌ ဝဋ္ဋ

ဆင်းရဲ၌ ကျင်လည်ကုန်သော သတ္တဝါအပေါင်းကို အာရုံပြု၍ တောင်းပန်ဒေသာ အရာဖြစ်ဒေသာကြောင့် ကရုဏာ ပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ။ ဝိရတိပြဓာန်းဒေသာစိတ္တုပ္ပါဒ်ကို မယူလင့်၊ မြဟ္မယာစနကထာ၊ သည်။ နိဋ္ဌိတာ၊ ပြီ။

---

၁၀။ အထခေါ၊ ဌ။ ဘဂဝတော၊ ၏။ ဧဟံ-ပရိဝိတက္ကနံ၊ သည်။ အဒေဟာသိ၊ ၏။ အဟံ၊ ငါသည်။ ကဿ၊ အဘယ်သူအား။ ပဌမံ၊ စွာ။ ဓမ္မံ၊ ကို။ ဒေသေယျံနုခေါ၊ ဟောရအံ့နည်း။ ကော၊ အဘယ်သူသည်။ ဣမံဓမ္မံ၊ ကို။ အာဇာနိဿတိ၊ သိလတ္တံ့နည်း။ ဣတိဇော-ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ အထခေါ၊ ဌ။ ဘဂဝတော၊ ၏။ ဇော-ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ ကာလာမော၊ ကာလာမ အနွယ်၌ဖြစ်သော။ အယံအာဠာရော၊ ဤအာဠာရရသေ့သည်။ ခေါ၊ စင်စစ်။ ပဏ္ဍိတော၊ ပညာရှိသည်၏ အဖြစ်နှင့်ပြည့်စုံ၏။ ဗျတ္တော၊ ထင်သောပညာနှင့်ပြည့်စုံ၏။ မေဓာဝီ၊ ထိုခဏ၌ဖြစ်သောပညာနှင့် ပြည့်စုံ၏။ ဒီဃရတ္တံ၊ နေ့ညဥ့်ရှည်စွာ။ အပ္ပရဇက္ခဇာတိယော၊ ပညာမျက်စိ၌ ကိလေသာ တည်းဟူသော မြူနည်းသော သဘော ရှိ၏။ အဟံ၊ သည်။ ကာလာမဿ၊ ကာလာမအမျိုး၌ ဖြစ်သော။ အာဠာရဿ၊ အား။ ပဌမံ၊ စွာ။ ဓမ္မံ၊ ကို။ ယံနူန-ယာဒိပနဒေသေယျံ၊ အကယ်၍ ဟောရမူကား။ သော၊ ထို အာဠာရ ရသေ့သည်။ ဣမံ ဓမ္မံ၊ ဤငါဟောသောတရားကို။ ခိပ္ပမေဝ၊ လျင်စွာလျှင်။ အာဇာနိဿတိ၊ သိလတ္တံ့သတည်း။ ဣတိဇော-ပရိဝိတက္ကနံ၊ သည်၊ အဟောသိ၊ ၏။ အထခေါ၊ ဌ။ အန္တရဟိတာ၊ မိမိကိုယ်ကိုကွယ်သော။ ဝါ ကိုယ်ထင်မပြသော။ ဒေဝတာ၊ နတ်သည်။ ဘန္တေ၊ အရှင်ဘုရား။ ကာလာမော၊ သော။ အာဠာရော၊ သည်။ သတ္တာဟကာလင်္ကတော၊ သေ၍ ခုနစ်ရက်ရှိပြီ။ ဣတိ၊ ဤသို့။ ဘဂဝတော။ အား။ အာရောစေသိ၊ ကြားပေ၏။ ဘဂဝတောပိ၊ ၏လည်း။ ကာလာမော၊ သော။ အာဠာရော၊ သည်။ သတ္တာဟကာလင်္ကတောတိ၊ ရှိပြီဟု။ ဉာဏံ၊ သဗ္ဗညုတဉာဏ်သည်။ ဥဒပါဒိ၊ ၏။ (ရှေးဥမင်နိုသျှ၌ ဉာဏ်ကို

ဒိဗ္ဗစက္ခုဉာဏ် ယောဇနာသည်။ ထိုသို့ယောဇနာရာ၌ ပမာဒလေခ
သာ ယူ)။ အထခေါ၊ ၌။ ဘဂဝတော၊ ၏။ တော်စိတ္တံ၊ ဤသို့သော
စိတ်အကြံသည်။ အဟောသိ၊ ၏။ ကာလာမော၊ သော။ အာဠာ
ရော၊ သည်။ မဟာဇာနိယော၊ ယုတ်ကြီးယုတ်ခဲ့ပြီ။ (မဟာဟာနိ
ယောကို မဟာဇာနိယောရေးသည်။ သာရတ္ထဒီပနီ)။ ဟိသစ္စံ၊ ၏။
သောအာဠာရော၊ သည်။ ဣမံဓမ္မံ၊ ဤ ငါဟောသောတရားကို။
သစေသုဏေယျ၊ အကယ်၍ကြားမူကား။ ခိပ္ပမေဝ၊ လျှင်။ အာဇာ
နေယျ၊ သိရာ၏။ ဣတိ၊ ဤသို့။ တော်စိတ္တံ၊ သည်။ အဟောသိ၊ ၏။
(ထို ရသေ့ကား သေ၍ အာကိဉ္စညာယတနဘုံ၌ ဖြစ်လေပြီ)။
အထပစ္ဆာ၊ မှ။ ဘဂဝတော၊ ၏။ တော်-ပရိဝိတက္ကနံ၊ သည်။ အဟော
သိ၊ ၏။ ကဿ၊ အဘယ်သူအား။ အဟံ၊ သည်။ ပဌမံ၊ စွာ။ ဓမ္မံ၊ ကို။
ဒေသေယျံနုခေါ၊ နည်း။ ကော၊ အဘယ်သူသည်။ ဣမံဓမ္မံ၊ ကို။
ခိပ္ပမေဝ၊ လျှင်။ အာဇာနိဿတိ၊ နည်း။ ဣတိတော်-ပရိဝိတက္ကနံ၊
သည်။ အဟောသိ၊ ၏။ အထခေါ၊ ၌။ ဘဂဝတော၊ ၏။ တော်-
ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ ရာမပုတ္တော၊ ရာမပုဏ္ဏား၏
သားဖြစ်သော။ အယံဥဒကော၊ ဤ ဥဒကရသေ့သည်။ ခေါ၊
လျှင်။ ပဏ္ဍိတော၊ ၏။ ဗျတ္တော၊ ၏။ မေဓာဝီ၊ ၏။ ဒီဃရတ္တံ၊ စွာ။
အပ္ပရဇက္ခဇာတိယော၊ ၏။ အဟံ၊ သည်။ ရာမပုတ္တဿ၊ ရာမ
ပုဏ္ဏား၏ သားဖြစ်သော။ ဥဒကဿ၊ ဥဒကရသေ့အား။ ပဌမံ၊
ရှေးဦးစွာ။ ဓမ္မံ၊ တရားကို။ ယံနူန-ယဒိပနဒေသေယျံ၊ အကယ်၍
ဟောရမူကား။ သော၊ ထိုဥဒကရသေ့သည်။ ဣမံဓမ္မံ၊ ဤငါဟော
သောတရားကို။ ခိပ္ပမေဝ၊ လျှင်။ အာဇာနိဿတိ၊ သတည်း။
ဣတိတော်-ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ အထခေါ၊ ၌။ အန္တ
ရဟိတာ၊ မိမိကိုယ်ကိုကွယ်သော။ ဒေဝတာ၊ သည်။ ဘန္တေ၊ အရှင်
ဘုရား။ ရာမပုတ္တော၊ ရာမပုဏ္ဏား၏ သားဖြစ်သော။ ဥဒကော၊
သည်။ အဘိဒေါသကာလကတော၊ ယမန်နေ့သန်းခေါင်အခါတွင်
သေပြီ။ ဣတိ၊ ဤသို့။ ဘဂဝတော၊ အား။ အာရောစေသိ၊ ၏။
ဘဂဝတောပိ၊ အားလည်း။ ရာမပုတ္တော၊ သော။ ဥဒကော၊ သည်။

အဘိဒေါသကာလက်တောတိ၊ ဟု။ ဉာဏံ၊ သည်။ ဥဒပါဒိ၊ ၏။ အထခေါ၊ ၌။ ဘဂဝတော၊ အား။ စေတ်စိတ္တံ၊ သည်။ အဟောသိ၊ ၏။ ရာမပုတ္တော၊ သော။ ဥဒကော၊ သည်။ မဟာဇာနိယော၊ ပြီ၊ ဟိသဆုံ၊ ၏။ သောဥဒကော၊ သည်။ ဣမံဓမ္မံ၊ ဤငါဟောသော တရားကို။ သစေသုဏေယျ၊ မူကား။ ခိပ္ပမေဝ၊ လျှင်။ အာဇာနေယျ၊ ၏။ ဇာတိစေတ်-စိတ္တံ၊ သည်။ အဟောသိ၊ ၏။ (ထိုရသေ့သည် သေ၍ နေဝသညာ နာသညာ ယတနဘုံ၌ဖြစ်သည်။ အရူပဘုံ၌ ပုထုဇ္ဇနအဖြစ်မှ သောတာပတ္တိမဂ်သို့ ရောက်သည်မရှိ)။ အထခေါ၊ ၌။ ဘဂဝတော၊ ၏။ စေတ်-ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ ကဿ၊ အဘယ်သူအား။ အဟံ၊ သည်။ ပဌမံ၊ စွာ။ ဓမ္မံ၊ ကို။ ဒေသေယျံနုခေါ၊ နည်း။ ကော၊ အဘယ်သူသည်။ ဣမံဓမ္မံ၊ ကို။ ခိပ္ပမေဝ၊ လျှင်။ အာဇာနိဿတိ၊ နည်း။ ဇာတိစေတ်-ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ အထခေါ၊ ထိုအခါ၌။ ဘဂဝတော၊ မြတ်စွာဘုရား၏။ စေတ် - ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ဖြစ်ပြန်၏။ ပဉ္စဝဂ္ဂိယာ၊ ပဉ္စဝဂ္ဂီအမည်ရှိကုန်သော။ (ငါးယောက် အစုရှိကုန်သော-သော်လည်းပေး)။ ဘိက္ခူ၊ တို့သည်။ မေ၊ အား။ ဗဟုကာရာ၊ များသောကျေးဇူးရှိကုန်၏။ ယေ၊ အကြင် ပဉ္စဝဂ္ဂီ ရဟန်းတို့သည်။ ပဓာနပဟိတတ္တံ၊ ကမ္မဋ္ဌာန်းစီးဖြန်းသဖြင့် ကိုယ်နှင့် အသက်ကိုမငဲ့သော ဒုက္ကရစရိယာကျင့်သဖြင့်။ (ကိုယ်နှင့်အသက် ကို မငဲ့သော်လည်း ပေး)။ မံ၊ ကို။ ဥပဋ္ဌဟိံသု၊ လုပ်ကျွေးဘူး ကုန်၏။ အဟံ၊ သည်။ ပဉ္စဝဂ္ဂိယာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့အား။ ပဌမံ၊ စွာ။ ဓမ္မံ၊ ကို။ ယံနူန-ယဒိပနဒေသေယျံ၊ အကယ်၍ဟောရ မူကား။ သာဓု၊ ကောင်း၏။ (သာဓုကား ထည့်ပါ၌)။ ဇာတိ စေတ်-ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ အထခေါ၊ ၌။ ဘဂဝ တော၊ ၏။ စေတ်-ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ ကဟံ၊ အဘယ်အရပ်၌။ ဧတရဟိ၊ ယခုအခါ၌။ ပဉ္စဝဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဝိဟရန္တိနုခေါ၊ နေကုန်သနည်း။ ဇာတိစေတ်-ပရိ ဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ ဘဂဝါ၊ သည်။ ဝိသုဒ္ဓေန၊

အထူးသဖြင့် ခင်းကြယ်ထသော။ အဘိက္ကန္တမာနုသကေန၊ လူတို့၏
မျက်စိအမြင်ကို လွန်ထသော။ ဒိဗ္ဗေနစက္ခုနာ၊ ဒိဗ္ဗစက္ခုအဘိညာဉ်
ဖြင့်။ ဗာရာဏသိယံ၊ ၌။ ဣသိပတနေ၊ ပစ္စေကဗုဒ္ဓါတို့၏ ကျရာ
ဖြစ်သော။ မိဂဒါယေ၊ သားတို့အား ဘေးမဲ့ပေးရာဖြစ်သော မိဂ
ဒါဝုန်တော၌။ ဝိဟရန္တံ၊ နေကုန်သော။ ပဉ္စဝဂ္ဂိယေ၊ ကုန်သော။
ဘိက္ခူ၊ တို့ကို။ အဒ္ဒသ၊ မြင်တော်မူ၏။ အထခေါ၊ ၌။ ဘဂဝါ၊
သည်။ ဥရုဝေလာယံ၊ ၌။ ယထာဘိရန္တံ၊ မွေ့လျော်တော်မူသရွေ့။
(ယထာသန္ဒါ အန်တိက္ကမအနက်)။ ဝိဟရိတွာ၊ ၍။ ယေနမဂ္ဂေန၊
အကြင်ခရီးဖြင့်။ ဗာရာဏသိံ၊ သို့။ ဂန္တဗ္ဗော သွားအပ်၏။ တေန
မဂ္ဂေန၊ ဖြင့်။ စာရိကံ၊ ဒေသစာရီသွားခြင်းကို။ ပက္ကာမိ၊ ကြွတော်
မူ၏။

၁၁၊ ဥပကော၊ ဥပကအမည်ရှိသော။ အာဇီဝကော၊ တက္က
တွန်းသည်။ (အာဇီဝက ဟူသည်ကား အထက်အဘို့ လက်ကတီး
ကြား၌ သွင်း၍ အဝတ်ဝတ်သော သူတည်း)။ ဂယံ-ဂယာယ၊
ဂယာမြစ်၏။ အန္တရာစ၊ အကြား၌လည်းကောင်း။ ဗောဓိံ-ဗော
ဓိဿ၊ဗောဓိပင်၏။အန္တရာစ၊ အကြား၌လည်းကောင်း။အဒ္ဓါနမဂ္ဂ
ပ္ပဋိပန္နံ၊ အဓွန့်ရှည်သောခရီးကိုသွားသော။ ဘဂဝန္တံ၊ ကို။ အဒ္ဒသ၊
၏။ ဒိသွာန၊ ၍။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ ကို။အဝေါစ၊ ၏။ အာဝုသော၊ အရှင်။ တေ၊သင်၏။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ ဝိပ္ပသန္နာနိ၊
ကြည်လင်ဘွယ်ရှိကုန်၏။ ဆဝိဝဏ္ဏော၊အရေ၏အဆင်းသည်။ ပရိ
သုဒ္ဓေါ၊စင်ကြယ်၏။ပရိယောဒါတော၊ပြိုးပြိုးပြက်ရှိ၏။အာဝုသော၊
အရှင်။တွံ၊သင်သည်။ကံ၊အဘယ်သူကို။ဥဒ္ဒိဿ၊ရည်၍။ပဗ္ဗဇိတော၊
ရဟန်းပြုသနည်း။ တေ၊ သင်၏။ သတ္ထာ၊ ဆရာကား။ ကောဝါ၊
အဘယ်သူနည်း။ ကဿဝါ၊ အဘယ်သူ၏လည်း။ ဓမ္မံ၊ တရားကို။
ရောစေသိ၊နှစ်သက်သနည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ ဆို၏။ ဧဝံ၊
ဤသို့။ ဝုတ္တေ၊ ဆိုလတ်သော်။ ဘဂဝါ၊ သည်။ ဥပကံ၊ သော။
အာဇီဝကံ၊ ကို။ သဗ္ဗာဘိဘူသဗ္ဗဝိဒူဟမသ္မိ။ပ။အာဟဉ္ဆံ အမတဒုန္ဒု
ဘိန္တိ၊ ဘိံ-ဟူ၍။ ဂါထာဟိ၊ တို့ဖြင့်။ အဇ္ဈဘာသိ ရွတ်တော်မူ၏။

ဥပက၊ ဥပက။ အဟံ၊ ငါသည်။ သဗ္ဗာဘိဘူ၊ အလုံးစုံသော တေဘူမကတရားကို လွှမ်းမိုးနှိမ်နင်း၍ တည်သည်။ အသို့၊ ဖြစ်၏။ သဗ္ဗဝိဒူ၊ ခပ်သိမ်းသောတရားကိုသိသည်။ အသို့၊ ဖြစ်၏။ သဗ္ဗေသု၊ ကုန်သော။ ဓမ္မေသု၊ တေဘူမကတရားတို့၌။ အနုပလိတ္တော၊ ရာဂ အစရှိသော ကိလေသာတို့ဖြင့် လိမ်းကျံခြင်း မရှိ။ သဗ္ဗဇဟော၊ အလုံးစုံသော တေဘူမကတရားတို့ကို စွန့်အပ်ပြီး။ တဏှက္ခယေ၊ တဏှာ၏ကုန်ရာ ဖြစ်သော နိဗ္ဗာန်၌။ ဝိမုတ္တော၊ အာရုံပြုသော အားဖြင့် ကိလေသာမှလွတ်ပြီ။ သယံ၊ မိမိအလိုလို။ အဘိညာယ၊ သိ၍။ ကံ၊ အဘယ်သူကို။ ဥဒ္ဒိသေယျံ၊ ဆရာဟူ၍ ညွှန်းရအံ့နည်း။

ဥပက၊ ဥပက။ မေ၊ ငါဘုရားအား။ အာစရိယော၊ ဆရာသည်။ နအတ္ထိ၊ မရှိ။ သဒိသောကသို့၊ နှင့်တူသော။ လောကသို့၊ လောက၌။ မေ၊ ငါနှင့်။ သဒိသော၊ တူသောသူသည်။ နဝိဇ္ဇတိ၊ မရှိ။ မေ၊ ငါ၏။ ပဋိပုဂ္ဂလော၊ တုဘက်ဖြစ်သော ပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိ။

အဟံဟိ-အဟံဝေ၊ ငါတယောက်သည်သာလျှင်။ လောကေ၊ ၌။ အရဟာ၊ ရဟန္တာတည်း။ အဟံဝေ၊ ငါတယောက်သည်သာလျှင်။ အနုတ္တရော၊ အတုမရှိသောသူတည်း။ သတ္ထာ၊ နတ်လူတို့၏ ဆရာတည်း။ အဟံဧကောဝ၊ သည်သာလျှင်။ သမ္မာသမ္ဗုဒ္ဓေါ၊ ခပ်သိမ်းသော တရားတို့ကို မဘောက်မပြန် မိမိအလိုလိုသိသော ဘုရားသည်။ အမှိ၊ ဖြစ်၏။ သီတိဘူတော၊ ကိလေသာတို့၏ ငြိမ်းခြင်းသို့ ရောက်သည်ဖြစ်၍။ နိဗ္ဗုတော၊ ငြိမ်းချမ်းသည်။ အသို့၊ ဖြစ်၏။

ဓမ္မစက္ကံ၊ ဓမ္မစကြာ တရားကို။ ပဝတ္တေတုံ၊ ဟောခြင်းငှါ။ ကာသီနံ၊ ကာသီတိုင်း၌ နေကုန်သော သူတို့၏။ ပုရံ၊ ဗာရာဏသီ ပြည်သို့။ ဂစ္ဆာမိ၊ ငါသွားအံ့။ အန္ဓိဘူတသ္မိံ၊ သူကန်းသဘွယ်ဖြစ်၍ ဖြစ်သော။ လောကသ္မိံ၊ လူအပေါင်း၌။ အမတဒုန္ဒုဘိံ၊ တရား တည်းဟူသောနိဗ္ဗာန်စည်ကြီးကို။ အာဟဉ္ဆံ၊ တီးအံ့ဟူ၍၊ ဂစ္ဆာမိ၊ ငါသွား၏။ (ဤပုဒ်၌ စအက္ခရာနှင့် အာဟဉ္ဆိရှိသည့်အရာ များ

ဇုဏ္ဍာသယ (က) ၁၀၀-၂

သည်။ စအက္ခရာမပါဘဲ* အာဟညိ ရှိမှသင့်သည်။ အာရှေးရှိသော ဟနုဓာတ်)။

အာဝုသော၊ အရှင်။ တွံ၊ သည်။ ယထာ၊ အကြင် အခြင်းဖြင့်။ ပဋိဇာနာတိ၊ ဘုရားဟူ၍ ဝန်ခံ၏။ တထာ၊ ထိုဝန်ခံတိုင်း။ အနန္တဇိနော၊ အဆုံးမရှိသော ဉာဏ်နှင့် ပြည့်စုံသော မာရ်ငါးပါးကို အောင်သော ဘုရားသည်။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ အရဟသိ၊ ထိုက်အံ့လော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။

ဥပက၊ ဥပက။ မာဒိသာ၊ ငါနှင့်တူကုန်သော။ ယေဗုဒ္ဓါ၊ အကြင် ဘုရားတို့သည်။ အာသဝက္ခယံ၊ အာသဝေါတရား၏ကုန်ခြင်းသို့။ ပတ္တာ၊ ရောက်ကုန်၏။ တေဗုဒ္ဓါ၊ တို့သည်။ ဝေ၊ စင်စစ်။ ဇိနာ၊ ဇိနမည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ မေ၊ ငါသည်။ ပါပကာ၊ ယုတ်မာကုန်သော။ ဓမ္မာ၊ အကုသိုလ်တရားတို့ကို။ ယသ္မာ၊ ကြောင့်။ ဇိတာ၊ အောင်အပ်ကုန်ပြီ။ တသ္မာ ကြောင့်။ ဥပက ဥပက။ အဟံ၊ ငါကား။ ဇိနော၊ ဇိနမည်၏။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။

ဧဝံ၊ ဤသို့။ ဝုတ္တေ၊ ဆိုလတ်သော်။ ဥပကော၊ ဥပကအမည်ရှိသော။ အာဇီဝကော၊ တက္ကတွန်းသည်။ ဟုပေယျ၊ ဇိနဟူသော အမည်သည် ဖြစ်ပေရာ၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ သီသံ၊ ဦးခေါင်းကို။ ဩဟာမေတွာ၊ လှုပ်၍။ ဥမ္မဂ္ဂံ၊ ခရီးလွဲ၍။ ပက္ကာမိ၊ ၏။

**အမှာ** ဝက်ဟာရဇနပုဒ်သို့ သွားသည်။ ဝါဆိုလပြည့်နေ့ မြတ်စွာဘုရား ဗောဓိမဏ္ဍိုင်မှ တဆဲ့ရှစ်ယူဇနာ ကွာသော ဗာရာဏသီပြည် မိဂဒါဝုန် တောသို့ နေ့ချင်းရောက် ခြေကြောင်းခရီးဖြင့်ကြွတော်မူ၍ ခရီးအကြား၌ ဥပကတက္ကတွန်း နှင့် တွေ့သတည်း။ ဥပက သည် ဘုရားနှင့်တွေ့ပြီးနောက် ဝက်ဟာရဇနပုဒ်သို့ရောက်၍ ထိုဇနပုဒ်၌ မုဆိုးချီးမြှင့်၍ ချမ်းသာစွာ နေရ လျက် စိတ်ဘောက်ပြန်၍ လူထွက်ပြီးလျှင် မုဆိုးသမီး ဆာဝါနှင့် အိမ်ထောင်ဘက်ပြု၍ သုဘ အမည်ရှိသော သားတယောက် ရမှ ရဟန်းပြု၍ အနာဂါမ်အဖြစ်သို့ ရောက်သည်။ သေသည် အခြား

နိဿယဆရာတော်ကား ပဌမယံဂါယနာမှုသို့လိုက်သည်။ မော္ဂလာန်၌ အာဟည-ရှိ၏။

မွဲ့၌ အဝိဟာဘုံသို့ရောက်၍ ရဟန္တာဖြစ်သည်ဟု သာရတ္ထဒီပနီ၌ လာသည်။

၁။ အထခေါ၊ ၌။ ဘဂဝါ၊သည်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ စာရိကံ၊ ဒေသစာရီသွားခြင်းကို။ စရမာနော၊ ကြွတော်မူလတ်သော်။ ယေန၊ အကြင်အရပ်၌။ ဗာရာဏသီ၊ သည်။ အတ္ထိ၊ ၏။ ဣသိပတန မိဂဒါယော၊ ပစ္စေကဗုဒ္ဓါတို့၏ ကျရာဖြစ်သော မိဂဒါဝုန်တောသည်။ အတ္ထိ၊ ၏။ ယေန၊ အကြင်အရပ်၌။ ပဉ္စဝဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊တို့သည်။ ဝသန္တိ၊ နေကုန်၏။ တေန၊ ထိုပဉ္စဝဂ္ဂီရှိရာသို့။ဥပသင်္ကမိ၊၏။ ပဉ္စဝဂ္ဂိယာ၊ ပဉ္စဝဂ္ဂီအမည်ရှိကုန်သော။ ဘိက္ခူ၊ တို့သည်။ ဘဂဝန္တံ၊ ကို။ ဒူရတောဝ၊ အဝေးမှလျှင်။ အာဂစ္ဆန္တံ၊ လာတော်မူသည်ကို။ အဒ္ဒသံသု၊ မြင်လေကုန်၏။ ဒိသွာန၊ မြင်ကုန်၍၊ အညမညံ၊ အချင်းချင်း။ သဏ္ဌပေသုံ၊ ကတိကဝတ်ပြုလင့်ကုန်၏။ အာဝုသော၊ ချစ်ရှင်တို့။ အယံ သမဏော ဂေါတမော၊ ဤရဟန်းဂေါတမသည်။ အာဂစ္ဆတိ၊လာလတ်၏။ ဗာဟုလ္လိကော၊ သင်္ကန်းစသော ပစ္စည်းတို့၏ များခြင်း၌ ကျင့်၏၊ပဓာနဝိဗ္ဘန္တော၊ ကမ္မဋ္ဌာန်းတရားမှ ထွက်၏။ (ဒုက္ကရစရိယာ အကျင့်မှ ထွက်၏ ဟုလည်း ပေး)။ ဗာဟုလ္လာယ၊ သင်္ကန်း စသည်တို့၏ များသော အဖြစ်၌။ အာဝတ္တော၊ လည်၏။ (ကျင့်၏ ဟုလည်း ပေး)။ သော သမဏော ဂေါတမော၊ ထိုရဟန်း ဂေါတမကို။ နေဝအဘိဝါဒေတဗ္ဗော၊ ရှိမခိုးအပ်၊ နပစ္စုဋ္ဌာတဗ္ဗော၊ ခရီးဦးမကြိုဆိုအပ်။ အဿ သမဏဿ ဂေါတမဿ၊ ထို ရဟန်းဂေါတမ၏။ပတ္တစီဝရံ၊ ကို။နပဋိဂ္ဂဟေတဗ္ဗံ၊မလှမ်းမယူအပ်၊အပိစ၊ စင်စစ်ကား။ အာသနံ၊ နေရာကို။ ထပေတဗ္ဗံ၊ ထားလင့်အပ်၏။ သော သမဏော ဂေါတမော၊ သည်။ သစေ အာကင်္ခိဿတိ၊ အကယ်၍ အလိုရှိတော်မူသည်ဖြစ်အံ့။ နိသီဒိဿတိ၊ နေလတ္တံ့။ ဣတိ၊ ဤသို့။ သဏ္ဌပေသုံ၊ ကတိကဝတ်ပြုကုန်၏။ ယထာ ယထာ–ယေန ယေနပကာရေန၊ အကြင်ကြင်သို့သော အခြင်းအရာဖြင့်။ ဘဂဝါ၊ သည်။ ပဉ္စဝဂ္ဂိယေ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ ဥပသင်္က

မတိ၊ ၏။ တထာ တထာ-တေနတေနပကာရေန၊ ဖြင့်။ ပဉ္စဝဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ သကာယကတိကာယ၊ မိမိတို့၏ ကတိကဝတ်ဖြင့်။ အသဏ္ဌဟန္တာ၊ မတည်နိုင်ကုန်သည် ဖြစ်၍။ ဘဂဝန္တံ၊ ကို။ ပစ္စုဂ္ဂန္တွာ၊ ခရီးဦးကြိုဆိုကုန်၍။ ဧကော၊ တယောက်ကား။ ဘဂဝတော၊ ၏။ ပတ္တစီဝရံ၊ ကို။ ပဋိဂ္ဂဟေသိ၊ လှမ်းလင့်၏။ ဧကော၊ ကား။ အာသနံ၊ ကို။ ပညပေသိ၊ ခင်း၏။ ဧကော၊ ကား။ ပါဒေါဒကံ၊ ခြေဆေးရေကို။ ပါဒပီဌံ၊ ခြေဆေးပြီးနင်းစရာအင်းပျဉ်ကို။ ပါဒကထလိကံ၊ ခြေပွတ်အိုးခြမ်းကို။ ဥပနိက္ခိပိ၊ အနီး၌ထား၏။ ဘဂဝါ၊ သည်။ ပညတ္တေ၊ ခင်းအပ်သော။ အာသနေ၊ နေရာ၌။ နိသီဒိ၊ နေတော်မူ၏။ နိသဇ္ဇ၊ နေတော်မူပြီး၍။ ဘဂဝါ၊ သည်။ ပါဒေ၊ ခြေတို့ကို။ ပက္ခာလေသိ၊ ဆေးတော်မူ၏။ ဘဂဝန္တံ၊ ကို။ နာမေန စ အပိ၊ ဂေါတမဟူသောအမည်ဖြင့်လည်းကောင်း။ အာဝုသော ဝါဒေန စ အပိ၊ အာဝုသော ဟူသော ခေါ်ခြင်းဖြင့် လည်းကောင်း။ သမုဒါစရန္တိ၊ ပြောဆိုကုန်၏။ ဧဝံ၊ ဤသို့။ ဝုတ္တေ၊ ဆိုလတ်သော်။ ဘဂဝါ၊ သည်။ ပဉ္စဝဂ္ဂိယေ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ ဧတံ ဝစနံ၊ ကို။ အဝေါစ၊ ၏။ ဘိက္ခဝေ၊ တို့။ တထာဂတံ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းသော ငါဘုရားကို။ နာမေန၊ ဖြင့်လည်းကောင်း။ အာဝုသော ဝါဒေန၊ ဖြင့်လည်းကောင်း။ မာ သမုဒါစရထ၊ မပြောမဆိုကုန်လင့်။ ဘိက္ခဝေ၊ တို့။ တထာဂတော၊ ငါဘုရားကား။ အရဟံ၊ ရဟန္တာတည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ ခပ်သိမ်းသော တရားတို့ကို မဘောက်မပြန်မိမိအလိုလိုသိတော်မူပြီးသော ဘုရားတည်း။ ဘိက္ခဝေ၊ တို့။ သောတံ ဩဒဟထ၊ နားထောင်ကုန်လော့။ အမတံ၊ နိဗ္ဗာန်တရားကို။ အဓိဂတံ၊ ငါရပြီ။ အဟံ၊ သည်။ အနုသာသာမိ၊ ဆုံးမအံ့။ အဟံ၊ သည်။ ဓမ္မံ၊ ကို။ ဒေသေမိ၊ ဟောအံ့။ ယထာနုသိဋ္ဌံ၊ ဆုံးမတိုင်း။ တထာ၊ ထိုဆုံးမသော အလျောက်။ ပဋိပဇ္ဇမာနာ၊ ကျင့်သောသူတို့သည်။ နစိရဿေဝ၊ မကြာမြင့်မီလျှင်၊ ယဿအရဟတ္တဖလဿ၊ အကြင်အရဟတ္တဖိုလ်၏။ အတ္ထာယ၊ အကျိုးငှါ။ ကုလပုတ္တာ၊ အမျိုးသားတို့သည်။ သမ္မဒေဝ၊ ကောင်းစွာလျှင်။

အဂါရသ္မာ၊ လူ၏ဘောင်မှ။ အနဂါရိယံ၊ ရဟန်းဘောင်သို့။ ပဗ္ဗဇန္တိ၊
ရဟန်းပြုကုန်၏။ အနုတ္တရံ၊ အတုမရှိသော။ ဗြဟ္မစရိယ ပရိယော
သာနံ၊ အရဟတ္တမဂ်၏ အဆုံးသို့ဖြစ်သော။ တံအရဟတ္တဖလံ၊ ကို။
ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သောကိုယ်၏အဖြစ်၌။ သယံအဘိညာယ၊
မိမိ၏ဉာဏ်ဖြင့်။ သစ္ဆိကတွာ၊ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံ
စေ၍။ ဝိဟရိဿထ၊ နေကြကုန်လော့။ ဣတိ၊ သို့။ အဝေါစ၊ ၏။
ဧဝံ၊ ဤသို့။ ဝုတ္တေ၊ ဆိုတော်မူလတ်သော်။ ပဉ္စဝဂ္ဂိယာ၊ ကုန်သော။
ဘိက္ခူ၊ တို့သည်။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစုံ၊ ကုန်၏။
အာဝုသောဂေါတမ၊ အရှင်ဂေါတမ။ တာယဣရိယာယပိ၊ ထို
ပြုခဲ့စွာသော ဣရိယာပုထ်ကိုပြုသဖြင့် လည်းကောင်း။ တာယပဋိ
ပဒါယပိ၊ ထိုပြုခဲ့စွာသောအကျင့်ကို ကျင့်သဖြင့် လည်းကောင်း။
တာယဒုက္ကရကာရိကာယ၊ ထိုသို့ပြုခဲ့စွာသော တလက်ဖက်မျှသော
အာဟာရကို ဘုဉ်းပေး၍သာ ကျင့်သဖြင့် လည်းကောင်း။ မနုဿ
ဓမ္မာ၊ လူတို့၏ကုသိုလ်ကမ္မပထတရားထက်။ ဥတ္တရိ၊ လွန်သော။
အလမရိယဉာဏဒဿနဝိသေသံ၊ မြတ်သောအရိယာ၏ အဖြစ်ကို
ပြုစွမ်းနိုင်သော သဗ္ဗညုတ ဉာဏ်အမြင် အထူးကို။ နေဝအဇ္ဈဂါ၊
မရတုံခဲ့။ ဧတရဟိ၊ ယခုအခါ၌။ ဗာဟုလ္လိကော၊ သက်နန်းစသည်တို့၏
များခြင်းငှါ ကျင့်၏။ ပဓာနဝိဗ္ဘန္တော၊ ဒုက္ကရစရိယာ အကျင့်မှ
ထွက်၏။ ဗာဟုလ္လာယ၊ ပစ္စည်းတို့၏ များခြင်းငှါ။ အာဝတ္တော၊
လည်၏။ မနုဿဓမ္မာ၊ ထက်။ ဥတ္တရိ၊ သော။ အလမရိယဉာဏ
ဒဿနဝိသေသံ၊ ကို။ တွံ၊ သည်။ ကိံ ပန အဓိဂမိဿသိ၊ အဘယ်မှာ
ရလတ္တံ့နည်း။ ဧဝံ၊ သို့။ ဝုတ္တေ၊ သော်။ ဘဂဝါ၊ သည်။ ပဉ္စဝဂ္ဂိယေ၊
ကုန်သော။ ဘိက္ခူ၊ တို့ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ ၏။ ဘိက္ခဝေ၊
တို့၊ တထာဂတော၊ သည်။ နဗာဟုလ္လိကော၊ သက်နန်းစသည်
တို့၏များခြင်းငှါမကျင့်။ နပဓာနဝိဗ္ဘန္တော၊ ဒုက္ကရစရိယာအကျင့်မှ
မထွက်။ ဗာဟုလ္လာယ၊ သက်နန်းစသည့်တို့၏ များခြင်းငှါ။ နအာ
ဝတ္တော၊ မလည်။ ဘိက္ခဝေ၊ တို့။ တထာဂတော၊ ကား။ အရဟံ၊
တည်း။ပ။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရိဿထ၊ နေကြကုန်လော့။ ဣတိ၊ ဤသို့။

အဝေါစ၊ ၏။ ဒုတိယမ္ပိခေါ၊ လည်း။ ပဉ္စဝဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစုံ၊ ကုန်၏။ ပ။ တတိယမ္ပိခေါ၊ လည်း။ ပဉ္စဝဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစုံ၊ ကုန်၏။ အာဝုသော ဂေါတမ၊ အရှင်ဂေါတမ။ တွံ၊ သင်သည်။ တာယ ဣရိယာယပိ၊ ဖြင့်ရင်း။ ပ။ အလမရိယဉာဏဒဿနံ၊ ကို။ တွံ၊ သည်။ ကိံပနအဓိဂမိဿသိ၊ နည်း။ ဧဝံ၊ သို့။ ဝုတ္တေ၊ လတ်သော်။ ဘဂဝါ၊ သည်။ ပဉ္စဝဂ္ဂိယေ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ ၏။ ဘိက္ခဝေ၊ တို့။ ဣတော၊ ဤယခုမှ။ ပုဗ္ဗေ၊ ရှေးဒုက္ကရစရိယာ ကျင့်သောအခါ၌။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဧတံဝစနံ၊ ဤကဲ့သို့သောစကားကို။ ဘာသိတံ၊ ဆိုဘူးသည်ကို။ အဘိဇာနာထနော- အဘိဇာနာထနု၊ သင်တို့သိကုန်သလော။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဧတံဝစနံ၊ ထိုသို့ဆိုဘူးသည်ကို။ နောအဘိဇာနာမ၊ မသိပါကုန်။ ဣတိ၊ သို့။ အဝေါစုံ၊ လျှောက်ကြကုန်၏။ ဘိက္ခဝေ၊ တို့။ တထာဂတော၊ သည်။ အရဟံ၊ ရဟန္တာတည်း။ ပ။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရိဿထ၊ ကုန်လော့။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ ဘဂဝါ၊ သည်။ ပဉ္စဝဂ္ဂိယေ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ သညာပေတုံ၊ ဘုရားအဖြစ်ကို သိစိမ့်သောငှါ။ အသက္ခိ၊ တတ်နိုင်ပြီ။ အထခေါ၊ ၌။ ပဉ္စဝဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဘဂဝန္တံ၊ ဘုရားစကားတော်ကို။ ပုန၊ တဖန်။ သုဿူသိံသု၊ နာကုန်၏။ သောတံ၊ ဩဒဟိံသု၊ နားယောင်ကုန်၏။ အညာ-အညာယ၊ အရဟတ္တဖိုလ်ကို ဖြစ်စိမ့်သောငှာ။ စိတ္တံ၊ ကို။ ဥပဋ္ဌာပေသုံ၊ ဖြစ်စေကုန်၏။

၁၃။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ ပဉ္စဝဂ္ဂိယေ၊ ကုန်သော။ ဘိက္ခူ၊ တို့ကို။ အာမန္တေသိ၊ ခေါ်တော်မူ၏။ ဘိက္ခဝေ၊ တို့။ ပဗ္ဗဇိတေန၊ ရဟန်းဖြစ်သောသူသည်။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေ အန္တာ-ကောဋ္ဌာသာ၊ ဤတရားအစုတို့ကို။ နသေဝိတဗ္ဗာ၊ မမှီဝဲအပ်ကုန်။ (အန္တသဒ္ဒါ ဘာဂအနက်ဟော)။ ဒွေ၊ နှစ်ပါးသောအစု

ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ ဟီနော၊ ယုတ်သော။ ဂမ္မော၊ ရွာ၌နေသောသူတို့၏ အကျင့်ဖြစ်သော။ ပေါထုဇ္ဇနိကော၊ ပုထုဇ္ဇန်တို့၏ အလေ့ဖြစ်သော။ အနရိယော၊ အရိယာသူတော်ကောင်း တို့၏ အကျင့် မဟုတ်သော။ အနတ္ထသံဟိတော၊ ပဋ္ဌပြုန်သံသရာအကျိုးစီးပွားမရှိဟု မှတ်အပ်သော။ ကာမေသု၊ ဝတ္ထုကာမဂုဏ်ငါးပါးတို့၌။ယောစာယံ-ယောစအယံ ကာမသုခလ္လိကာ နုယောဂေါ၊ အကြင် ကာမဂုဏ်ချမ်းသာ၌ ငြိသဖြင့် အဘန်တလဲလဲ ယှဉ်ခြင်းလည်းကောင်း။ဒုက္ခော၊ ကိုယ်၏ ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်းကို ဖြစ်စေတတ်သော။ အနရိယော၊ အရိယာမဟုတ်သော တိတ္ထိတို့၏ အကျင့်ဖြစ်သော။ အနတ္ထသံဟိတော၊ ပဋ္ဌပြုန်သံသရာ အကျိုးစီးပွားမရှိဟု မှတ်အပ်သော။ ယောစာယံ-ယောစအယံ အတ္တကိလမထာနုယောဂေါ၊ အကြင် မိမိကိုယ်၏ ပင်ပန်းခြင်းနှင့် ယှဉ်ခြင်းလည်းကောင်း။ ဣမေဒွေ၊ ဤနှစ်ပါးတို့တည်း။

**အမှာ** ဣမေဒွေ ကား ပါဠိသေသ။ ဝတ္ထုကာမဂုဏ်တို့၌ ကိလေသာကာမနှင့်ယှဉ်လျက် ချမ်းသာကို ခံစားခြင်းသည်ကား ကာမသုခလ္လိကာ နုယောဂတည်း။ ဆုံးဖြတ်ခြင့်အစ ရှိသည်ကို မှီ၍အိပ်ခြင်း အစရှိသည်ဖြင့် ကိုယ်စိတ်၏ဆင်းရဲခြင်းကို ဖြစ်စေတတ်သော တိတ္ထိတို့၏ အကျင့်သည်ကား အတ္တကိလ မထာနုယောဂတည်း။

*ဘိက္ခဝေ၊တို့။ ဧတေခေါဥဘောအန္တေ၊ ဤ နှစ်ပါးသော တရားစုတို့ကို။ အနုပဂ္ဂမ္မ၊မကပ်မူ၍။ တထာဂတေန၊ သင်တို့ဆရာ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ အထူးသဖြင့်သိတော်မူအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါးကိုမြင်သောပညာမျက်စိကိုပြုပြင်တတ် သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို သိသောဉာဏ်အမြင်ကို ပြုပြင်တတ်သော။ မဇ္ဈိမာပဋိပဒါ၊ မဇ္ဈိမပဋိပဒ် အကျင့်မြတ်သည်။ ဥပသမာယ၊ ကိလေသာတို့၏ ငြိမ်းခြင်းငှာ။ (သဥပါဒိသေသ နိဗ္ဗာန်ကိုယူ)။ အဘိညာယ၊ သစ္စာလေးပါးတရားတို့ကို အထူး

ဿဖြင့် သိခြင်း၄။ သမ္မောဓာယ၊ သစ္စာလေးပါးတရား တို့ကို ကောင်းစွာသိခြင်း၄။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်း၄။ ဝါ၊ အနုပါဒိသေသ ပရိနိဗ္ဗာန်အကျိုး၄။ သံဝတ္တတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ တထာဂတေန၊ သည်။ အဘိသမ္ဗုဒ္ဓါ၊ သော ။ပ။ ဉာဏကရဏီ၊ သော။ ယာ မဇ္ဈိမာ ပဋိပဒါ၊ သည်။ ဥပသမာယ၊ ၄။ပ။ နိဗ္ဗာနာယ၊ ၄။ သံဝတ္တတိ၊ ၏။ သာ မဇ္ဈိမာ ပဋိပဒါ၊ ထိုမဇ္ဈိမ ပဋိပဒ် အကျင့်မြတ်သည်။ ကတမာစ၊ အဘယ်နည်း ဟူမူကား။ အရိယော မြတ်သော။ အဋ္ဌင်္ဂိကော၊ ရှစ်ပါးသောအင်္ဂါရှိသော။ အယမေဝမဂ္ဂေါ၊ ဤမဂ်လျှင်တည်း။ ဣဒံ၊ ဤမဂ္ဂင်ရှစ်ပါးတရားဟူသည်။ သေယျထာကတမံ၊ အဘယ်နည်းဟူမူကား။ သမ္မာဒိဋ္ဌိ၊ ကောင်းစွာ မြင်ခြင်းလည်းကောင်း။ သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံခြင်းလည်း ကောင်း။ သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်းလည်းကောင်း။ သမ္မာ ကမ္မန္တော၊ ကောင်းစွာပြုခြင်းလည်းကောင်း။ သမ္မာအာဇီဝေါ၊ ကောင်းစွာ အသက်မွေးခြင်းလည်းကောင်း၊ သမ္မာဝါယာမော၊ ကောင်းစွာအားထုတ်ခြင်းလည်းကောင်း။ သမ္မာသတိ၊ ကောင်းစွာ အောက်မေ့ခြင်းလည်းကောင်း။ သမ္မာသမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်းလည်းကောင်း။ ဣတိဣဒံ၊ ဤသည်တို့တည်း။ (ဣတိ ဣမေကား ပါဌသေသ၊ မဂ္ဂင်ရှစ်ပါးမှာ ပါဠိစုံရုံမျှသာအနက် သမ္ဗန်သည်။ အနက်အဓိပ္ပါယ် အလွန်သိမ်မွေ့နက်နဲ ခဲယဉ်း၏။)။ ဘိက္ခဝေ၊ ရဟန်းတို့၊ တထာဂတေန၊ သင်တို့ဆရာ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ သော။ပ။ ဉာဏကရဏီ၊ သော။ အယံခေါသာမဇ္ဈိမာ ပဋိပဒါ၊ ဤ မဂ္ဂင်ရှစ်ပါးတည်းဟူသော မဇ္ဈိမပဋိပဒ် အကျင့်မြတ် သည်။ ဥပသမာယ၊ ၄။ပ။ နိဗ္ဗာနာယ၊ ၄။ သံဝတ္တတိ၊ ၏။ (ကာမသုခလ္လိကာ နုယောဂ, အတ္တကိလမထာနုယောဂ နှစ်ပါး တို့၏ အလယ်၌ဖြစ်သောကြောင့် အရိယမဂ္ဂင်ရှစ်ပါးသည် မဇ္ဈိမ ပဋိပဒါမည်၏)။

၁၄။ ဘိက္ခဝေ၊ တို့။ ဇာတိပိ၊ ပဋိသန္ဓေ နေခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲခြင်း၏အကြောင်းဖြစ်၏။ ဇရာပိ၊ အိုခြင်းသည်လည်း။

ဒုက္ခာ၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ ဗျာဓိပိ၊ နာခြင်းသည်
လည်း။ ဒုက္ခာ၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ မရဏံပိ၊ သေ
ခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။ အပ္ပိ
ယေဟိ၊ မချစ်မနှစ်လိုအပ်သောသူတို့နှင့်။ သမ္ပယောဂေါ၊ အတူ
တကွ နေခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ ပိယေဟိ၊ ချစ်အပ်သော
သူတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်းရခြင်းသည်။ ဒုက္ခော၊ ၏။
ယံပိစ္ဆံ၊ အကြင်ပဋိသန္ဓေနေခြင်းစသည် မဖြစ်ပါမူကားကောင်း
လေစွ စသည်ဖြင့် တောင့်တခြင်းကို။ နလဘတိ၊ မရအပ်။ တံပိ၊
ထိုတောင့်တတိုင်း မရခြင်းသည်လည်း။ ဒုက္ခံ၊ ၏။ သံခိတ္တေန၊
အကျဉ်းအားဖြင့်။ ပဉ္စ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာပိ၊ ဥပါ
ဒါန်၏ အာရုံဖြစ်ကုန်သော ခန္ဓာတို့သည်လည်း။ ဒုက္ခာ၊ ကုန်၏။
ဣဒံခေါပနဓမ္မဇာတံ၊ ဤဇာတိအစရှိသောတရားသည်။ ဒုက္ခံ၊ ဒုက္ခ
ဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။ ဝါ၊ အရိယာတို့သည်
သိအပ်သောသစ္စာမည်၏။

**အမှာ** ဇာတိအရမှာ ဂဗ္ဘသေယျက ပဋိသန္ဓေဖြစ်အံ့၊ ပဋိ
သန္ဓေမှ စ၍ အမိဝမ်းမှ ထွားသည် တိုင်အောင်
ဇာတိယူ၊ သံသေဒဇ, ဥပပတ် ပဋိသန္ဓေဖြစ်အံ့၊ ပဋိသန္ဓေဥပါဒ်၌
သာ ဇာတိယူ၊ ဇရာအရမှာ ရုပ်နာမ်တို့၏ ဌီခဏကိုလည်းကောင်း
သွားကျိုးခြင်း ဆံဖြူခြင်း အရေတွန့်ခြင်း အစရှိသော ရုပကာယ၏
ဘောက်ပြန်ခြင်းကိုလည်းကောင်း ဇရာယူ၊ မရဏအရမှာ ရုပ်နာမ်
တို့၏ ဘင်ခဏကိုလည်းကောင်း တခုသောဘဝ၌ အကျုံးဝင်
သော ဇီဝိတိန္ဒြေ၏ အစဉ်ပြတ်ခြင်းကိုလည်းကောင်း မရဏယူ၊
ဒုက္ခသစ္စာသရုပ်။

*ဘိက္ခဝေ၊ တို့။ ယာယံတဏှာ၊ အကြင်လောဘသည်။ ပေါ
နောဗ္ဘဝိကာ၊ တဘန်ဘဝသစ်ကို ဖြစ်စေတတ်၏။ နန္ဒီရာဂသဟ
ဂတာ၊ နှစ်သက်ခြင်း တပ်ခြင်းနှင့်တကွဖြစ်၏။ တတြတတြ၊ ထိုထို
ကိုယ်အဖြစ် ထိုထိုအာရုံ၌။ အဘိနန္ဒိနီ၊ လွန်စွာနှစ်သက်တတ်၏။
ဣဒံ-သောတဏှာ၊ ဤတဏှာသည်။ သေယျထာ-ကတမာ၊ အဘယ်

နည်းဟူမူကား။ ကာမတဏှာ၊ ကာမဂုဏ်ငါးပါးတို့၌ တပ်ခါမှု ဖြစ်သော တဏှာလည်းကောင်း။ ဘဝတဏှာ၊ သဿတဒိဋ္ဌိနှင့် တကွဖြစ်သောတဏှာလည်းကောင်း။ ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာလည်းကောင်း။ ဣတိ-ဣမေ၊ ဤသည်တို့ တည်း။ (ဣတိဣမေကား ပါဌသေသ)။ ဣဒံခေါပနဓမ္မဇာတံ၊ ဤ တဏှာဟူသော သဘောတရားသည်။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏ အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။(သမုဒယ သစ္စာသရုပ်)။ ဘိက္ခဝေ၊ တို့။ တဿာဧဝတဏှာယ၊ ထိုလောဘ ၏သာလျှင်။ ယော အသေသ ဝိရာဂနိရောဓော၊အကြွင်း အရဟတ္တ မဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းသည်လည်းကောင်း။ ယောစာဂေါ၊ အကြွင်စွန့်ခြင်းသည်လည်းကောင်း။ ယောပဋိနိဿဂ္ဂေါ၊ အကြွင် တဘန်စွန့်ခြင်းသည်လည်းကောင်း။ ယာမုတ္တိ၊ အကြွင် လွတ်ခြင်း သည်လည်းကောင်း။ ယောအနာလယော၊ အကြွင် မကပ်ငြိခြင်း သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဣဒံခေါပနဓမ္မဇာတံ၊ ဤနိဗ္ဗာန် ဟူသော သဘောတရားသည်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ ချုပ်ရာ ဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။ (နိရောဓသစ္စာ သရုပ်)။ ဘိက္ခဝေ၊ တို့။ အရိယော၊မြတ်သော။အယမေဝမဂ္ဂေါ၊ ဤမဂ်သည်လျှင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံ၏။ ဣဒံ၊ဤ မဂ္ဂင်ရှစ်ပါးတရားဟူသည်။ သေယျထာ-ကတမံ၊ အဘယ်နည်း ဟူမူကား။ သမ္မာဒိဋ္ဌိ၊ လည်းကောင်း။ပ။ သမ္မာသမာဓိ၊ လည်း ကောင်း၊ ဣတိဣမေ၊ ဤသည်တို့တည်း။ (ဣတိဣမေကား ပါဌ သေသ)။ ဣဒံခေါပနဓမ္မဇာတံ၊ ဤမဂ္ဂင်ရှစ်ပါးသဘောတရား သည်။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော။အရိယ သစ္စံ၊အရိယသစ္စာမည်၏။ (မဂ္ဂသစ္စာသရုပ်)။

၁၅။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤတေဘူမကတရားသည်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။ ဣတိ၊ ဤသို့။ ပုဗ္ဗေ၊ ဘုရားမဖြစ်မီ ရှေးအဘို့၌။ အနနုဿုတေသု၊မကြားဘူးကုန်

သော။ ဓမ္မေသု၊ ဒုက္ခသစ္စာတရားတို့၌။ မေ၊ ငါဘုရား၏။ စက္ခုံ၊ ဒုက္ခသစ္စာကိုမြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ ဒုက္ခသစ္စာကို သိခြင်းသည်။ ဥဒပါဒိ၊ ၏။ ပညာ၊ ဇာတိဒုက္ခစသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ၏။ ဝိဇ္ဇာ၊ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ၏။ အာလောကော၊ ဒုက္ခသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊၏၊ (စက္ခုစသော ငါးပုဒ်သည် ဉာဏ်၏ ဝေဝုစ် ပရိယာယ်။ ဤဝါကျဖြင့် ဒုက္ခသစ္စာ၌ သစ္စဉာဏ်ကို ပြသည်)။ ဘိက္ခဝေ၊ တို့။ ခေါပန၊ စင်စစ်အားဖြင့်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ တံဣဒံအရိယသစ္စံ၊ ထိုအရိယသစ္စာကို။ မေမယာ၊ ငါဘုရားသည်။ ပရိညေယျံ၊ ထက်ဝန်းကျင်ပိုင်းခြား၍သိအပ်၏။ဣတိ၊ဤသို့။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊ တို့၌။ စက္ခုံ၊ သည်။ ဥဒပါဒိ၊၏။ပ။ အာလောကော၊သည်။ဥဒပါဒိ၊၏။ (ဤဝါကျဖြင့် ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်ကို ပြသည်)။ ဘိက္ခဝေ၊ တို့။ ဒုက္ခံ၊သော။ တံဣဒံအရိယသစ္စံ၊ကို။မေမယာ၊သည်။ ပရိညာတံ၊ ထက်ဝန်းကျင်ပိုင်းခြား၍သိအပ်၏။ ဣတိ၊ ဤသို့။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊ တို့၌။စက္ခုံ၊သည်။ ဥဒပါဒိ၊၏။ပ။အာလောကော၊ သည်။ ဥဒပါဒိ၊၏။ (ဤဝါကျဖြင့် ဒုက္ခသစ္စာ၌ ကတဉာဏ်ကို ပြသည်)။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤ တဏှာဟူသော လောဘသည်။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏အကြောင်းဖြစ်သော။ အရိယသစ္စံ၊အရိယသစ္စာမည်၏။ ဣတိ၊သို့။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊ ဒုက္ခသစ္စာ၏ အကြောင်းတရားတို့၌။ မေ၊ ငါဘုရား၏။ စက္ခုံ၊သည်။ ဥဒပါဒိ၊၏၊ပ။ အာလောကော၊ သည်။ ဥဒပါဒိ၊ ၏။ (ဤဝါကျဖြင့် သမုဒယသစ္စာ၌ သစ္စဉာဏ်ကိုပြသည်)။ ဘိက္ခဝေ၊ တို့။ ခေါပန၊ အားဖြင့်။ ဒုက္ခသမုဒယံ၊ သော။ တံဣဒံအရိယသစ္စံ၊ ကို။မေ-မယာ၊ ငါဘုရားသည်။ ပဟာတဗ္ဗံ၊မဂ်ဉာဏ်တို့ဖြင့် ပယ်အပ်၏။ ဣတိ၊ ဤသို့။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊

ကုန်သော။ ဓမ္မေသု၊တို့၌။ စက္ခုံ၊သည်။ ဥဒပါဒိ၊၏။ပ။ အာလော ကော၊ သည်။ ဥဒပါဒိ၊ ၏။ (ဤဝါကျဖြင့် သမုဒယသစ္စာ၌ ကိစ္စ ဉာဏ်ကိုပြသည်)။ ဘိက္ခဝေ၊တို့။ ခေါပန၊ စင်စစ်သဖြင့်။ ဒုက္ခသမု ဒယံ၊ သော။ တံဣဒံအရိယသစ္စံ၊ကို။ မေမယာ၊ သည်။ ပဟာတဗ္ဗံ၊ မဂ်ဉာဏ်တို့ဖြင့် ပယ်အပ်၏။ဘိက္ခဝေ၊တို့။ မေမယာ၊သည်။ ပဟီနံ၊ မဂ်ဉာဏ်တို့ဖြင့်ပယ်အပ်ပြီ။ ဣတိ၊ ဤသို့။ ပုဗ္ဗေ၊ ၌။ အနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊တို့၌။ စက္ခုံ၊သည်။ ဥဒပါဒိ၊၏။ပ။ အာလော ကော၊ သည်။ ဥဒပါဒိ၊ ၏။ (ဤဝါကျဖြင့် သမုဒယသစ္စာ၌ ကတဉာဏ်ကိုပြသည်)။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤနိဗ္ဗာန်သည်။ ဒုက္ခ နိရောဓံ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ မည်၏။ ဣတိ၊ သို့။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊ နိရောဓသစ္စာ တရားတို့၌။ မေ၊ ငါဘုရား၏။ စက္ခုံ၊သည်။ ဥဒပါဒိ၊၏။ပ။ အာ လောကော၊ သည်။ ဥဒပါဒိ၊ ၏။ (ဤဝါကျဖြင့် နိရောဓသစ္စာ၌ သစ္စဉာဏ်ကို ပြသည်)။ ဘိက္ခဝေ၊ တို့။ ခေါပန၊ အားဖြင့်။ ဒုက္ခ နိရောဓံ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော။ တံဣဒံအရိယသစ္စံ၊ကို။မေမယာ၊ သည်။ သစ္ဆိကာတဗ္ဗံ၊မဂ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုအပ်၏။ ဣတိ၊ ဤသို့။ပုဗ္ဗေ၊၌။ အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊တို့၌။ စက္ခုံ၊ သည်။ ဥဒပါဒိ၊ ၏။ပ။ အာလောကော၊ သည်။ ဥဒပါဒိ၊ ၏။ (နိရောဓသစ္စာ၌ ကိစ္စဉာဏ်)။ ဘိက္ခဝေ၊ တို့။ ဒုက္ခနိရောဓံ၊ သော။ တံဣဒံအရိယသစ္စံ၊ကို။မေ-မယာ၊သည်။သစ္ဆိကတံ၊မဂ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုအပ်ပြီ။ ဣတိ၊ ဤသို့။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊တို့၌။ မေ၊၏။ စက္ခုံ၊ သည်။ ဥဒပါဒိ၊၏။ပ။ အာလောကော၊သည်။ ဥဒပါဒိ၊ ၏။ (နိရောဓသစ္စာ၌ ကတ ဉာဏ်)။ ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤမဂ္ဂင်ရှစ်ပါးသည်။ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ် သော။ အရိယသစ္စံ၊ မည်၏။ ဣတိ၊သို့။ ပုဗ္ဗေ၊၌။ အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊ မဂ္ဂင်ရှစ်ပါးတို့၌။ မေ၊ ၏။ စက္ခုံ၊ သည်။ ဥဒပါဒိ၊၏။ပ။ အာလောကော၊သည်။ဥဒပါဒိ၊၏။ (မဂ္ဂသစ္စာ၌

သစ္စဉာဏ်)။ ဘိက္ခဝေ၊ တို့။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ သော။ တံဣဒံအရိယသစ္စံ၊ ကို။ မေမယာ၊ သည်။ ဘာဝေတဗ္ဗံ၊ ပွားအပ်၏။ ဣတိ။သို့။ ပုဗ္ဗေ၊ ၌။အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊ တို့၌။မေ၊ ၏။စက္ခုံ၊ သည်။ ဥဒပါဒိ၊ ၏။ပ။ အာလောကော၊ သည်။ ဥဒပါဒိ၊ ၏။ (မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်)။ ဘိက္ခဝေ၊ တို့။ ဒုက္ခနိရောဓဂါမိနီပဋိပဒံ၊ သော။ တံဣဒံအရိယသစ္စံ၊ ကို။ မေမယာ၊ သည်။ ဘာဝိတံ၊ ပွားအပ်၏။ ဣတိ၊ ဤသို့။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု၊ ကုန်သော။ ဓမ္မေသု၊ တို့၌။မေ၊ ၏။ စက္ခုံ၊ သည်။ဥဒပါဒိ၊ ၏။ပ။အာလောကော၊ သည်။ ဥဒပါဒိ၊ ၏။ (မဂ္ဂသစ္စာ၌ကတဉာဏ်)။

၁၆။ ဘိက္ခဝေ၊ တို့။ ယာဝကီဝဉ္စ-ယတ္တကံကာလံ၊ အကြင်မျှလောက်သောကာလပတ်လုံး။ စတူသု၊ ကုန်သော။ ဣမေသု အရိယသစ္စေသု၊ ဤအရိယသစ္စာတို့၌။ ဧဝံ၊ သို့။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်,အားဖြင့် သုံးပါးသော အပြန်ရှိသော။ ဒွါဒသာကာရံ၊ တဆဲ့နှစ်ပါးသောအခြင်းအရာရှိသော။ ယထာဘူတံ၊ ဟုတ်မှန်တိုင်းဖြစ်သော။ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်။ မေ၊ ငါအား။ ဝိသုဒ္ဓံ၊ အလွန်သန့်ရှင်း စင်ကြယ်သည်။ နအဟောသိ၊ မဖြစ်သေး။ ဘိက္ခဝေ၊ တို့။ တာဝ၊ ထို ဉာဏ်အမြင်မစင်ကြယ်သေးသမျှကာလပတ်လုံး။အဟံ၊ငါသည်။သဒေဝကေ၊ နတ်ပြည်ငါးထပ်နှင့်တကွသော။ သမာရကေ၊ ဝသဝတ္တီနတ်ပြည်နှင့် တကွသော။ သဗြဟ္မကေ၊ဗြဟ္မာ့ပြည်နှင့်တကွသော။လောကေ၊ သြကာသလောက၌။သဿမဏဗြာဟ္မဏိယာ၊ ရဟန်းပုဏ္ဏားနှင့်တကွသော။သဒေဝ မနုဿာယ၊ သမ္မုတိနတ်တည်းဟူသောမင်း၊ ကြွင်းသော လူနှင့်တကွသော။ ပဇာယ၊ သတ္တလောက၌။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါ ဣတိ၊ ဟူ၍။ နေဝပစ္စညာသိံ၊ ဝန်မခံ။ ဘိက္ခဝေ၊ တို့။ ယတောစခေါ-ယဒါကာလေ၊ ၌။ စတူသု၊ ကုန်သော။ ဣမေသု အရိယသစ္စေသု၊ တို့၌။ ဧဝံ၊ ဤသို့။ တိပရိဝဋ္ဋံ၊ သော။ ဒွါဒသာ

ကာရံ၊ သော။ ယထာဘူတံ၊ သော။ ဉာဏဒဿနံ၊ သည်။ မေ၊ အား။ သုဝိသုဒ္ဓံ၊ သည်။ အဟောသိ၊ ၏။

**အဖွင့်** သစ္စာတပါးတပါး၌ အပြန်သုံးပါး ဖြစ်ဟန်ကား ဤသို့တည်း။ ဤတရားကား ဒုက္ခသစ္စာ၊ ဤတရားကား သမုဒယသစ္စာ၊ ဤတရားကား နိရောဓသစ္စာ၊ ဤတရားကား မဂ္ဂသစ္စာ၊ ဤသို့ သစ္စာတို့၏အချင်းချင်းမရောမယှက်သောအားဖြင့် ဟုတ်မှန်စွာသိသောဉာဏ်သည် သစ္စဉာဏ်မည်၏။ ပရိညေယျ, ပဟာတဗ္ဗ,သစ္ဆိကာတဗ္ဗ,ဘာဝေတဗ္ဗ, ကိစ္စကိုပိုင်းခြား၍ သိသော ဉာဏ်သည် ကိစ္စဉာဏ်မည်၏။ ပရိညေယျ-စသော ကိစ္စ၏ ပြုအပ်ပြီးသည်၏အဖြစ်ကို ဆုံးဖြတ်သောအားဖြင့် သိသော ဉာဏ်သည် ကတဉာဏ်မည်၏။ စတူသု သစ္စေသု ယထာဘူတဉာဏံ သစ္စဉာဏံ နာမ။ သာရဏ္ဍီပနီ။ ကတ္တဗ္ဗကိစ္စဇာနနဉာဏံ ကိစ္စဉာဏံ နာမ။ ဋီကာ။ တဿ ကတဘာဝဇာနနဉာဏံ ကတဉာဏံ နာမ။ ဋီကာ။ ပဋ္ဌမေန ပရိဝဋ္ဋေန စတုန္နံ သစ္စာနံ အညမညံ အသင်္ကရတော ပဋ္ဌမပညံ ဒဿေတိ။ ဒုတိယေန တေသံ ကတ္တဗ္ဗာကာရ ပရိဉ္ဉိန္ဒနံ။ တတိယေန သစ္စေသု သဉာဏကိစ္စသန္နိဋ္ဌာနံ ဒဿေတိ။ ဝဇိရဗုဒ္ဓိ။ ဤဋီကာတို့၌ ပြသောအရာကို နှလုံးမူ၍ ဉာဏ်သုံးပါး အသုံးကိုမှတ်။ သစ္စာတပါးတပါး၌ ဉာဏ်အပြန်သုံးပါးစီရှိသောကြောင့် အခြင်းအရာ တဆဲ့နှစ်ပါးရှိသည်ဟူလို။

* ဘိက္ခဝေ၊ တို့။ အထ-တသ္မိံ ကာလေ၊ ၌ ဉာဏ်အမြင် သန့်ရှင်းစွာ ဖြစ်သောအခါ၌။ အဟံ၊ ငါဘုရားသည်။ သဒေဝကေ၊ သော။ သမာရကေ၊ သော။ သဗြဟ္မကေ၊ သော။ လောကေ၊ ဩကာသလောက၌။ သဿမဏဗြာဟ္မဏိယာ၊ သော။ သဒေဝမနုဿာယ၊ သော။ ပဇာယ၊ သတ္တလောက၌။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါတိ၊ ထိုးထွင်း၍သိပြီဟူ၍။ ပစ္စညာသိံ၊ ဝန်ခံပြီ။ မေ၊ ငါ၏။ ဝိမုတ္တိ၊ အရဟတ္တဖိုလ်ကို။ အကုပ္ပါ၊ ဆန့်ကျင်ဘက် တရားတို့သည် မဖျက်ဆီးအပ်။ အယံ၊ ဤကိုယ်၏အဖြစ်သည်။ အန္တိမာ၊ အဆုံးစွန်ဖြစ်

သော။ ဇာတိ၊ အဖြစ်တည်း။ ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ ပုနဗ္ဘဝေါ၊ တဘန်ဘဝသစ်၌ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသို့။ မေ၊ ၏။ ဉာဏဒဿနံ၊ ပစ္စဝေက္ခဏာဉာဏ်သည်လည်း။ ဥဒပါဒိ၊ ဖြစ်ပြီ။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဣဒံဝစနံ၊ ဤ ဒွေမေဘိက္ခဝေ-အစရှိသောစကားတော်ကို။ အဝေါစ၊ မိန့်တော်မူ၏။ ပဉ္စဝဂ္ဂိယာ၊ ပဉ္စဝဂ္ဂီအမည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အတ္တမနာ၊ ဝမ်းမြောက်ကုန်သည် ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ ဟောတော်မူအပ်သော တရားတော်ကို။ အဘိနန္ဒုံ၊ အလွန်နှစ်သက်ကုန်ပြီ။ ဣတိ၊ ဤသို့။ ဣမသ္မိဉ္စပနဝေယျာကရဏသ္မိံ၊ ဤဂါထာမရှိ အမေးအဖြေနှင့် တကွသော ဝေယျာကရဏ်း တရားကို။ ဘညမာနေ၊ ဟောတော်မူအပ်သည် ရှိသော်။ အာယသ္မတော၊ ရှည်သော သက်တော်ရှိသော။ ကောဏ္ဍညဿ၊ ကောဏ္ဍညထေရ်အား။ ဝိရဇံ၊ အပါယ်လားစေတတ်သော ရာဂ အစရှိသော မြူလည်း ကင်းသော။ ဝီတမလံ၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာ အစရှိသော အညစ်အကြေးလည်း ကင်းသော။ ဓမ္မစက္ခုံ၊ သောတာပတ္တိမဂ် တည်းဟူသော ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ကိံ ဥဒပါဒိ၊ အဘယ်သို့ ထင်ရှားဖြစ်သနည်းဟူမူကား။ (ထည့်)။ ယံကိဉ္စိ၊ အလုံးစုံသော သင်္ခတတရားသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်းသဘောရှိ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသော သင်္ခတတရားသည်။ နိရောဓဓမ္မံ၊ ချုပ်ခြင်းသဘောရှိ၏။ ဣတိ၊ ဤသို့။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

**အမှာ** အလုံးစုံသော သင်္ခတတရားတို့၏ ဖြစ်ခြင်းချုပ်ခြင်းသည် သောတာပတ္တိမဂ်ဉာဏ်အား ထင်ရှားဖြစ်သည် ဆိုရာ၌ သောတာပတ္တိမဂ်ဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြု၍ သင်္ခတတရားတို့၏ ဖြစ်ခြင်း ချုပ်ခြင်းကို အသမ္မောဟ ပဋိဝေဓ၏ အစွမ်းအားဖြင့် သိသည်ကိုယူ။

၁၇။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မစက္ကေ၊ ဓမ္မစကြာ တရားတော်ကို။ ပဝတ္တိတေ၊ ဟောတော်မူအပ်သည် ရှိသော်။

ဘုမ္မာဒေဝါ၊ ဘုမ္မစိုဝ်းနတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ အနုသာဝေသုံ၊ တပြိုင်နက် ကြွေးကြော်ကုန်၏။ ကိံ အနုသာဝေသုံ၊ အဘယ်သို့ ကြွေးကြော်ကုန်သနည်း ဟူမူကား၊ (ထည့်)။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၏ အနီး၌။ ဣသိပတနေ၊ ဘုရားပစ္စေကဗုဒ္ဓါတို့၏ ကျရာဖြစ်သော။ မိဂဒါယေ၊သားတို့အား ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်တော၌။ သမဏေနဝါ၊ ရဟန်းသည်လည်းကောင်း။ ဗြာဟ္မဏေနဝါ၊ပုဏ္ဏားသည်လည်းကောင်း။ဒေဝေနဝါ၊နတ်သည် လည်းကောင်း။ မာရေနဝါ၊ မာရ်နတ်သည် လည်းကောင်း။ ဗြဟ္မုနာဝါ၊ ဗြဟ္မာသည်လည်းကောင်း။ လောကသ္မိံ၊ သတ္တလောက၌။ ကေနစိဝါ၊ တစုံယောက်သော သူသည်လည်း ကောင်း။ အပ္ပဋိဝတ္တိယံ၊ မဟောနိုင်သော။ အနုတ္တရံ၊ အတုမရှိသော။ ဓမ္မစက္ကံ၊ ဓမ္မစကြာတရားတော်ကို။ ပဝတ္တိတံ၊ဟောတော်မူအပ်ပြီ။ ဣတိ၊ ဤသို့။ အနုသာဒဝေသုံ၊ တပြိုင်နက် ကြွေးကြော်ကုန်၏။ ဘုမ္မာနံ၊ ဘုမ္မစိုဝ်းနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီး ပေးသောအသံကို။ သုတွာ၊ ကြားရ၍။ စာတုမဟာရာဇိကာဒေဝါ၊ တို့သည်။ အနုသာဝေသုံ၊အဆင့် ကြွေးကြော်ကုန်၏။ စာတုမဟာ ရာဇိကာနံဒေဝါနံ၊ စတုမဟာရာဇ်နတ်တို့၏။ သဒ္ဒံ၊ ကောင်းချီး ပေးသော အသံကို။ သုတွာ၊ကြားရ၍။ တာဝတိံသာဒေဝါ၊တာဝ တိံသာနတ်တို့သည် ။ပ။ ယာမာဒေဝါ၊ ယာမာနတ်တို့သည်။ပ။ တုသိတာဒေဝါ၊ တုသိတာနတ်တို့သည်။ပ။နိမ္မာနရတိဒေဝါ၊နိမ္မာ နရတိနတ်တို့သည် ။ပ။ ပရနိမ္မိတဝသဝတ္တီဒေဝါ၊ ပရနိမ္မိတဝသ ဝတ္တီနတ်တို့သည်။ပ။ ဗြဟ္မကာယိကာ၊ ဗြဟ္မာ့ပြည်၌ဖြစ်ကုန်သော။ ဒေဝါ၊ ဗြဟ္မာတို့သည်။ သဒ္ဒံ၊ ကောင်းချီး ပေးသော အသံကို။ အနုသာဝေသုံ၊ အဆင့်ကြွေးကြော်ကုန်၏။ ကိံ အနုသာဝေသုံ၊ အဘယ်သို့ ကြွေးကြော်ကုန်သနည်းဟူမူကား။ (ထည့်)။ ဘဂဝ တာ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ပြည်၏အနီး၌။ ဣသိ ပတနေ၊ ဘုရားပစ္စေကဗုဒ္ဓါတို့၏ကျရာဖြစ်သော။ မိဂဒါယေ၊သား

တို့အား ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်တော၌။ သမဏောနဝါ၊ ရဟန်းသည်လည်းကောင်း။ ဗြာဟ္မဏေနဝါ၊ ပုဏ္ဏားသည်လည်းကောင်း။ ဒေဝေနဝါ၊ နတ်သည် လည်းကောင်း။ မာရေနဝါ၊ မာရ်နတ်သည် လည်းကောင်း။ ဗြဟ္မုနာဝါ၊ ဗြဟ္မာသည်လည်းကောင်း။ လောကသ္မိံ၊ သတ္တလောက၌။ ကေနစိဝါ၊ တစုံတယောက်သော သူသည်လည်းကောင်း။ အပ္ပဋိဝတ္တိယံ၊ မပယ်နိုင်သော။ အနုတ္တရံ၊ အတုမရှိသော။ ဓမ္မစက္ကံ၊ ထိုဓမ္မစကြာတရားတော်ကို။ ပဝတ္တိတံ၊ ဟောတော်မူအပ်ပြီ။ ဣတိ၊ ဤသို့။ အနုဿာဝေသုံ၊ ကြွေးကြော်ကုန်၏။ တေနခဏေန၊ ထိုခဏဖြင့်။ တေနလယေန၊ ထိုလယဖြင့်။ တေနမုဟုတ္တေန၊ ထိုမုဟုတ်ဖြင့်။ ယာဝဗြဟ္မလောကာ၊ အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင်။ သဒ္ဒေါ၊ ကျော်စောသော အသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ ပြန့်၍တက်၏။ အယဉ္စ ဒသသဟဿိလောကဓာတု၊ ဤတသောင်းသော လောကဓာတ်စကြဝဠာသည်လည်း။ သံကမ္ပိ၊ သက်၍သက်၍လှုပ်၏။ သမ္ပကမ္ပိ၊ တက်၍တက်၍ လှုပ်၏။ သမ္ပဝေဓိ၊ ထိုမှဤမှ ယော၌ကဲ့သို့ လှုပ်၏။ အပ္ပမာဏော၊ အတိုင်းအရှည်မရှိသော။ ဥဠာရော၊ ပြန့်ပြောသော။ ဩဘာသော။ စိတ်တော်ကြောင့်ဖြစ်သော ဥတုသမုဋ္ဌာန်အရောင်အလင်းသည်။ လောကေ၊ လောက၌။ ဒေဝါနံ၊ နတ်ဗြဟ္မာတို့၏။ ဒေဝါနုဘာဝံ၊ နတ်ဗြဟ္မာတို့၏ အာနုဘော်ကို။ အတိက္ကမ္မ၊ လွန်၍။ ပါတုရဟောသိ၊ ထင်ရှားဖြစ်၏။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ ဣမံဥဒါနံ၊ ဤဝမ်းမြောက်သော စကားကို။ ဥဒါနေသိ၊ မြွက်တော်မူ၏။ ကိံဥဒါနေသိ၊ အဘယ်သို့မြွက်တော် မူသနည်း ဟူမူကား။ (ထည့်)။ ဘော၊ အိုရဟန်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ ဝတ၊ စင်စစ်။ အညာသိ၊ သစ္စာလေးပါးကို သိလေပြီ။ ဘော၊ အိုရဟန်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ ဝတ၊ စင်စစ်။ အညာသိ၊ သစ္စာလေးပါးကို သိလေပြီ။ ဣတိ၊ ဤသို့။ ဥဒါနေသိ၊ မြွက်တော်မူလေ၏။ ဣတိဟိ-ဣတိဧဝ၊ ဤသို့ ဥဒါန်း ကျူးတော်မူသောကြောင့်သာလျှင်။ အာယသ္မတောကောဏ္ဍညဿ၊ အရှင်

ကောဏ္ဍညထေရ်အား။အညာသိ ကောဏ္ဍညော တွေဝ၊အညာသိ
ကောဏ္ဍည-ဟူ၍သာလျှင်။ နာမံ၊ ဤအမည်သည်။အဟောသိ၊
ဖြစ်၏။ (ထိုပထေရ်သည် အနွယ်အားဖြင့် ကောဏ္ဍညမည်ရင်း
တည်း။ ဥဒါန်းကျူးရင့်မှ အညာသိကောဏ္ဍညမည်သည်)။

၁၈။ အထခေါ၊ ထို သောတာပန်ဖြစ်ပြီးသောအခါ၌။ အာ
ယသ္မာအညာသိကောဏ္ဍညော၊အရှင်အညာသိ ကောဏ္ဍညထေရ်
သည်။ဒိဋ္ဌဓမ္မော၊မြင်အပ်ပြီးသော သစ္စာတရားရှိသည်။ပတ္တဓမ္မော၊
ရောက်အပ်ပြီးသော သစ္စာတရားရှိသည်။ ဝိဒိတဓမ္မော၊ သိအပ်
ပြီးသော သစ္စာတရားရှိသည်။ ပရိယောဂါဠှဓမ္မော၊ ဉာဏ်ဖြင့်
သက်ဝင်အပ်ပြီးသော သစ္စာတရားရှိသည်။ တိဏ္ဏဝိစိကိစ္ဆော၊
ကူးမြောက်ပြီးသော ဝိစိကိစ္ဆာရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဝိဂတ
ကထံကထော၊ သို့လော သို့လောဟု တွေးတောယုံမှားခြင်း
ကင်းသည်။ ဟုတွာ၊ ဖြစ်၍။ သတ္ထုသာသနေ၊ မြတ်စွာဘုရားသာသနာ
တော်၌။ ဝေသာရဇ္ဇပ္ပတ္တော၊ ရဲရင့်ခြင်းသို့ ရောက်သည်။ ဟုတွာ၊
၍။အပ္ပရပ္ပစ္စယော၊ဘုရားမှတပါး ယုံကြည်အပ်သောသူမရှိသည်။
ဟုတွာ၊၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံဝစနံ၊ ဤသို့သော
စကားကို။ အဝေါစ၊ လျှောက်၏။ ကိံ အဝေါစ၊ အဘယ်သို့
လျှောက်သနည်းဟူမူကား။ (ထည့်)။ ဘန္တေ၊ အရှင်ဘုရား။အဟံ၊
အကျွန်ုပ်သည်။ ဘဂဝတော၊ အရှင်ဘုရား၏။ သန္တိကေ၊ အထံ
တော်၌။ ပဗ္ဗဇ္ဇံ၊ ရှင်၏အဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏။ ဥပသမ္ပဒံ၊
ပဉ္စင်းအဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏။ ဣတိ၊ ဤသို့။ အဝေါစ၊
လျှောက်၏။ဘိက္ခု၊ရဟန်း။ဧဟိ၊လာလော့။ဓမ္မော၊တရားတော်ကို။
သွာက္ခါတော၊ ကောင်းစွာဟောအပ်ပြီ။ ဒုက္ခဿ ဝဋ်ဆင်းရဲ၏။
အန္တကိရိယာယ၊အဆုံးကိုပြုခြင်းငှါ။သမ္မာ၊ကောင်းစွာ။ဗြဟ္မစရိယံ၊
အထက်မဂ်သုံးပါး တည်းဟူသော မြတ်သောအကျင့်ကို။ စရ၊
ကျင့်လော့။ ဣတိ၊ ဤသို့။ ဘဂဝါ၊သည်။ အဝေါစ၊ မိန့်တော်မူ၏။
အာယသ္မတော၊ ရှည်သောအသက်ရှိသော။ တဿ၊ ထိုအညာသိ

ကောဏ္ဍညအား။ သာဝဥပသမ္ပဒါ၊ ထို ဧဟိဘိက္ခုပဉ္စင်းအဖြစ်သည်သာလျှင်။ အဟောသိ၊ ဖြစ်၏။

၁၉။ အထခေါ၊ ဌ။ဘဂဝါ၊သည်။တဒဝသေသေ၊ထိုအညာသိကောဏ္ဍညမှကြွင်းကုန်သော။ ဘိက္ခူ၊ တို့ကို။ ဓမ္မိယာကထာယ၊ တရားစကားဖြင့်။ ဩဝဒတိ၊ ဆုံးမ၏။ အနုသာသိ၊ ကမြစ်တော်မူ၏။အထခေါ၊ ဌ။ အာယသ္မတောဝပ္ပဿစ၊ အရှင်ဝပ္ပထေရ်အားလည်းကောင်း။ အာယသ္မတော ဘဒ္ဒိယဿစ၊ အရှင်ဘဒ္ဒိယထေရ်အား လည်းကောင်း၊ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မိယာကထာယ၊ တရားစကားဖြင့်။ ဩဝဒိယမာနာနံ၊ ဆုံးမအပ်ကုန်သည်ရှိသော်။အနုသာသိယမာနာနံ၊ကမြစ်အပ်ကုန်သည်ရှိသော်။ ဝိရဇံ၊ အာ၊ါယ်သို့လားစေတတ်သော ရမ္မက်အစရှိသော မြူလည်းကင်းထသော။ဝီတမလံ၊ဒိဋ္ဌိ,ဝိစိကိစ္ဆာ အစရှိသောအညစ်အကြေးလည်းကင်းထသော။ ဓမ္မစက္ခုံ၊ သောတာပတ္တိမဂ်တည်းဟူသောဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ၏။ ယံကိဉ္စိ၊ အလုံးစုံသော သင်္ခတတရားသည်။ သမုဒယဓမ္မံ၊ဖြစ်ခြင်းသဘောရှိ၏။ တံ သဗ္ဗံ၊ထိုအလုံးစုံသော သင်္ခတတရားသည်။ နိရောဓဓမ္မံ၊ ချုပ်ခြင်းသဘောရှိ၏။ ဣတိ၊ ဤသို့။ ဥဒပါဒိ၊၏။ တေ၊ ထို ဝပ္ပ,ဘဒ္ဒိယတို့သည်။ ဒိဋ္ဌဓမ္မာ၊ မြင်အပ်ပြီးသော သစ္စာတရားရှိကုန်သည်။ ပတ္တဓမ္မာ၊ ရောက်အပ်ပြီးသော သစ္စာတရားရှိကုန်သည်။ ဝိဒိတဓမ္မာ၊ သိအပ်ပြီးသော သစ္စာတရားရှိကုန်သည်။ ပရိယောဂါဠ္ဟဓမ္မာ၊ ဉာဏ်ဖြင့် သက်ဝင်ပြီးသော သစ္စာတရားရှိကုန်သည်။ တိဏ္ဏဝိစိကိစ္ဆာ၊ကူးမြောက်ပြီးသော ဝိစိကိစ္ဆာရှိကုန်သည်။ ဟုတ္ဝာ၊ ကုန်၍။ ဝိဂတကထံကထာ၊ သို့လော သို့လောဟု တွေးတောယုံမှားခြင်း ကင်းကုန်သည်။ ဟုတွာ၊ဖြစ်ကုန်၍။ သတ္ထုသာသနေ၊ ဌ။ ဝေသာရဇ္ဇပ္ပတ္တာ၊ ရဲရင့်ခြင်းသို့ ရောက်ကုန်သည် ဖြစ်၍။ အပ္ပရပ္ပစ္စယာ၊ ဘုရားမှတပါး ယုံကြည်အပ်သောသူ မရှိကုန်သည်ဖြစ်၍။ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစုံ၊ ကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ဘဂဝတော၊ ၏။ သန္တိကေ၊ ဌ။ ပဗ္ဗဇ္ဇံ၊ ရှင်အဖြစ်ကို။

လဘောယျာမ၊ ရပါလိုကုန်၏။ ဥပသမ္ပဒံ၊ ပဉ္စင်းအဖြစ်ကို။ လဘေ
ယျာမ၊ရပါလိုကုန်၏။ဣတိ၊ဤသို့။ အဝေါစုံ၊ကုန်၏။ ဘိက္ခဝေါ၊
တို့။ ဧထ၊ လာကုန်လော့။ ဓမ္မော၊ ကို။ သွာခါတော၊ အစပ်ပြီ။
ဒုက္ခဿ၊၏။ အန္တကိရိယာယ၊ ငှါ။ သမ္မာ၊ စွာ။ ဗြဟ္မစရိယံ၊ ကို။
စရထ၊ ကျင့်ကုန်လော့။ဣတိ၊သို့။ ဘဂဝါ၊သည်။ အဝေါစ၊ မူ၏။
အာယသ္မန္တာနံ၊ ကုန်သော။ တေသံ၊ ထို ဝပ္ပ,ဘဒ္ဒိယ တို့အား။
သာဝဥပသမ္ပဒါ၊ ထိုဧဟိဘိက္ခုပဉ္စင်းအဖြစ်သည်လျှင်။အဟောသိ၊
၏။ အထခေါ၊ ဩ။ ဘဂဝါ၊သည်။ တဒဝသေသေ၊ ထိုသုံးယောက်
တို့မှ ကြွင်းကုန်သော။ ဘိက္ခူ၊တို့ကို။နီဟာရဘတ္တော၊ရွာမှဆောင်
အပ်သော ဆွမ်းရှိသည် ဖြစ်၍။ ဓမ္မိယာကထာယ၊ဖြင့်။ ဩဝဒတိ၊
၏။ အနုသာသိ၊၏။ ယံဘတ္တံ၊ အကြင်ဆွမ်းကို။ တယော၊ ကုန်
သော။ဘိက္ခူ၊ကောဏ္ဍည ဝပ္ပ ဘဒ္ဒိယ ရဟန်းတို့သည်။ ပိဏ္ဍာယ၊
ဆွမ်းအလို့ငှါ။ စရိတွာ၊ သွား၍။ အာဟရန္တိ၊ ဆောင်ကုန်၏။
တေနဘတ္တေန၊ ထိုသုံးယောက်ခံသောဆွမ်းဖြင့်။ ဆဗ္ဗဂ္ဂေါ၊ခြောက်
ယောက်သောအစုသည်။ ယာပေတိ၊မျှ၏။ အထခေါ၊ဩ။ အာယသ္မ
တော မဟာနာမဿစ၊ အရှင် မဟာနာမ်ထေရ်အား လည်း
ကောင်း။ အာယသ္မတောအဿဇိဿစ၊ အရှင်အဿဇိထေရ်အား
လည်းကောင်း။ ဘဂဝတာ၊သည်။ ဓမ္မိယာကထာယ၊ဖြင့်။ဩဝဒိ
ယမာနာနံ၊ ကုန်သည်ရှိသော်။ပ။ ဓမ္မစက္ခုံ၊ သည်။ ဥဒပါဒိ၊ ၏။
ယံကိဉ္စိ၊သည်။ သမုဒယဓမ္မံ၊ရှိ၏။ တံသဗ္ဗံ၊သည်။ နိရောဓဓမ္မံ၊ ရှိ၏။
ဣတိ၊ ဤသို့။ ဓမ္မစက္ခုံ၊ သည်။ ဥဒပါဒိ၊ ၏။ တေ၊ ထိုမဟာနာမ်,
အဿဇိတို့သည်။ ဒိဋ္ဌဓမ္မာ၊ ကုန်သည်။ပ။ အပ္ပရပ္ပစ္စယာ၊ ကုန်
သည်ဖြစ်၍။ ဘဂဝန္တံ၊ကို။ ဧတံဝစနံ၊ ကို။ အဝေါစုံ၊ ကုန်၏။
ဘန္တေ၊အရှင်ဘုရား။ မယံ၊တို့သည်။ဘဂဝတော၊၏။ သန္တိကေ၊ဌ။
ပဗ္ဗဇ္ဇံ၊ ကို။ လဘေယျာမ၊ ကုန်၏။ ဥပသမ္ပဒံ၊ ပဉ္စင်းအဖြစ်ကို။
လဘေယျာမ၊ ရလိုပါကုန်၏။ ဣတိ၊ ဤသို့၊ အဝေါစုံ၊ ကုန်၏။
ဘိက္ခဝေါ၊ တို့။ ဧထ၊ ကုန်လော့။ ဓမ္မော၊ ကို။ သွာခါတော၊
အစပ်ပြီ။ ဒုက္ခဿ၊ ၏။ အန္တကိရိယာယ၊ ငှါ။ သမ္မာ၊စွာ။ဗြဟ္မစရိယံ၊

ကို။ စရထ၊ကုန်လော့။ ဣတိ၊သို့။ ဘဂဝါ၊သည်။ အဝေါစ၊ မှာ၏။ အာယသ္မန္တာနံ၊ ကုန်သော။ တေသံ၊ ထို မဟာနာမ်, အဿဇိ တို့အား။ သာဝဥပသမ္ပဒါ၊ သည်လျှင်။ အဟောသိ၊ ၏။

**အမှာ** ဓမ္မစကြာ တရားကို ဟောတော်မူခြင်းငှါ ဗောဓိ မဏ္ဍိုင်မှ ဝါဆိုလပြည့်နေ့မိဂဒါဝုန်တောသို့ မြတ်စွာဘုရားကြွတော်မူ၍ အနောက်ကျွန်းမှာ နေဝင် အရှေ့ကျွန်းမှာ အာသဠှိနက္ခတ်နှင့် ယှဉ်လျက် လထွက်သဲအခါ၌ "ဒွေ မေ ဘိက္ခဝေ အန္တာ" အစရှိသည်ဖြင့် ဓမ္မစကြာတရားကို ဟောတော်မူသော အသံတော်သည် လည်းကောင်း, အညာသိဝတ ဘော ကောဏ္ဍညော-ဟု ဥဒါန်းကျူးရင့်သော အသံတော်သည်လည်းကောင်း,အရပ်မျက်နှာအတို့အားဖြင့်အောက်ကိုအဝီစိ အထက်ကို ဘဝဂ်ဗိလာအားဖြင့်တသောင်းသောလောကဓာတ်ဆိုက်အောင် ပျံ့နှံ့သည်။ ဓမ္မစကြာတရားကိုဟောသော အဆုံး၌ တဆဲ့ရှစ်ကုဋေသော ဗြဟ္မာနှင့်တကွ အရှင် ကောဏ္ဍည သောတာပတ္တိ ဖိုလ်၌ တည်၏။ လပြည့်ကျော်တရက်နေ့ ဝပ္ပ၊နှစ်ရက်နေ့ ဘဒ္ဒိယ၊ သုံးရက်နေ့ မဟာနာမ်၊ လေးရက်နေ့ အရှင် အဿဇိ သောတာပတ္တိဖိုလ်၌ တည်၏။ ဓမ္မစက္ကပ္ပဝတ္တန အနက်ပြီး၏။

၂၀။ အထ–ပဉ္စ၊ ထိုနောင်မှ။ ဘဂဝါ၊ သည်။ ပဉ္စဝဂ္ဂိယေ၊ ပဉ္စဝဂ္ဂီအမည်ရှိကုန်သော။ ဝါ၊ ငါးယောက် အစုရှိကုန်သော။ ဘိက္ခူ၊ တို့ကို။ အာမန္တေသိ၊မိန့်တော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်သည်။ အနတ္တာ၊ ကိုယ်မဟုတ်။(အစိုးမရ၊ အလိုသို့မလိုက်ဟုလည်းပေး)။ ဟိသစ္စံ၊ မှန်၏။ ဘိက္ခဝေ၊ တို့။ ဣဒဉ္စ ရူပံ၊ ဤရုပ်သည်ကား။ အတ္တာ၊ ကိုယ်သည် အစိုးရသည် အလိုသို့လိုက်သည်။ အဘဝိဿ၊ ဖြစ်ငြားအံ့။ ဣဒံရူပံ၊သည်။အာဗာဓာယ၊နာခြင်းငှါ။ နသံဝတ္တေယျ၊မဖြစ်ရာ။ ဧဝံ၊ဤသို့။ မေ၊၏။ ရူပံ၊သည်။ ဟောတိ၊ ဖြစ်လော့။ ဧဝံ၊ဤသို့။ မေ၊၏။ ရူပံ၊ သည်။ မာအဟောသိ၊ မဖြစ်စေလင့်။ ဣတိ၊ ဤသို့။ ရူပေ၊၌။ ဝသဝတ္တိ၊ အလိုသို့လိုက်ခြင်းကို။ လဗ္ဘေထ၊ ရလည်းရရာ၏။ ဘိက္ခဝေ၊ တို့။ ယသ္မာ၊ အကြင်

ကြောင့်လည်း။ရူပံ၊သည်။ အနတ္တာ၊ကိုယ်မဟုတ်။တသ္မာ၊ကြောင့်။ ရူပံ၊ သည်။ အာဗာဓာယ၊ နာခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ မေ၊ ၏။ ရူပံ၊သည်။ ဟောတု၊လော့။ ဧဝံ၊ဤသို့။ မေ၊၏။ ရူပံ၊သည်။ မာ အဟောသိ၊ မဖြစ်စေလင့်။ ဣတိ၊ဤသို့။ ရူပေ၊၌။ ဝသဝတ္တိ၊ အလိုသို့လိုက်ခြင်းကို။ န လဗ္ဘတိ၊ မရအပ်။ ဘိက္ခဝေ၊ တို့။ ဝေဒနာ၊ ဝေဒနာသည်။ အနတ္တာ၊ ကိုယ်မဟုတ်။ ဟိ သစ္စံ၊ မှန်၏၊ ဘိက္ခဝေ၊တို့၊ ဣဒံ-ဧသာဝေဒနာစ၊ သည်ကား။ အတ္တာ၊ သည်။ အဘဝိဿ၊ငြားအံ့။ ဣဒံ-ဧသာဝေဒနာ၊ သည်။ အာဗာဓာယ၊ နာခြင်းငှါ။ နသံဝတ္တေယျ၊ မဖြစ်ရာ။ ဧဝံ၊ ဤသို့။ မေ၊၏။ ဝေဒနာ၊သည်။ ဟောတု၊ လော့။ ဧဝံ၊ဤသို့။ မေ၊ ၏။ ဝေဒနာ၊ သည်။ မာ အဟောသိ၊ မဖြစ်စေလင့်။ ဣတိ၊ ဤသို့။ ဝေဒနာယ၊ ၌။ ဝသဝတ္တိ၊ ကို။ လဗ္ဘေထစ၊ ရလည်းရရာ၏။ ဘိက္ခဝေ၊တို့။ ယသ္မာစ၊ကြောင့်လည်း။ ဝေဒနာ၊ သည်။အနတ္တာ၊ ကိုယ်မဟုတ်။ တသ္မာ၊ ကြောင့်။ ဝေဒနာ၊ သည်။ အာဗာဓာယ၊ နာခြင်းငှါ။ သံဝတ္တတိ၊ ၏။ ဧဝံ၊ဤသို့။ မေ၊၏။ ဝေဒနာ၊ သည်။ ဟောတု၊ လော့။ ဧဝံ၊ဤသို့။မေ၊၏။ဝေဒနာ၊သည်။မာ အဟောသိ၊ စေလင့်။ဣတိ၊ဤသို့။ ဝေဒနာယ၊၌။ ဝသဝတ္တိ၊ကို။ နစ လဗ္ဘတိ၊ မရအပ်။ သညာ၊ သညာသည်။ အနတ္တာ၊ကိုယ်မဟုတ်။ပ။သင်္ခါရာ၊ သင်္ခါရတို့သည်။ အနတ္တာ၊ ကိုယ်မဟုတ်ကုန်။ ဟိ သစ္စံ၊၏။ဘိက္ခဝေ၊ တို့။ ဣဒဉ္စ-ဣမေ သင်္ခါရာ၊ တို့သည်ကား။ အတ္တာ၊ သည်။ အဘဝိဿံသု၊ ကုန်ငြားအံ့။ ဣဒံ-ဣမေ သင်္ခါရာ၊တို့သည်။ အာဗာဓာယ၊ ငှါ။ နသံဝတ္တေယျုံ၊ကုန်ရာ။ ဧဝံ၊ဤသို့။မေ၊၏။ သင်္ခါရာ၊တို့သည်။ ဟောန္တု၊ ကုန်လော့။ ဧဝံ၊ ဤသို့။ မေ၊ ၏။ သင်္ခါရာ၊ တို့သည်။ မာ အဟေသုံ၊ မဖြစ်စေကုန်လင့်။ ဣတိ၊ ဤသို့။ သင်္ခါရေသု၊ တို့၌။ ဝသဝတ္တိ၊ ကို။ လဗ္ဘေထစ၊ ရာ၏။ ဘိက္ခဝေ၊ တို့။ ယသ္မာစ၊ ကြောင့်လည်း။ သင်္ခါရာ၊ တို့သည်။ အနတ္တာ၊ ကိုယ်မဟုတ်ကုန်။ တသ္မာ၊ ကြောင့်။ သင်္ခါရာ၊ တို့သည်။ အာဗာဓာယ၊ ငှါ။ သံဝတ္တန္တိ၊ ကုန်၏။ ဧဝံ၊ဤသို့။ မေ၊၏။သင်္ခါရာ၊တို့သည်။ဟောန္တု၊ ကုန်လော့။

ဧဝံ၊ ဤသို့။ မေ၊ ၏။ သင်္ခါရာ၊ တို့သည်။ မာအဟေသုံ၊ စေကုန်လင့်။ ဣတိ၊ ဤသို့။ သင်္ခါရေသု၊ တို့၌။ ဝသဝတ္တိ၊ ကို။ နစလဗ္ဘတိ၊ မရအပ်။ ဘိက္ခဝေ၊ တို့။ ဝိညာဏံ၊ ဝိညာဏ်သည်။ အနတ္တာ၊ ကိုယ်မဟုတ်။ ဟိသစ္စံ၊ ၏။ ဘိက္ခဝေ၊ တို့။ ဣဒံဝိညာဏံ၊ သည်လည်း။ အတ္တာ၊ သည်။ အဘဝိဿ၊ မူကား။ ဣဒံဝိညာဏံ၊ သည်။ အာဗာဓာယ၊ ငှါ။ နသံဝတ္တေယျ၊ ရာ။ ဧဝံ၊ ဤသို့။ မေ၊ ၏။ ဝိညာဏံ၊ သည်။ ဟောတု၊ လော့။ ဧဝံ၊ ဤသို့။ မေ၊ ၏။ ဝိညာဏံ၊ သည်။ မာအဟောသိ၊ စေလင့်။ ဣတိ၊ ဤသို့။ ဝိညာဏေ၊ ၌။ ဝသဝတ္တိ၊ ကို။ လဗ္ဘေထ၊ ရာ၏။ ဘိက္ခဝေ၊ တို့။ ယသ္မာစ၊ ကြောင့်လည်း။ ဝိညာဏံ၊ သည်။ အနတ္တာ၊ ကိုယ်မဟုတ်။ တသ္မာ၊ ကြောင့်။ ဝိညာဏံ၊ သည်။ အာဗာဓာယ၊ ငှါ။ သံဝတ္တတိ၊ ၏။ ဧဝံ၊ ဤသို့။ မေ၊ ၏။ ဝိညာဏံ၊ သည်။ ဟောတု၊ လော့။ ဧဝံ၊ ဤသို့။ မေ၊ ၏။ ဝိညာဏံ၊ သည်။ မာအဟောသိ၊ စေလင့်။ ဣတိ၊ ဤသို့။ ဝိညာဏေ၊ ၌။ ဝသဝတ္တိ၊ ကို။ နလဗ္ဘတိ၊ အပ်။ (ရုပ် နာမ် တရားသည် ဥပါဒ်မှသည် ဌီသို့မရောက်စေလင့်၊ ဌီမှသည် ဘင်သို့ မရောက်စေလင့်ဟု တောင့်တသော်လည်း တောင့်တသည့် အတိုင်း အလိုသို့ မလိုက်သောကြောင့် အနတ္တမည်ကုန်၏)။

၂၁။ ဘိက္ခဝေ၊ တို့။ မယာ၊ သည်။ ဝုစ္စမာနံ၊ ဟောလတ္တံ့သော။ ယံဝစနံ၊ အကြင်စကားသည်။ အတ္ထိ၊ ရှိ၏။ တံဝစနံ၊ ကို။ တုမှေ၊ သင်ရဟန်းတို့သည်။ ကိံမညထ၊ အဘယ်သို့ အောက်မေ့ကုန်သနည်း။ ဘိက္ခဝေ၊ တို့။ ရူပံ၊ သည်။ နိစ္စံဝါ၊ နိစ္စလော။ အနိစ္စံဝါ၊ အနိစ္စလော။ ဣတိ၊ ဤသို့။ ပုဋ္ဌာ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အနိစ္စံ၊ အနိစ္စတည်း။ ဣတိ၊ သို့။ အဝေါစ၊ လျှောက်၏။ (ဣတိအဝေါစကား ပါဌ်သေသ)။ ယံပနရူပံ၊ အကြင်ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ တံရူပံ၊ သည်။ ဒုက္ခံဝါ၊ ဒုက္ခလော။ သုခံဝါ၊ သုခလော။ ဣတိ၊ ဤသို့။ ပုဋ္ဌာ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဒုက္ခံ၊ ဒုက္ခတည်း။ ဣတိ၊ သို့။ အဝေါစ၊ ၏။ (ဣတိအဝေါစကား ပါဌ်သေသ)။ ယံပနရူပံ၊ အကြင်ရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊

ဘောက်ပြန်တတ်သော သဘောရှိ၏။ တံ ရူပံ၊ ထိုရုပ်ကို။ ဧတံရူပံ၊ ဤရုပ်သည်။မမ၊ ငါ၏။ ရူပံ၊ ရုပ်တည်း။ဧသောဓမ္မော၊ ဤရုပ်တရားသည်။ အဟံအသ္မိ၊ ငါဖြစ်၏။ ဧသောဓမ္မော၊ ဤရုပ်တရားသည်။ မေ၊ ငါ၏။ အတ္တာ၊ ကိုယ်တည်း။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ ရှုခြင်းငှါ၊ ကလ္လံနု၊ သင့်အံ့လော။ဘန္တေ၊ အရှင်ဘုရား။ ဧတံရူပံ၊ ကို။ ဧဝံ၊ ဤသို့။ သမနုပဿိတုံ၊ ရှုခြင်းငှါ။ နောဟိကလ္လံ၊ မသင့်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ ဝေဒနာ၊ ဝေဒနာသည်။ပ။ သညာ၊ သညာသည်။ပ။ သင်္ခါရာ၊ သင်္ခါရတို့သည်။ပ။ ဝိညာဏံ၊ ဝိညာဏ်သည်။ နိစ္စံဝါ၊ လော။ အနိစ္စံဝါ၊လော။ ဣတိ၊ သို့။ ပုစ္ဆိ၊ ၏။ ဘန္တေ၊ အရှင်ဘုရား။ အနိစ္စံ၊ တည်း။ ယံပနဝိညာဏံ၊ အကြင်ဝိညာဉ်သည်။အနိစ္စံ၊ အမြဲမရှိ။ တံဝိညာဏံ၊ သည်။ ဒုက္ခံဝါ၊ လော။သုခံဝါ၊လော။ဣတိ၊သို့။ပုစ္ဆိ၊၏။ဘန္တေ၊အရှင်ဘုရား။ဒုက္ခံ၊ တည်း။ ဣတိ၊သို့။ အဝေါစ၊၏။ယံပနဝိညာဏံ၊သည်။ အနိစ္စံ၊အမြဲမရှိ။ ဒုက္ခံ၊၏။ ဝိပရိဏာမဓမ္မံ၊၏။ တံဝိညာဏံ၊ ကို။ ဧတံဝိညာဏံ၊ သည်။ မမ၊ ၏။ ဝိညာဏံ၊ တည်း။ ဧသော၊ ဤဝိညာဉ်သည်။ အဟံ၊သည်။ အသ္မိ ၏။ဧသော၊ဤဝိညာဉ်သည်။ မေ၊ ၏။ အတ္တာ၊ တည်း။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ ရှုခြင်းငှါ။ ကလ္လံနု၊ လော။ ဘန္တေ၊ အရှင်ဘုရား။ ဧတံဝိညာဏံ၊ ကို။ ဧဝံ၊သို့။ သမနုပဿိတုံ၊ ရှုခြင်းငှါ။ နောဟိကလ္လံ၊ တည်း။ ဣတိ၊ ဤသို့။ အဝေါစ၊၏။

**အမှာ** ရုပ်နာမ်တရားသည်ဖြစ်ခြင်း ပျက်ခြင်း၏ အစွမ်းဖြင့် ဖြစ်တတ်သောကြောင့် လည်းကောင်း, ဇရာမရဏတို့ဖြင့် ဘောက်ပြန်တတ်သောကြောင့်လည်းကောင်း,ဥပါဒ်ဌီဘင်ဟု ဆိုအပ်သော တိုသောကာလနှင့် ယှဉ်ခြင်းကြောင့် လည်းကောင်း အနိစ္စမည်၏။ ရုပ်နာမ်တရားသည် ရင့်ခြင်း ပျက်ခြင်းတို့ဖြင့် မပြတ်နှိပ်စက်ခြင်းကြောင့် ဒုက္ခမည်၏။ အနတ္တမည်ခြင်းအကြောင်းမှာ ဟောတော်မူသော ပါဠိတော်အတိုင်းမှတ်။

၂၂။ ဘိက္ခဝေ၊ တို့၊ တသ္မာ၊ ကြောင့်။ (တိဟ အနက်မရှိ)။ အတီတာနာဂတပစ္စုပ္ပန္နံဝါ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်

သော။အဇ္ဈတ္တံဝါ၊အဇ္ဈတ္တလည်းဖြစ်သော။ဗဟိဒ္ဓါဝါ၊ ဗဟိဒ္ဓလည်း
ဖြစ်သော။ ဩဠာရိကံဝါ၊ ဩဠာရိကလည်းဖြစ်သော။ သုခုမံဝါ၊
သုခုမလည်းဖြစ်သော။ ဟီနံဝါ၊ဟီနလည်းဖြစ်သော။ ပဏီတံဝါ၊
ပဏီတလည်းဖြစ်သော။ ဒူရေဝါ၊ဒူရေလည်းဖြစ်သော။ သန္တိကေ
ဝါ၊ သန္တိကေလည်း ဖြစ်သော။ ယံကိဉ္စိ၊အလုံးစုံသော။ ယံရူပံ၊
သည်။ အတ္ထိ၊၏။ သဗ္ဗံ၊သော။ ဧတံရူပံ၊ သည်။ မမ၊၏။ နရူပံ၊
ရုပ်မဟုတ်။ ဧသောဓမ္မော၊ ဤရုပ်တရားသည်။ အဟံနအသ္မိ၊
ငါမဖြစ်။ ဧသောဓမ္မော၊ သည်။ မမ၊ ၏။ အနတ္တာ၊ ကိုယ်မဟုတ်။
ဣတိဧဝံ၊ သို့။ ဧတံရူပံ၊ကို။ ယထာဘူတံ၊ ဟုတ်သောအတိုင်း။
သမ္မပ္ပညာယ၊ ကောင်းသောပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ရှုအပ်၏။ (ပသာဒ
ရုပ်သည် အဇ္ဈတ္တမည်၏။ ကြွင်းသော ရုပ်သည် ဗဟိဒ္ဓမည်၏။
တနည်းကား မိမိသန္တာန်၌ ဖြစ်သော ရုပ်သည် အဇ္ဈတ္တမည်၏။
သူတပါးသန္တာန်၌ဖြစ်သောရုပ်သည် ဗဟိဒ္ဓမည်၏။ဤသို့ သာရတ္ထ
ဒီပနီ၌ နှစ်နည်းဝေဘန်သည်)။ ယာကာစိဝေဒနာ၊ အလုံးစုံသော
ဝေဒနာသည်။ပ။ယာကာစိသညာ၊အလုံးစုံသောသညာသည်။ပ။
ယေကေစိသင်္ခါရာ၊ အလုံးစုံသောသင်္ခါရတို့သည်။ပ။ အတီတာနာ
ဂတပစ္စုပ္ပန္နံဝါ၊ သော။ပ။ ယံကိဉ္စိ၊ သော။ ယံဝိညာဏံ၊ သည်။
အတ္ထိ၊၏။ သဗ္ဗံ၊ သော။ ဧတံဝိညာဏံ၊သည်။ မမ၊၏။ နဝိညာဏံ၊
မဟုတ်။ ဧသောဓမ္မော၊ ဤဝိညာဉ်တရားသည်။ အဟံနအသ္မိ၊
ငါမဖြစ်။ဧသောဓမ္မော၊သည်။နအတ္တာ၊ကိုယ်မဟုတ်။ ဣတိဧဝံ၊ သို့။
ဧတံဝိညာဏံ၊ကို။ ယထာဘူတံ၊ဟုတ်သောအတိုင်း။ သမ္မပ္ပညာယ၊
ဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။

၂၃။ ဘိက္ခဝေ၊တို့၊ ဧဝံ၊ ဤသို့။ ပဿံ-ပဿန္တော၊ ရှုသည်
ရှိသော်။သုတဝါ၊အကြားအမြင်ရှိသော။အရိယသာဝကော၊
ဤအရိယာဖြစ်သော တပည့်သားသည်။ ရူပသ္မိံပိ၊ ရုပ်၌လည်း။
နိဗ္ဗိန္ဒတိ ငြီးငွေ၏။ ဝေဒနာယပိ၊ ၌လည်း။နိဗ္ဗိန္ဒတိ၊၏။သညာယပိ၊
၌လည်း၊ နိဗ္ဗိန္ဒတိ၊ ၏။ သင်္ခါရေသုပိ၊ တို့၌လည်း။ နိဗ္ဗိန္ဒတိ၊၏။
ဝိညာဏသ္မိံပိ၊ ၌လည်း။ နိဗ္ဗိန္ဒတိ၊၏။ နိဗ္ဗိန္ဒံ-နိဗ္ဗိန္ဒန္တော၊ ငြီးငွေ

သည်ဖြစ်၍။ ဝိရဇ္ဇတိ၊ တပ်ခြင်းကင်း၏။ ဝိရာဂါ၊ တပ်ခြင်း ကင်းခြင်းကြောင့်။ ဝိမုစ္စတိ၊ ကိလေသာမှလွတ်၏။ ဝိမုတ္တသ္မိံ၊ ကိလေသာမှလွတ်ပြီးသောဖိုလ်၌။ အဟံ၊ သည်၊ ဝိမုတ္တံ၊ လွတ်သည်။ အမှိ၊ ဖြစ်ပြီ။ ဣတိ၊ သို့။ ဉာဏံ၊ ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ၏။ ဇာတိ၊ ပဋိသန္ဓေသည်။ ခီဏာ၊ ကုန်ပြီ။

အမှာ — အရဟတ္တဖလ်ဖြင့် ဝဋ်မြစ်မူလ ပြတ်ခြင်းကြောင့် ရှေးဘဝကံဟောင်းလည်း မီးလောင်သော မျိုးစေ့ကဲ့သို့ ဖြစ်၍ ပဋိသန္ဓေတည်းဟူသောအကျိုးကို မဖြစ်စေနိုင်။ ပစ္စုပ္ပန်ဘဝကံသည်လည်း အမြစ်ပြတ်သော သစ်ပင်ကဲ့သို့ ဖြစ်၍ ပဋိသန္ဓေတည်းဟူသောအကျိုးကို မဖြစ်စေနိုင်။ ဤအဓိပ္ပါယ်ကိုရည်၍ ဇာတိကုန်သည်ဟု ဟောသည်။ အနာဂတ်ပဋိသန္ဓေမဖြစ် ဆိုလိုသည်။

ဗြဟ္မစရိယံ၊ မဂ်ဟူသောသီတင်းကို။ ဝုသိတံ၊ သုံးအပ်ပြီး။ ကရဏီယံ၊ ပြုအပ်သောကိစ္စကို။ ကတံ၊ ပြုအပ်ပြီ။ အပရံ၊ တပါးသော။ ဣတ္ထတ္တာယ၊ တဆဲ့ခြောက်ပါးသောကိစ္စဖြစ်ခြင်းငှါ။ နအတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ၏။

၂၄။ ဘဂဝါ၊ သည်။ ဣဒံဝစနံ၊ ကို။ အဝေါစ၊ ၏။ ပဉ္စဝဂ္ဂိယာ၊ ရှိကုန်သော။ ဘိက္ခူ၊ တို့သည်။ အတ္တမနာ၊ ဝမ်းမြောက်ကုန်သည် ဖြစ်၍။ ဘဂဝတော၊ ၏။ ဘာသိတံ၊ ကို။ အဘိနန္ဒုံ၊ နှစ်သက်ကုန်၏။ ဣမသ္မိံ၊ စ ဝေယျာကရဏသ္မိံ၊ ဤဂါထာမရှိ အမေးအဖြေနှင့်တကွသော ဝေယျာကရဏ်းတရားကို။ ဘညမာနေ၊ ဟောတော်မူအပ်သည်ရှိသော်။ ပဉ္စဝဂ္ဂိယာနံ၊ ရှိကုန်သော။ ဘိက္ခူနံ၊ တို့အား။ အာသဝေဟိ၊ အာသဝေါတရားတို့ဖြင့်။ အနုပါဒါယ၊ ငါ ငါ၏ ဥစ္စာဟု မယူမူ၍။ စိတ္တာနိ၊ တို့သည်။ ဝိမုစ္စိံသု၊ လွတ်ကုန်၏။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ လောကေ၊ ၌။ ဆ၊ ခြောက်ယောက်ကုန်သော။ အရဟန္တော၊ ရဟန္တာတို့သည်။ ဟောန္တိ၊ ကုန်၏။ (ဝါဆို လပြည့်ကျော် ငါးရက်နေ့ အနတ္တလက္ခဏာသုတ်ကို ဟောမှ ပဉ္စဝဂ္ဂီ

ငါးယောက် ရဟန္တာဖြစ်သည်။ မြတ်စွာဘုရားနှင့် ပဉ္စဝဂ္ဂီကို ပေါင်း၍ ခြောက်ပါးရှိသည်)။

ပဉ္စဝဂ္ဂိယကထာ၊ သည်။ နိဋ္ဌိတာ၊ ပြီး။

ပဌမဘာဏဝါရော၊ သည်။ နိဋ္ဌိတော၊ ပြီး။

---

၂၅။ တေန ခေါ ပန သမယေန၊ ထို၌။ ဗာရာဏသိယံ၊ ၌။ ကုလပုတ္တော၊ မြတ်သောအမျိုး၏ သားဖြစ်သော။ ယသော နာမ၊ ယသအမည်ရှိသော။ သေဋ္ဌိပုတ္တော၊ သူဌေး၏သားသည်။ သုခုမာလော၊ နူးညံ့သည်။ ဟောတိ၊ ၏။ တဿ၊ ထိုယသအမည်ရှိသော သူဌေးသားအား။ ဧကော၊ တဆောင်သော။ ဟေမန္တိကော၊ ဆောင်းလအခါနေသော ပြာသာဒ်လည်းကောင်း။ ဧကော၊ တဆောင်သော ဂိမှိကော၊ နွေလအခါနေသော ပြာသာဒ်လည်းကောင်း။ ဧကော၊ တဆောင်သော။ ဝဿိကော၊ မိုးလအခါနေသော ပြာသာဒ်လည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးဆောင်ကုန်သော။ ပါသာဒါ၊ ပြာသာဒ်တို့သည်။ ဟောန္တိ၊ ကုန်၏။ သော၊ ထိုယသအမည်ရှိသော သူဌေးသားသည်။ ဝဿိကေ၊ မိုးလ၌နေသော။ ပါသာဒေ၊ ပြာသာဒ်၌။ စတ္တာရော မာသေ၊ လေးလတို့ ပတ်လုံး။ နိပ္ပုရိသေဟိ၊ ယောက်ျားမရှိကုန်သော။ တူရိယေဟိ၊ မိန်းမတီးမှုတ်သော တူရိယာတို့ဖြင့်။ ပရိစာရိယမာနော၊ စံပယ်လျက်။ ဟေဋ္ဌာပါသာဒံ၊ အောက်ပြာသာဒ်သို့။ န ဩရောဟတိ၊ မသက်။ အထခေါ၊ ၌။ ပဉ္စဟိ၊ ကုန်သော။ ကာမဂုဏေဟိ၊ တို့ဖြင့်။ သမပ္ပိတဿ၊ လျက်။ သမင်္ဂီဘူတဿ၊ ပြည့်စုံလျက်။ ပရိစာရိယမာနဿ၊ စံပယ်သော။ ကုလပုတ္တဿ၊ သော။ ယသဿ၊ ၏။ ပဋိကစ္စေဝ၊ ရှေးဦးစွာလျှင်။ နိဒ္ဒါ၊ အိပ်ခြင်းသို့။ ဩက္ကမိ၊ ရောက်၏။ ပရိဇနဿပိ၊ ပရိသတ်၏လည်း။ နိဒ္ဒါ၊ သို့။ ဩက္ကမိ၊ ၏။ သဗ္ဗရတ္တိယော၊ အလုံးစုံသော ညဉ့်တို့ပတ်လုံးလည်း။ တေလပဒီပေါ၊ ဆီမီးတို့။ ဈာယတိ၊ ညီးထွန်း၏။ အထခေါ၊ ၌။ ကုလပုတ္တော၊ သော။ ယသော၊ သည်။ ပဋိကစ္စေဝ၊ ရှေးဦးစွာလျှင်။ ပဗုဇ္ဈိတွာ၊ နိုး၍။ အဒ္ဒသာ၊ တယောက်

သော မိန်းမ၏။ ကဏ္ဍေ၊ လက်ကတီး၌။ ဝိကာံ၊ စောင်းပိုက်လျက်။ အညိဿာ၊ တယောက်သောမိန်းမ၏။ ကဏ္ဌေ၊ လည်၌။ မုဒိင်ံ၊ မုရိုးစည်လွယ်လျက်။ အညိဿာ၊ ၏။ ကဏ္ဍေ၊ လက်ကတီး၌။ အာဠမ္ဗရံ၊ယက်စည်ပိုက်လျက်။အညံ၊ တယောက်သောမိန်းမကား။ ဝိကေသိကံ၊ ဖရိုဖရဲဆံရှိလျက်။ အညံ၊ တယောက်သောမိန်းမကား။ ဝိကေဠိကံ၊ အရိယိုလျက်။ အညာ၊ တပါးသော မိန်းမတို့ကား။ ဝိပ္ပလပန္တိယော၊ ရောင်ရမ်းကုန်လျက်။ ဟတ္ထပတ္တံ၊ လက်ပါးသို့ ရောက်သော။ သုသာနံမသြေ၊သုသာန်ကဲ့သို့။ သုပန္တိ၊ အိပ်သော။ သကံပရိဇနံ၊ မိမိပရိသတ်ကို။ အဒ္ဒသ၊ မြင်လေ၏။ ဒိသွာန၊ ၍။ အဿ၊ ထိုသူဌေးသားအား။ အာဒီနဝေါ၊ အပြစ်သည်။ ပါတုရဟောသိ၊၏။ နိဗ္ဗိဒါယ၊ ငြီးငွေ့ခြင်းငှါ။ စိတ္တံ၊စိတ်သည်။ သဏ္ဌာတိ၊ ကောင်းစွာတည်၏။ အထခေါ၊ ၌။ ကုလပုတ္တော၊ ဖြစ်သော။ ယသော၊ သည်။ ဥပဒ္ဒုတံဝတဘော ဥပဿဋ္ဌံဝတဘောတိ၊ ဘော ဟူ၍။ ဥဒါနံ၊ သံဝေဂ၏ အစွမ်းကြောင့်ဖြစ်သော ဥဒါန်းကို။ ဝါ၊ ဤနေ့မှစ၍ ဤမိန်းမတို့နှင့် တကွမဖြစ်အံ့ဟူသော စကားကို။ ဥဒါနေသိ၊ မြွက်၏။ (ရှေ့နည်း သာရတ္ထဒီပနီ။ နောက်နည်း ဝဇိရဗုဒ္ဓိ)။ ဘော၊ အချင်းတို့။ ဥပဒ္ဒုတံဝတ၊ တကျော အစရှိသော ကိလေသာတို့သည် နှိပ်စက်အပ်စွာ့တကား။ဘော၊ အချင်းတို့။ ဥပဿဋ္ဌံဝတ၊ တကျောအစရှိသော ကိလေသာတို့သည် ညှဉ်းဆဲအပ်စွာ့ တကား။ အထခေါ၊၌။ ကုလပုတ္တော၊သော။ ယသော၊ သည်။ သုဝဏ္ဏပါဒုကာယော၊ရွှေခြေနင်းတို့ကို။ အာရောဟိတွာ၊စီး၍။ယေန၊အကြင် အရပ်၌။ နိဝေသနဒွါရံ၊ အိမ်တံခါးသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုအိမ်တံခါးသို့။ ဥပသင်္ကမိ၊ ၏။ အမနုဿာ၊ နတ်တို့သည်။ ဒွါရံ၊ ကို။ ဝိဝရိံသု၊ ဖွင့်ကုန်၏။ ကုလပုတ္တဿ၊ သော။ ယသဿ၊ အား။ အဂါရသ္မာ၊ လူ၏ဘောင်မှ။ အနဂါရိယံ၊ ရဟန်းဘောင်၌။ ပဗ္ဗဇ္ဇာယ၊ ၏။ အန္တရာယံ၊ အန္တရာယ်ကို။ ကောစိ၊ တစုံတယောက်သော သူသည်။ မာအကာသိ၊မပြုစေလင့်။ ဣတိမနသိကတွာ၊ဤသို့နှလုံး သွင်း၍။ အမနုဿာ၊နတ်တို့သည်။ ဒွါရံ၊ တံခါးကို။ ဝိဝရိံသု၊

ဖွင့်ကုန်၏။ အထခေါ၊ ဋ္ဌ။ ကုလပုတ္တော၊ သော။ ယသော၊ သည်။ ယေန၊ အကြင်အရပ်၌။ နဂရဒွါရံ၊ မြို့တံခါးသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုမြို့တံခါးသို့။ ဥပသင်္ကမိ၊ ၏။ အမနုဿာ၊ တို့သည်။ ဒွါရံ၊ တံခါးကို။ ဝိဝရိံသု၊ ဖွင့်ကုန်၏။ ကုလပုတ္တဿ၊ သော။ ယသဿ၊ အဘား။ပ။ ဒွါရံ၊ ကို။ ဝိဝရိံသု၊ ဖွင့်ကုန်၏။ အထခေါ၊ ဋ္ဌ။ ကုလပုတ္တော၊ သော။ ယသော၊ ယသသည်။ ယေန၊ အကြင်အရပ်၌။ ဣသိပတနမိဂဒါယော၊ ဣသိပတနမိဂဒါဝုန်တောသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုမိဂဒါဝုန်တောသို့။ ဥပသင်္ကမိ၊ ၏။

၂၆။ တေနခေါပန သမယေန၊ ဋ္ဌ။ ဘဂဝါ၊ သည်။ ရတ္တိယာ၊ ၏။ ပစ္စူသသမယံ၊ မိုးသောက်ထအခါ၌။ ပစ္စုဋ္ဌာယ၊ စောစော ထ၍။ အဗ္ဘောကာသေ၊ ဋ္ဌ။ စင်္ကမတိ၊ စင်္ကြံကြွတော်မူ၏။ ဘဂဝါ၊ သည်။ ကုလပုတ္တံ၊ သော။ ယသံ၊ ကို။ ဒူရတောဝ၊ အဝေးမှလျှင်။ အာဂစ္ဆန္တံ၊ လာသည်ကို။ အဒ္ဒသ၊ မြင်တော်မူ၏။ ဒိသွာန၊ ၍။ စင်္ကမာ၊ စင်္ကြံမှ။ ဩရောဟိတွာ၊ သက်၍။ ပညတ္တေ၊ ခင်းထားအပ်သော။ အာသနေ၊ ဋ္ဌ။ နိသီဒိ၊ နေတော်မူ၏။ အထခေါ၊ ဋ္ဌ။ ကုလပုတ္တော၊ သော။ ယသော၊ ယသသည်။ ဘဂဝတော၊ ၏။ အဝိဒူရေ၊ အနီး၌။ ဥပဒ္ဒုတံဝတဘော ဥပဿဋ္ဌံဝတဘောတိ၊ ဘောဟူ၍။ ဥဒါနံ၊ ကို။ ဥဒါနေသိ၊ ၏။ အထခေါ၊ ဋ္ဌ။ ဘဂဝါ၊ သည်။ ကုလပုတ္တံ၊ သော။ ယသံ၊ ယသကို။ ဧတဒဝေါစ၊ ကို။ အဝေါစ၊ မိန့်တော်မူ၏။ ယသ၊ ယသ။ ဣဒံ အမတံ၊ ဤနိဗ္ဗာန်တရားသည်။ ခေါ၊ စင်စစ်လျှင်။ အနုပဒ္ဒုတံ၊ တဏှာအစရှိသော ကိလေသာတို့သည် မနှိပ်စက်အပ်။ ဣဒံအမတံ၊ သည်။ အနုပဿဋ္ဌံ၊ တဏှာ အစရှိသော ကိလေသာတို့သည် မညှဉ်းဆဲအပ်။ ယသ၊ ယသ။ ဧဟိ၊ လာလှည့်။ နိသီဒ၊ နေလော့။ တေ၊ သင်အား။ ဓမ္မံ၊ ကို။ ဒေသေဿာမိ၊ ဟောအံ့။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ အထခေါ၊ ဋ္ဌ။ ကုလပုတ္တော၊ သော။ ယသော၊ ယသသည်။ ဣဒံ အမတံ၊ သည်။ အနုပဒ္ဒုတံ ကိရ၊ တဏှာအစရှိသော ကိလေသာတို့သည် မနှိပ်စက်အပ် သတတ်။ ဣဒံ အမတံ၊ သည်။ အနုပဿဋ္ဌံ ကိရ၊ တဏှာအစရှိသော ကိလေ

သာတို့သည် မညှဉ်းဆဲအပ်သဘာတ်။ ဣတိ၊ ဤသို့။ ဟဋ္ဌော၊ ရွှင်သည်။
ဥဒဂ္ဂေါ၊ ဝမ်းမြောက်သည်။ ဟုတွာ၊ ၍။ သုဝဏ္ဏပါဒုကာဟိ၊ ရွှေ
ခြေနင်းတို့မှ။ ဩရောဟိတွာ သက်၍။ ယေန၊ အကြင် အရပ်၌။
ဘဂဝါ၊ သည်။ အတ္ထိ၊ ၏။ တေန၊ သို့။ ဥပသင်္ကမိ၊ ၏။ ဥပသင်္ကမိတွာ၊
၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ဧကမန္တံ၊ ၌။ နိသီဒိ၊ ၏။ ဧကမန္တံ၊
၌။ နိသိန္နဿ ခေါ၊ သော။ ကုလပုတ္တဿ၊ သော။ ယသဿ၊ အား။ အနု
ပုဗ္ဗိကထံ၊ အစဉ်ဖြစ်သောတရားစကားကို။ ကထေသိ၊ ၏။ ဣဒံ၊ ဤ
အစဉ်ဖြစ်သောတရားစကားသည်။ သေယျထာ-ကတမံ၊ ဟူမူကား။
ဒါနကထံ၊ အလှူ၏အကျိုးကို ဟောသောစကား။ သီလကထံ၊
သီလ၏အကျိုးကို ဟောသောစကား။ သဂ္ဂကထံ၊ နတ်ပြည်စကား။
ကာမာနံ၊ ကာမဂုဏ်တို့၏။ အာဒီနဝံ၊ အပြစ်။ ဩကာရံ၊ ယုတ်သော
အဖြစ်။ သံကိလေသံ၊ ညစ်ညူးခြင်း။ နေက္ခမ္မေ၊ ကာမဂုဏ်မှ ထွက်
မြောက်ခြင်း၏။ အာနိသံသံ၊ အကျိုး။ ဣတိဣမေ၊ ဟိုတည်း။ ဣမံ-
အနုပုဗ္ဗိကထံ၊ ကို။ ပကာသေတိ၊ ပြတော်မူ၏။ (ဣတိ-ဣမေ-
စသည်တို့ကား ပါဌ်သေသ)။ ယဒါ၊ ၌။ ဘဂဝါ၊ သည်။ ကုလ
ပုတ္တံ၊ သော။ ယသံ၊ ကို။ ကလ္လစိတ္တံ၊ ခံ့သောစိတ်ရှိသည်ကို။ မုဒု
စိတ္တံ၊ နူးညံ့သောစိတ်ရှိသည်ကို။ ဝိနီဝရဏစိတ္တံ၊ နီဝရဏကင်း
သောစိတ်ရှိသည်ကို။ ဥဒဂ္ဂစိတ္တံ၊ ဝမ်းမြောက်သောစိတ် ရှိသည်ကို။
ပသန္နစိတ္တံ၊ ကြည်လင်သောစိတ်ရှိသည်ကို။ အညာသိ၊ သိတော်
မူ၏။ အထ-တသ္မိံကာလေ၊ ၌။ ဗုဒ္ဓါနံ၊ တို့၏။ သာမုက္ကံသိကာ၊
ကိုယ်တော်မှ ထုတ်၍ ပြအပ်သော။ ယာဝမ္မဒေသနာ၊ သည်။
အတ္ထိ၊ ၏။ တံ ဓမ္မဒေသနံ၊ ကို။ ပကာသေသိ၊ ၏။ ဒုက္ခံ၊ ဒုက္ခ
သစ္စာကိုလည်းကောင်း ။ပ။ မဂ္ဂံ၊ မဂ္ဂသစ္စာကိုလည်းကောင်း။
ပကာသေသိ၊ ၏။ သေယျထာပိ၊ မည်သည်ကား။ အပဂတကာဠကံ၊
အညစ်အမည်းကင်းသော။ သုဒ္ဓံ၊ ဖြူစင်သော။ ဝတ္ထံ၊ ပုဆိုးသည်။
သမ္မဒေဝ၊ ကောင်းစွာလျှင်။ ရဇနံ အညိုအရွှေစသည်တို့ဖြင့် ဆိုး၍
တပ်စွန်းခြင်းကို။ ပဋိဂ္ဂဏှေယျယထာ၊ ယူသကဲ့သို့။ ဧဝမေဝ၊ ဤ
အတူသာလျှင်။ ကုလပုတ္တဿ၊ မြတ်သော အမျိုးသားဖြစ်သော။

ယသဿ၊ ယသအား။ ဟာယိမံ ယေဝ အာသနေ၊ ၌။ ပ။ ဉတ္တိ၊ ဤသို့။ ပကာသေတိ၊ ၏။

၂၇။ အထခေါ၊ ၌။ ကုလပုတ္တဿ၊ မြတ်သော အမျိုးသား ဖြစ်သော။ ယသဿ၊ ယသ၏။ မာတာ၊ အမိသည်။ ပါသာဒံ၊ ပြာသာဒ်သို့။ အဘိရုဟိတွာ၊ တက်၍။ ကုလပုတ္တံ၊ သော။ ယသံ၊ ကို။ အပဿန္တီ၊ မမြင်ရကား။ ယေန၊ အကြင်အရပ်၌။ သေဋ္ဌိဂဟပတိ၊ သူဌေးကြီးသည်။ အတ္ထိ၊ ၏။ တေန၊ ထိုသူဌေးရှိရာ အရပ်သို့။ ဥပသင်္ကမိ၊ ၏။ ဥပသင်္ကမိတွာ၊ ၍။ သေဋ္ဌိံ ဂဟပတိံ၊ ကို။ ဧတံ ဝစနံ၊ ကို။ အဝေါစ၊ ၏။ ဂဟပတိ၊ သူဌေးကြီး။ တေ၊ သင်၏။ ပုတ္တော၊ သားဖြစ်သော။ ယသော၊ သည်။ န ဒိဿတိ၊ မထင်။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။ အထခေါ၊ ၌။ သေဋ္ဌိဂဟပတိ၊ သည်။ စတုဒ္ဒိသာ၊ အရပ်လေးမျက်နှာတို့သို့။ အဿဒူတေ၊ မြင်းသည်တမန်တို့ကို။ ဥယျောဇေတွာ၊ လွှတ်၍။ သာမံ ယေဝ၊ မိမိကိုယ်တိုင်လျှင်။ ယေန၊ ၌။ ဣသိပတနံ မိဂဒါယော၊ သည်။ အတ္ထိ၊ ၏။ တေန၊ သို့။ ဥပသင်္ကမိ၊ ၏။ သေဋ္ဌိဂဟပတိ၊ သည်။ သုဝဏ္ဏပါဒုကာနံ၊ တို့၏။ နိက္ခေပံ၊ ချရာကို။ အဒ္ဒသ၊ မြင်လေ၏။ ဒိသွာန၊ ၍။ တံ ယေဝ၊ ထိုခြေနင်းချရာကို သာလျှင်။ အနုဂမာသိ၊ အစဉ်လိုက်လေ၏။ ဘဂဝါ၊ သည်။ သေဋ္ဌိံ ဂဟပတိံ၊ ကို။ ဒူရတော ဝ၊ အဝေးမှလျှင်။ အာဂစ္ဆန္တံ၊ ကို။ အဒ္ဒသ၊ မြင်တော်မူ၏။ ဒိသွာန၊ ၍။ ဘဂဝတော၊ ၏။ ဧတံ ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ ယံနူန-ယဒိပန၊ ၍။ အဟံ၊ သည်။ ယထာ၊ အကြင်အခြင်းဖြင့်။ အဘိသင်္ခရိယမာနေ၊ တန်ခိုးဖန်ဆင်းသည်ရှိသော်။ (အဘိသင်္ခရိယမာနေကား ပါဠ်သေသ)။ ဣဓ၊ ဤအရပ်၌။ နိသိန္နော၊ နေသော။ သေဋ္ဌိဂဟပတိ၊ သည်။ ဣဓ၊ ဤအရပ်၌။ နိသိန္နံ၊ သော။ ကုလပုတ္တံ၊ သော။ ယသံ၊ ကို။ န ပဿေယျ၊ မမြင်ရာ။ တထာရူပံ၊ ထိုသို့ သဘောရှိသော။ ဣဒ္ဓါဘိသင်္ခါရံ၊ တန်ခိုးဖန်ဆင်းခြင်းကို။ အဘိသင်္ခရေယျံ၊ ဖန်ဆင်းရမူကား။ သာဓု၊ ကောင်း၏။ ဣတိ ဧတံ-ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ တထာရူပံ၊ သော။ ဣဒ္ဓါဘိသင်္ခါရံ၊

ကို။ အဘိသဒ္ဒါရေယျ၊ ၏။ အထခေါ၊ ၌။ သေဋ္ဌိဂဟပတိ၊ သည်။
ယေန၊ ၌။ ဘဂဝါ၊ သည်။ အတ္ထိ၊ ၏။ တေန၊ သို့။ ဥပသင်္ကမိ၊ ၏။ ဥပ
သင်္ကမိတွာ၊ ၍။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ လျှောက်၏။
ဘန္တေ၊ အရှင်ဘုရား။ ဘဂဝါ၊ သည်။ ကုလပုတ္တံ၊ သော။ ယသံ ကို။
ပဿေယျအပိ၊ မြင်တော်မူပါ၏လော။ ဣတိ၊ ဤသို့။ အဝေါစ၊
လျှောက်၏။ ဂဟပတိ၊ သူကြွယ်။ တေနဟိ၊ ထိုသို့မြင်လိုမူကား။
နိသီဒ၊ နေလော့။ ဣဓ၊ ၌။ နိသိန္နော၊ နေသော။ တွံ၊ သည်။ ဣဓ၊ ဤ
အရပ်၌။ နိသိန္နံ၊ သော။ ကုလပုတ္တံ၊ မြတ်သောအမျိုးသားဖြစ်သော။
ယသံ၊ ကို။ အပ္ပေဝနာမ ပဿေယျာသိ၊ မြင်ရာ၏။ ဣတိ၊ သို့။ အဝေါစ၊
မိန့်တော်မူ၏။ အထခေါ၊ ၌။ သေဋ္ဌိဂဟပတိ၊ သူဌေးကြီးသည်။
ဣဓေဝ၊ ဤအရပ်၌လျှင်။ နိသိန္နော၊ သော။ အဟံ၊ သည်။ ဣဓ၊ ဤ
အရပ်၌။ နိသိန္နံ၊ သော။ ကုလပုတ္တံ၊ သော။ ယသံ၊ ကို။ ပဿိဿာမိ
ကိရ၊ မြင်ရအံ့သတတ်။ ဣတိ၊ ဤသို့။ ဟဋ္ဌော၊ ရွှင်သည်။ ဥဒဂ္ဂေါ၊
ဝမ်းမြောက်သည်။ ဟုတွာ၊ ၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။
ဧကမန္တံ၊ ၌။ နိသီဒိ၊ နေ၏။ ဧကမန္တံ၊ ၌။ နိသိန္နဿ၊ သော။ သေဋ္ဌိဿ
ဂဟပတိဿ၊ အား။ ဘဂဝါ၊ သည်။ အနုပုဗ္ဗိံ ကထံ၊ ကို။ ကထေသိ၊
၏။ပ။ အပရပ္ပစ္စယော၊ ၍။ သတ္ထုသာသနေ၊ ၌။ ဘဂဝန္တံ၊ ကို။
ဧတံဝစနံ၊ ကို။ အဝေါစ၊ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။
အဘိက္ကန္တံ၊ အလွန်နှစ်သက်ဘွယ် ရှိ၏။ ဘန္တေ၊ အရှင်ဘုရား။
အဘိက္ကန္တံ၊ အလွန် နှစ်လိုဘွယ် ရှိ၏။ ဘန္တေ၊ အရှင် ဘုရား။
သေယျထာပိနာမ၊ မည်သည်ကား။ နိက္ကုဇ္ဇိတံဝါ၊ မှောက်၍ထား
သော ဝတ္ထုကိုမူလည်း။ ဥက္ကုဇ္ဇေယျယထာ၊ လှန်၍ ပြဘိသကဲ့သို့။
ပဋိစ္ဆန္နံဝါ၊ ဖုံးလွှမ်းသော ဝတ္ထုကို မူလည်း။ ဝိဝရေယျယထာ၊
ဖွင့်ဘိ သကဲ့သို့။ မူဠှဿဝါ၊ ခရီးမှားသော သူအားလည်း။
မဂ္ဂံ၊ ခရီးကို။ အာစိက္ခေယျယထာ၊ ကြားသကဲ့သို့။ အန္ဓကာရေ၊
အင်္ဂါလေးပါးနှင့် ပြည့်စုံသောအမိုက်၌။ တေလပဇ္ဇောတံ၊ တန်
ဆောင်ဆီမီးကို။ ဓာရေယျ၊ ညှိထွန်းငြားအံ့။ စက္ခုမန္တော၊ မျက်စိ
အမြင်ရှိသောသူသည်။ ရူပါနိ၊ အဆင်းတို့ကို။ ဒက္ခန္တိယထာ၊

မြင်ကုန်သကဲ့သို့။ ဝေမေဝ၊ ထိုအတူလျှင်။ ဘဂဝတာ၊ သည်။ အနေကပရိယာယေန၊ များစွာသော အကြောင်းဖြင့်၊ ဓမ္မော၊ ကို။ ပကာသိတော၊ ပြတော်မူ၏။ (သာရတ္ထဒီပနီ၌ ဥပမာလေးချက်ဟု သန့်ခွဲကာ၍ ပြသည်)။ ဘန္တေ၊ အရှင်ဘုရား။ သောဟံ-သော အဟံ၊ သည်။ ဘဂဝန္တံ၊ ကို။ သရဏံ ဂစ္ဆာမိ၊ ဟူ၍။ ဂစ္ဆာမိ-ဘဇာမိ၊ ၏။ပ။ အဇ္ဇတဂ္ဂေ-အဇ္ဇအာဒိံ ကတွာ၊ ယနေ့ကိုအစပြု၍။ ပါဏုပေ တံ၊ အသက်ရှည်သရွေ့။ သရဏံ ဂတံ၊ ကိုးကွယ်ရာဟူ၍ ဆည်းကပ် သော။ မံ၊ ကို။ ဥပါသကံ ဓာရေတိ၊ ဒါယကာဟူ၍။ ဘဂဝါ၊ သည်။ ဓာရေတု၊ မှတ်တော်မူပါလော့။ သောဝ၊ ထိုသူဌေးသည်သာလျှင်။ လောကေ၌။ပဌမံ၊ စွာ။ တေဝါစိကော၊ သုံးခွန်းဆောက်တည်ခြင်း ရှိသော။ ဥပါသကော၊ ဒါယကာသည်။ အဟောသိ၊ ၏။

၂၀။ အထ တဿ ကာလေ၌။ပ။ ပိတုနော၊ အား။ ဓမ္မံ၊ ကို။ ဒေသိယမာနေ၊ ဟောအပ်သည်ရှိသော်။ (ဟောစဉ် ဟုလည်း ပေး)။ ယထာဒိဋ္ဌံ၊ မြင်တိုင်းသော။ ယထာဝိဒိတံ၊ သိတိုင်းသော။ ဘူမိံ၊ သစ္စာတရားကို။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်သော။ ကုလပုတ္တ ဿ၊ သော။ယသဿ၊ ယသအား။အနုပါဒါယ၊ တဏှာဒိဋ္ဌိအားဖြင့် တစုံတခုသောအာရုံကိုမယူမူ၍။ အာသဝေဟိ၊ အာသဝေါတရား တို့မှ။ စိတ္တံ၊ သည်။ ဝိမုစ္စိ၊ လွတ်၏။ (ယသသူဌေးသားကား သက်နံး မဝတ်သေးဘဲလျှင် လူရဟန္တာဖြစ်သတည်း)။ အထခေါ၌။ ဘဂဝ တော၊ ၏။ ဧတံ၊ ဤအကြံတော်သည်။ အဟောသိ၊ ၏။ ပိတုနော၊ အား။ ဓမ္မံ၊ ကို။ ဒေသိယမာနေ၊ ဟောစဉ်။ယထာဒိဋ္ဌံ၊သော။ယထာ ဝိဒိတံ၊ သော။ ဘူမိံ၊ ကို။ပစ္စဝေက္ခန္တဿ၊ ထသော၊ကုလပုတ္တဿ၊ သော။ ယသဿ၊အား။အနုပါဒါယ၊မူ၍။အာသဝေဟိ၊တို့မှ။စိတ္တံ၊ သည်။ဝိမုတ္တံ၊ပြီ။ကုလပုတ္တော၊ဖြစ်သော။ယသော၊သည်။ဟီနာယ၊ သို့။အာဝတ္တိတွာ၊လည်၍။ပုဗ္ဗေ၌။အဂါရိယဘူတ ကာ ဒသာယျထာပိ၊ လူ၏ဘောင်၌နေသောအခါကဲ့သို့။ ကာမေဟိ၊ ဟိုကို။ ပရိဘုဉ္ဇိတုံ၊ စခြင်းငှါ။ အဘဗ္ဗော၊ မထိုက်ပြီ။ယံနူန-ယဒိပန၊ အကယ်၍။အဟံ၊ သည်။

ဇာဋ္ဌာသယ (က) ၁၈၈-၉

တံ-တာဒိသံ၊ သော။ ဇုဋ္ဌါဘိသမ်ိရံ၊ ကို။ပဋိပ္ပဿမ္ဘေယျံ၊ ငြိမ်းစေရ မှုကား။ သာဓု၊ ကောင်းစွ၊ဇာတိတော်ပရိဝိတက္ကနံ၊သည်။အဟောသိ၊ ၏။ အထခေါ၊ ဥ။ ဘဂဝါ၊ သည်။ တံဇုဋ္ဌါဘိသမ်ိရံ၊ ကို။ ပဋိပ္ပဿမ္ဘေသိ၊ ငြိမ်းစေ၏။ သေဋ္ဌိဂဟပတိ၊ သည်။ ကုလပုတ္တံ၊ သော။ ယသံ၊ ကို။ နိသိန္နံ၊ ကို။ အဒ္ဒသခေါ၊၏။ ဒိသွာန၊ မြင်၍။ ကုလပုတ္တံ၊ သော။ ယသံ၊ ကို။ တေံဝစနံ၊ ကို။ အဝေါစ၊ ဆို၏။ တာတယသ၊ ချစ်သားယသ။ တေ သင်၏။ မာတာ၊ အမိသည်။ ပရိဒေဝသောကသမာပန္နာ၊ ငိုကြွေး စိုးရိမ်ခြင်းသို့ ရောက်ခဲ့၏။ မာတုနော၊ ၏။ ဇီဝိတံ၊ကို။ ဒေဟိ၊လော့။ ဇာတိ၊ ဤသို့။ အဝေါစ၊ ၏။ အထခေါ၊ ဥ။ ကုလပုတ္တော၊သော။ ယသော၊သည်။ ဘဂဝန္တံ၊ ကို။ ဥလ္လောကေသိ၊မော်၍ကြည့်၏။အထခေါ၊ ဥ။ ဘဂဝါ၊ သည်။ သေဋ္ဌိံဂဟပတိံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ မူ၏။ ဂဟပတိ၊ သူကြွယ်။ မယာ၊သည်။ ဝုတ္တမာနံ၊သော။ တံဝစနံ၊ ကို။ ကိံမညသိ၊ သနည်း။ တယာသေယျထာပိ၊ သင်မြင်သကဲ့သို့။ ယသသာ၊ သည်။ သေက္ခေန ဉာဏေန၊ သေက္ခဉာဏ်ဖြင့်။သေက္ခေန ဒဿနေန၊ သေက္ခအမြင်ဖြင့်။ဓမ္မော၊သစ္စာတရားကို။ ဒိဋ္ဌော၊ မြင်အပ်ပြီ။ပ။ ဂဟပတိ၊ သူကြွယ်။ သောယသော၊သည်။ဟိနာယ၊ ယုတ်သော လူ့ဘောင်သို့။ အာဝတ္တိတွာ၊ လည်၍။ ပုဗ္ဗေ၊ ဥ။ အဂါရိယဘူတောသေယျထာပိ၊ လူဖြစ်သောအခါကဲ့သို့။ ကာမေ၊ ကာမဂုဏ်တို့ကို။ ပရိဘုဉ္ဇိတုံ၊ ခံစားခြင်းငှါ။ ဘဗ္ဗောနုခေါ၊ ထိုက်အံ့လော။ ဇာတိ၊ သို့။ အဝေါစ၊ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဧတံဝစနံ၊ ယိုရှေး လူဖြစ်သောအခါကဲ့သို့ ကာမဂုဏ် ချမ်းသာကို ခံစားခြင်းငှါ ထိုက်၏ဟူသောစကားကို။ ဝတ္တုံ၊ ဆိုခြင်းငှါ။ နောဟိ ယုတ္တံ၊မသင့်။ ဂဟပတိ၊ သူကြွယ်။ တယာသေယျထာပိ၊ ကဲ့သို့။ ကုလပုတ္တဿ၊ သော။ ယသဿ၊ သည်။ပ။ ဓမ္မော၊ကို။ ဒိဋ္ဌော၊ပြီ။ပ။ ဂဟပတိ၊ သူကြွယ်။ ကုလပုတ္တော၊ သော။ ယသော၊ သည်။ ဟိနာယ၊ သို့။ အာဝတ္တိတွာ၊၍။ ပုဗ္ဗေ၊ ဥ။ အဂါရိယဘူတောသေယျထာပိ၊ကဲ့သို့။

ကာမေ၊ တို့ကို။ ပရိဘုဉ္ဇိတုံ၊ ငှါ။ အဘဗ္ဗော၊ မထိုက်။ ဣတိ၊ သို့။ အဝေါစ၊ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ကုလပုတ္တဿ၊ သော။ ယသဿ၊ အား။ မနုဿတ္တံ၊ လူ၏အဖြစ်ကို။ လာဘာ၊ ရတော်၏။ ဘန္တေ၊ အရှင်ဘုရား။ ကုလပုတ္တဿ၊ သော။ ယသဿ၊ အား။ ပနဿတ္တံ၊ ကို။ သုလဘာ၊ ကောင်းစွာရအပ်၏။ ယထာ-ယေဟိကာရဏေဟိ၊ အကြင်သီလ, သမာဓိ, ပညာ ဟူသော ကျေးဇူးတို့ဖြင့်။ ကုလပုတ္တဿ၊ သော။ ယသဿ၏။ စိတ္တံ၊ သည်။ အနုပါဒါယ၊ တဏှာဒိဋ္ဌိအားဖြင့် တစုံတခုသောအာရုံကိုမယူမူ၍။ အာသဝေဟိ၊ အာသဝတို့မှ။ ဝိမုတ္တံ၊ လွတ်၏။ တထာ-တေဂုဏာ၊ ထိုသီလ, သမာဓိ ပညာဟူသော ကျေးဇူးတို့ကို။ သုလဘာ၊ ကောင်းစွာရအပ်၏။ ဘန္တေ၊ အရှင်ဘုရား။ ဘဂဝါ၊ သည်။ အဇ္ဇတနာယ၊ ယနေ့ ကောင်းမှုအလို့ငှါ။ ကုလပုတ္တေန-ကုလပုတ္တံ၊ မြတ်သောအမျိုးသားဖြစ်သော။ ယသေန-ယသံ၊ ယသကို။ ပစ္ဆာသမဏေန-ပစ္ဆာသမဏံ၊ နောက်တော်လိုက်ရဟန်းကို။ ကတွာ၊ ၍။ မေ၊ အကျွန်ုပ်၏။ ဘတ္တံ၊ ကို။ အဓိဝါသေတု၊ သည်းခံတော်မူပါလော့။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။ ဘဂဝါ၊ သည်။ တုဏှီဘာဝေန၊ ဆိတ်ဆိတ်နေသဖြင့်။ အဓိဝါသေသိ၊ သည်းခံတော်မူ၏။ အထခေါ၊ ဥ။ သေဋ္ဌိဂဟပတိ၊ သည်။ ဘဂဝတော၊ ၏။ အဓိဝါသနံ၊ ကို။ ဝိဒိတွာ၊ ၍။ အာသနာ၊ မှ။ ဥဋ္ဌာယ၊ ၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ပဒက္ခိဏံ၊ ကို။ ကတွာ၊ ၍။ ပက္ကာမိ၊ လေ၏။ အထခေါ၊ ဥ။ ကုလပုတ္တော၊ သော။ ယသော၊ သည်။ သေဋ္ဌိမှိ ဂဟပတိမှိ၊ သည်။ အစိရပက္ကန္တေ၊ သွား၍မကြာမြင့်မီ။ ဘဂဝန္တံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ ၏။ ဘန္တေ၊ အရှင်ဘုရား။ ဘဂဝတော၊ ၏။ သန္တိကေ၊ ဥ။ အဟံ၊ သည်။ ပဗ္ဗဇ္ဇံ၊ ကို။ လဘေယျံ၊ ရလိုပါ၏။ ဥပသမ္ပဒံ၊ ကို။ လဘေယျံ၊ ၏။ ဣတိ၊ သို့။ အဝေါစ၊ လျှောက်၏။ ။ပ။ တေနခေါပန သမယေန၊ ဥ။ လောကေ၊ ဥ။ သတ္တအရဟန္တော၊ ခုနစ်ယောက်သော လူရဟန္တာတို့သည်။ ဟောန္တိ၊ ကုန်၏။ (ပဋ္ဌ

ဝဂ္ဂိငါးယောက်, အရှင်ယသ, ပေါင်း ခြောက်ယောက် တို့တွင် ဘုရားကိုထည့်၍ ခုနစ်ယောက် ဖြစ်သည်)။

ယသဿ၊ ယသ၏။ ပဗ္ဗဇ္ဇာ၊ ရဟန်းပြုသည်၏ အဖြစ်ကို ဆိုသောစကားသည်။ နိဋ္ဌိတာ၊ ပြီး။

---

၂၉။ အထခေါ၊ ဥ။ ဘဂဝါ၊ သည်။ ပုဗ္ဗဏှသမယံ၊ ဥ။ နိဝါသေတွာ၊ သင်းပိုင်ကို အောက်,အထက် ပြင်ဝတ်၍။ ပတ္တစီဝရံ၊ ကို။ အာဒါယ၊ ၍။ အာယသ္မတာ၊ သော။ ယသေန၊ အမည်ရှိသော။ ပစ္ဆာသမဏေန၊ နှင့်။ ယေန၊ အကြင်အရပ်၌။ သေဋ္ဌိဿ ဂဟပတိဿ၊ သူဌေး၏။ နိဝေသနံ၊ အိမ်သည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုအိမ်သို့။ ဥပသင်္ကမိ၊ ၏။ ဥပသင်္ကမိတွာ၊ ၍။ ပညတ္တေ၊ ခင်းအပ်သော။ အာသနေ၊ ၌။ နိသီဒိ၊ နေတော်မူ၏။ အထခေါ၊ ဥ။ အာယသ္မတော၊ သော။ ယသဿ၊ ယသ၏။ မာတာစ၊ အမိသည်လည်းကောင်း။ ပုရာဏဒုတိယိကာစ၊ ရှေးလူကဖြစ်သော ခင်ပွန်းဟောင်းသည်လည်းကောင်း။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ သည်။ နိသီဒိ၊ ၏။ တေန၊ ထိုဘုရားသို့။ ဥပသင်္ကမိံသု၊ ကပ်၏။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ၍။ ဧကမန္တံ၊ ဥ။ နိသီဒိံသု၊ နေကုန်၏။ ဘဂဝါ၊ သည်။ တာသံ၊ ထိုမိန်းမတို့အား။ အနုပုဗ္ဗိံ ကထံ၊ ကို။ ကထေသိ၊ ၏။ပ။ယဒါ၊ ဥ။ ဘဂဝါ၊ သည်။ တာ၊ ထိုမိန်းမတို့ကို။ ကလ္လစိတ္တာ၊ ခံ့သော စိတ်ရှိသည် တို့ကို။ပ။ ပသန္နစိတ္တာ၊ တို့ကို။ အညာသိ၊ သိတော်မူ၏။ အဘ-တသ္မိံ ကာလေ၊ ၌။ ဗုဒ္ဓါနံ၊ တို့၏။ သာမုက္ကံသိကာ၊ ကိုယ်တော်မှ ထုတ်၍ ပြအပ်သော။ ယာဓမ္မဒေသနာ၊ အကြင် တရားဒေသနာသည်။ အတ္ထိ၊ ရှိ၏။ပ။ အဇ္ဇတဂ္ဂေ-အဇ္ဇအာဒိံ ကတွာ၊ ၍။ ပါဏုပေတာ၊ ရှိကုန်သနေ့။ သရဏံဂတာ၊ ကိုးကွယ်ရာဟူ၍ သည်းကပ်ကုန်သော။ ဥပါသိကာယော၊ ဒါယိကာ မိန်းမတို့ဟူ၍။ နော၊ အကျွန်ုပ်တို့ကို။ ဘဂဝါ၊ သည်။ ဓာရေတု၊ မှတ်တော်မူပါလော့။ ဣတိ၊ သို့။ အဝေါစုံ၊ လျှောက်ကုန်၏။ တာစ၊

ထိုမိန်းမနှစ်ယောက်တို့ သည်လည်း။ လောကေ၊ သတ္တလောက၌။ ပဌမံ၊ ရှေးဦးစွာ။ တေဝါစိကာ၊ သုံးခွန်းဆောက်တည်ခြင်းရှိကုန်သော။ဥပါသိကာ။ဒါယိကာမိန်းမတို့သည်။အဟေသုံ၊ဖြစ်ကုန်၏။ အထခေါ၊ ၌။ အာယသ္မတော၊ သော။ ယသဿ၊ ၏။ မာတာစ၊ သည်လည်းကောင်း။ ပုရာဏဒုတိယိကာစ၊ ရှေး လူကဖြစ်သော ခင်ပွန်းဟောင်းသည်လည်းကောင်း။ဘဂဝန္တဉ္စ၊ မြတ်စွာဘုရားကို လည်းကောင်း။ အာယသ္မန္တံ၊ သော။ ယသဉ္စ၊ ကိုလည်းကောင်း။ ပဏီတေန၊ မြတ်သော။ ခါဒနီယေန၀ါ၊ဖြင့်လည်းကောင်း။ဘော ဇနီယေန၀ါ၊ဖြင့်လည်းကောင်း။ သဟတ္ထာ၊မိမိလက်ဖြင့်။ သန္တပ္ပေတွာ၊ ကောင်းစွာ ရောင့်ရဲစေ၍။ သမ္ပဝါရေတွာ၊ ကောင်းစွာ မြစ်ခစေ၍။ ဘဂဝန္တံ၊ ကို။ ဘုတ္တာဝိံ၊ ဆွမ်းစားပြီးသည်ကို လည်းကောင်း။ ဩနီတပတ္တပါဏိံ၊ သပိတ်တော်မှ ကင်းသော လက်ရှိသည်ကို လည်းကောင်း။ သလ္လက္ခေတွာ၊ မှတ်၍။ ဧကမန္တံ၊ ၌။ နိသီဒိံသု၊ ကုန်၏။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ပ။ ပက္ကာမိ၊ ကြွတော်မူ၏။

၁၀၃။ ဘိက္ခဝေ၊ တို့။ ဘိက္ခုနိယာ၊ သည်။ နိသိန္နပရိသာယ၊ နေသော ပရိသတ်၌။ (ဟတ္ထပါသ်၌ နေသည်ကိုသာယူ)။ ပါတိမောက္ခံ၊ ကို။ နဥဒ္ဒိသိတဗ္ဗံ၊ မပြအပ်။ ယောသံဃော၊ သည်။ (ယော ဘိက္ခု၊ သည် ဟုလည်းပေး)။ပ။ တဿဘိက္ခုနော၊ အား။ ဒုက္က ဋဿဓမ္မဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိအာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။ သိက္ခမာနာယ၊ သည်။ပ။ သာမဏေရဿ၊ သာမဏေသည်။ (ဆင့်ကတ္တား)။ နိသိန္နပရိသာယ၊ ၌။ (အကြွင်းဖေါ်လေ)။ သာမဏေရာယ၊ သာမဏေမသည်။ပ။ သိက္ခံပစ္စက္ခာတကဿ၊ သိက္ခာချသောသူသည်။ပ။ အန္တိမဝတ္ထုံ၊ ပါရာဇိကသို့။ အဇ္ဈာပန္န ကဿ၊ ရောက်သောသူသည်။ နိသိန္နပရိသာယ၊ ၌။ ပါတိမောက္ခံ၊ ကို။ နဥဒ္ဒိသိတဗ္ဗံ၊ အပ်။ ယောဘိက္ခု၊ သည်။ ဥဒ္ဒိသေယျ၊ အံ့။ ဒုက္ကဋဿ၊ သို့။ အာပတ္တိအာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။ အာပတ္တိ ယာ၊ ကို။ အဒဿနေ၊ မရှုခြင်းကြောင့်။ ဥက္ခိတ္တကဿ၊ နှင်ထုတ် အပ်သော ရဟန်းသည်။ နိသိန္နပရိသာယ၊ ၌။ ပါတိမောက္ခံ၊ ကို။ နဥဒ္ဒိသိတဗ္ဗံ၊ အပ်။ ယောဘိက္ခု၊ သည်။ ဥဒ္ဒိသေယျ၊ အံ့။ သော ဘိက္ခု၊ ကို။ ယထာဓမ္မော၊ ပါဠိအလျောက်။ အာပတ္တိယာ၊ ဒုက္ကဋ် အာပတ်ဖြင့်။ ကာရေတဗ္ဗော၊ ၏။ အာပတ္တိယာ၊ ကို။ အပ္ပဋိကမ္မေ၊ မကုလိုခြင်းကြောင့်။ ဥက္ခိတ္တကဿ၊ သည်။ပ။ ပါပိကာယဒိဋ္ဌိယာ၊ မကောင်းစွာသော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိကို။ (မှားသော အယူ ကို သော်လည်းပေး)။ အပ္ပဋိနိဿဂ္ဂေ၊ မစွန့်လိုခြင်းကြောင့်။ပ။ ပဏ္ဍကဿ၊ ပဏ္ဍုက်သည်။ ထေယျသံဝါသကဿ၊ လိင်ကိုခိုးသော သူ သံဝါသကိုခိုးသော သူသည်။ပ။ တိတ္ထိယပက္ကန္တကဿ၊ တိတ္ထိတို့သို့ ဝင်လေပြီးသောသူသည်။ နိသိန္နပရိသာယ၊ ၌။ ပါတိမောက္ခံ၊ ကို။ နဥဒ္ဒိသိတဗ္ဗံ၊ အပ်။ ယောဘိက္ခု၊ သည်။ ဥဒ္ဒိသေယျ၊ ငြားအံ့။ တဿ ဘိက္ခုနော၊ အား။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ-အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။ ။ဘိက္ခဝေ၊ တို့။ ပါရိဝါသိကဿ၊ သိုးပြီးသော

ပါရိသုဒ္ဓိကိုပေးလိုက်သောရဟန်း၏။ပါရိသုဒ္ဓိဒါနေန၊ ပါရိသုဒ္ဓိကို ပေးခြင်းဖြင့်။ ပရိသာယ၊သည်။ အဝုဋ္ဌိတာယ၊မထမီကို။ အညတြ-ဥပေတဗ္ဗာ၊ ၍။ ဥပေါသထော၊ ကို။ နကာတဗ္ဗော၊ အပ်။ -

**အမှာ** အဓိပ္ပါယ်ကား ဆန္ဒလိုက်သောသူ ပေးလိုက်သော ဆန္ဒ, ပါရိသုဒ္ဓိလိုက်သောသူ ပေးလိုက်သော ပါရိသုဒ္ဓိသည်ကား တည၌လွန်ခဲ့သော်လည်းကောင်း စည်းဝေးသော သံဃာတို့သည်ထလင့်ခဲ့သော်လည်းကောင်း ထိုဆန္ဒ,ထိုပါရိသုဒ္ဓိ ကားသိုး၏။ ထိုသို့ သိုးလေပြီးလျက် ဥပုသ်ပြုသော် ကံတပါး ဆောင်သော် အာပတ်သင့်၏ဟူလိုသတတ်။

* ဘိက္ခဝေ၊ တို့။ သံဃသာမဂ္ဂိယာ၊ ကွဲသော သံဃာ၏ ညီညွတ်ပြန်သောနေ့ကို။ အညတြ-ဥပေတဗ္ဗာ၊၍။ အနုပေါသထေ၊ ဥပုသ်နေ့ မဟုတ်သည်၌။ ဥပေါသထော၊ကို။ နကာတဗ္ဗော၊ အပ်။

ဒုတိယဘာ၊သော။ဥပေါသထက္ခန္ဓကော၊သည်။ နိဋ္ဌိတော ပြီ။
တတိယဘာဏဝါရော၊သည်။ နိဋ္ဌိတော၊ ပြီ။

---

## ဥဒါန်း

တဿဥပေါသထက္ခန္ဓကဿ၊၏။ ဥဒ္ဒါနံ၊ ဥဒါန်းကို။ ဝေ၊ သို့။ ဒဋ္ဌဗ္ဗံ၊၏။ ။တိတ္ထိယာ၊တိတ္ထိတို့သည်။ ဓမ္မံ၊ကို။ဘာသန္တိ၊ကုန်၏။ ဗိမ္ဗိသာရော၊ မင်းသည်လည်း။ အဝေါစ၊ ကြားလျှောက်၏။ တုဏှိကာ၊ ဆိတ်ဆိတ်နေကုန်လျက်။ သန္နိပတန္တိ၊ ကုန်၏။ ဓမ္မံ၊ကို။ ဘာသိတုံ၊ငှါ။ အနုဇာနာမိ၊ ၏။ ရဟော၊ ဆိတ်သော်အရပ်၌။ ပရိဝိတက္ကော၊ အကြံတော်သည်။ ဥဒပါဒိ၊ ၏။ ပါတိမောက္ခံ၊ ကို။ အနုဇာနာမိ၊၏။ ။တဒါ၊ ၌။ ဒေဝသိကံ၊ နေ့တိုင်း။ ဥဒ္ဒိသန္တိ၊ ကုန်၏။ သကိံ၊လခွဲတကြိမ်။ ဥဒ္ဒိသိတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ ။ ယထာပရိသာ၊ မိမိပရိသတ်ရှိသမျှ။ ဥဒ္ဒိသန္တိ၊ ကုန်၏။ သမဂ္ဂ-သမဂ္ဂါနံ၊ သမဂ္ဂရဟန်းတို့အား။ဥပေါသထံ၊ကို။ အနုဇာနာမိ၊၏။ သာမဂ္ဂီ၊ သည်။ ဟောတိ၊ နည်း။ - မဒ္ဒကုစ္ဆိ၀၊ မဒ္ဒကုစ္ဆိ မည်သော

သမင်တော။ သီမာ၊ သိမ်။ မဟတိ၊ ကျယ်စွာသော မဟာသိမ်။ နဒိယာ၊ မြစ်နား၌။ သမ္မန္နန္တိ၊ သမုတ်ကုန်၏။ အနု၊ ပရိဝုဏ်တိုင်း။ ဥဒ္ဒိသန္တိ၊ ပါတိမောက်ပြကုန်၏။ ဒွေ၊ နှစ်ဆောင်သော ဥပုသ်အိမ်တို့ကို။ သမ္မန္နန္တိ၊ သမုတ်ကုန်၏။ ခုဒ္ဒကာနိစ၊ ငယ်သောသိမ်တို့ကို။ သမ္မန္နန္တိ၊ကုန်၏။နဝါ၊သိတင်းငယ်သောရဟန်းတို့သည်။ပက္ကမိ'သု၊ ဖယ်ခွဲကုန်၏။ ရာဇဂဟေစေဝ၊ ၌။ သီမာ၊ သိမ်ရှိသောကျောင်းတို့သည်။ ဟောန္တိ၊ ကုန်၏။ အဝိပ္ပဝါသာ၊ အဝိပ္ပဝါသသိမ်ကို။ သမ္မတာ၊ သမုတ်အပ်၏။ ပဌမံ၊ စွာ။သိမံ၊ကို။ သမ္မနေ-သမ္မနေယျ၊ သမုတ်ရာ၏။ ပစ္ဆာ၊ မှ။ သိမံ၊ ကို။ သမူဟနေ-သမူဟနေယျ၊ နုတ်ရာ၏။ ။အသမ္မတာ၊ ဥတ်ကမ္မဝါဖြင့် မသမုတ်အပ်သော သိမ်ကား။ ဂါမသီမာ၊ ဂါမသိမ်။ နဒီယာ၊ နဒီသိမ်။ သမုဒ္ဒေ၊ သမုဒ္ဒသိမ်။ သရေ၊ ဇာတဿရသိမ်။ ဥဒကုက္ခေပေါ၊ ဥဒကုက္ခေပ သိမ်တည်း။ ဘိန္ဒန္တိ၊ မိမိတို့သိမ်နှင့် သူတပါးသိမ်ကို စပ်၍ဖွဲ့ကုန်၏။ တထေဝ၊ ထိုအတူလည်းကောင်း။ အဇ္ဈောတ္ထရန္တိစ၊ မိမိတို့သိမ်ဖြင့် သူတပါးသိမ်ကို လွှမ်းမိုး၍ဖွဲ့ကုန်၏။ ကမ္မာနိ၊ ဥပုသ်ကံတို့ကား။ ကတိ၊ အဘယ်မျှတို့နည်း။ ဥဒ္ဒေသော၊ ပါတိမောက်ပြခြင်းကား။ ကတိ၊ တို့နည်း။ သဝရာ၊ အရိုင်းဘေးသည်။ အဟောသိ၊ ၏။ အသတိပိစ၊ အန္တရာယ်မရှိသော်လည်း။ ဥဒ္ဒိသန္တိ၊ အကျဉ်းသာ ပြကုန်၏။ ဓမ္မံ၊ ကို။ ပုစ္ဆန္တိ၊ ကုန်၏။ ဝိနယံ၊ ကို။ ပုစ္ဆန္တိ၊ ကုန်၏။ တဇ္ဇေန္တိ၊ ခြိမ်းချောက်ကုန်၏။ ပုန၊ တဖန်။ ဝိနယတဇ္ဇနာ၊ ဝိနည်းဖြင့်ခြိမ်းချောက်ခြင်းတို့ကို။ကတာ၊ပြုကုန်၏။ ။စောဒနာ၊ ခွင့်မတောင်းဘဲ စောဒနာခြင်း။ ဩကာသေကတေ၊ ခွင့်ပြုစေပြီးသော်။ စောဒေတဗ္ဗော၊ စောဒနာအပ်၏။ အဓမ္မပဋိက္ကောသနာ၊ အဓမ္မကံကိုမြစ်ခြင်း။ စတုပဉ္စ၊ လေးယောက် ငါးယောက်သော ရဟန်းတို့သည်။ ပဋိက္ကောသိတဗ္ဗာ၊ ကုန်၏။ သရာ၊ နှုတ်မြွက်၍ ဆိုခြင်း။ (နှစ်ယောက်သောရဟန်းကိုယူ)။ အာဝိ၊ နှလုံး၌သာ ဆောက်တည်ခြင်း။ (တယောက်တည်းကိုယူ)။ သဉ္စိစ္စ၊ မကြားစေ လိုသော စိတ်ရှိ၍။ နသာဝေန္တိ၊ မကြားစေကုန်။ စေပိဝါယမေ၊

အကယ်၍ အသံကိုကြားစိမ့်သောငှါ လုံ့လပြုလျှင်မူလည်း။ အနာပတ္တိ၊ မသင့်။ ။သဂဟဋ္ဌာ-သဂဟဋ္ဌာယ၊ လူနှင့် တကွသော ပရိသတ်၌။ဥဒ္ဒိသန္တိ၊ပါတိမှောက်ပြကုန်၏။ အနုဋ္ဌိဋ္ဌာ၊မတိုက်တွန်းဘဲ။ဥဒ္ဒိသန္တိ၊ကုန်၏။ စောဒနာဝတ္ထုမှိ၊စောဒနာဝတ္ထုမည်သောပြည်၌။ နဇာနာတိ၊ ဥပုသ်စသည်ကိုမသိ။ (သင်္ဃာ့ထေရ်ကို ယူ)။ သမ္ဗဟုလာ၊ များသောရဟန်းတို့သည်။ နဇာနန္တိ၊ ကုန်။ သဇ္ဇုကံ၊ ယနေ့ပြန်စိမ့်သောငှါ။ ပါဟေတဗ္ဗော၊ တမန်လွှတ်အပ်၏။ နဂစ္ဆရေ-နဂစ္ဆန္တိ၊ မသွားလိုကုန်။ ။ကတိမီ၊ လဆန်း လဆုတ် ဘယ်မျှရက်ရှိမည်နည်း။ကိံ ဝတိကာ၊ သခင်တို့ ဘယ်မျှလောက်ရှိကုန်သနည်း။ ဒူရေ၊ ဝေးသောရွာသို့။ စရန္တိ၊ ဆွမ်းခံသွားကုန်၏။ အာရောစေတုံစ၊ ဥပုသ်နေ့ကို ကြားခြင်းငှါလည်း။ နသရိ၊ မေ့ခဲ့၏။ ဥက္လာပံ၊ အမှိုက်ရှိသော ဥပုသ်အိမ်ကို။ သမ္မဇ္ဇိတဗ္ဗံ၊ ၏။ အာသနံ၊ နေရာခင်းခြင်း။ ပဒီပေါ၊ ဆီမီးညှိခြင်း။ ဒိသာ၊ ဥပဇ္ဈာယ်ဆရာကို မပန်ဘဲ။အရပ်မျက်နှာသို့သွားခြင်း။အညော၊သော။ဗဟုဿုတော၊ ဗဟုဿုတ ရဟန်းသည်။ အာဂစ္ဆတိ၊ ရောက်၏။ သဇ္ဇု၊ ယနေ့ ပြန်စိမ့်သော တမန်ကို။ ပါဟေတဗ္ဗော၊ လွှတ်အပ်၏။ ဝဿရေ၊ ဝါဆိုကုန်၏။ ဥပေါသထော၊ ကို။ ကာတဗ္ဗော၊ ၏။ (ဝဿူပေါသထောကို ဝဿရေ ဥပေါသထော ပုဒ်ဖြတ်)။ ။သုဒ္ဓိ၊ ပါရိသုဒ္ဓိ ပေးခြင်း ဆောင်ခြင်း။ ကမ္မဉ္စ၊ ကံဆောင်ခြင်း။ ဉာတကာ၊ တို့သည်။ ဂဏှန္တိ၊ ဖမ်းလေကုန်၏။ ဂဂ္ဂေါ၊ ဂဂ္ဂထေရ်။ စတု၊ လေးယောက်သော ရဟန်းတို့သည်။ ဝိဟရန္တိ၊ ကုန်၏။ တယော၊ သုံးယောက်သော ရဟန်းတို့သည်။ ဝိဟရန္တိ၊ ကုန်၏။ ဒွေ၊တို့သည်။ ဝိဟရန္တိ၊ ကုန်၏။ ဧကော၊ သည်။ ဝိဟရတိ၊၏။ အာပတ္တိ၊ အာပတ်သင့်သော ရဟန်း။ သဘာဂါ၊ ဝတ္ထုတူသော အာပတ်။ သရိ၊အာပတ်ကို အောက်မေ့၏။ ။သဗ္ဗောသံဃော၊ သည်။ဝေမတိကော၊ ရှိ၏။ နဇာနန္တိ၊ ဥပုသ်စသည်ကို မသိကုန်။ ဗဟုဿုတော၊ ဗဟုဿုတ ရဟန်းသည်။ အာဂစ္ဆတိ၊ ၏။ ဗဟူ များသော ရဟန်းတို့သည်။ အာဂစ္ဆန္တိ၊ ကုန်၏။ သမသမာ၊ တူမျှ

သော ရဟန်းတို့သည်။ အာဂန္တုကာ၊ ကုန်၏။ ထောကာ၊ နည်းသော ရဟန်းတို့သည်။ အာဂန္တုကာ၊ ကုန်၏။ ပရိသာ၊ ပရိသတ်သည်။ အဝုဋ္ဌိတာယစ၊ ပထမံ။ အာဂန္တုကာ၊ ကုန်၏။ ။ဧကစ္စာ၊ အချို့သော ပရိသတ်သည်။ ဝုဋ္ဌိတာ ဝုဋ္ဌိတာယ၊ ထလင့်ပြီးမှ။ အာဂန္တုကာ၊ ကုန်၏။ သဗ္ဗာ-သဗ္ဗာယ၊ ခပ်သိမ်းသောပရိသတ်သည်။ ဝုဋ္ဌိတာယ၊ ထလေပြီးမှ။ အာဂန္တုကာ၊ ကုန်၏။ ဇာနန္တိ၊ ကုန်၏။ ဝေမတိကာ၊ ရှိကုန်လျက်။ ဥဒ္ဒိသန္တိ၊ ပြကုန်၏။ ကပ္ပတေဝါတိ၊ အပ်ကုန်သည်ချည်းဟု။ ကုက္ကုစ္စာ၊ ကုက္ကုစ္စသည်နှိပ်စက်အပ်သည်ဖြစ်၍။ ဥဒ္ဒိသန္တိ၊ ကုန်၏။ ဇာနံ၊ ဝင်လတ်သည်ကိုသိလျက်။ ဥဒ္ဒိသန္တိ၊ ကုန်၏။ ပဿံ၊ မြင်လင့်လျက်။ ဥဒ္ဒိသန္တိ၊ ကုန်၏။ သုဏန္တိစ၊ ကြားလည်း ကြားကုန်၏။ ။အာဝါသိကေန၊ နှင့်။ အာဂန္တုကာ၊ အာဂန္တုကကပေ့ယျာလ စသည်လည်းကောင်း။ ရာတုံ၊စာတုဒ္ဒသီဥပုသ်။ ပန္နရသော၊ ပန္နရသီဥပုသ်။ ပုန၊ တဘန်။ ပါဠိပဒေါ၊ အထွက်တရက်။ ပန္နရသော၊ ပန္နရသီဥပုသ်။ လိင်္ဂံ၊ ကျောင်းနေရှိသောအသွင်။ ဥဘော၊ နှစ်ပါးကုန်သော။ သံဝါသကာ၊ နာနာသံဝါသက,သမာနသံဝါသက။ ပါရိဝါသာ၊ သိုးလေပြီးသော ပါရိသုဒ္ဓိ ပေးခြင်း။ အနုပေါသထေ၊ ဥပုသ်နေ့မဟုတ်သည်၌။ သံဃသာမဂ္ဂိယာ၊ ကို။ အညတြ-ဌပေတွာ၍။ ဥပေါသထော၊ ကို။ နကာတဗ္ဗော အပ်။ ဝိဘင်္ဂါ၊ ခွဲဝေအပ်ကုန်သော။ ဧတေဥဒ္ဒါနာ၊ တို့သည်ကား။ ဝတ္ထုဝိဘူတကာရဏာ၊ ဝတ္ထုထင်ရှားသော အကြောင်းချည်းတည်း။ ဣတိ၊ ဤသည်လျှင် အပြီးတည်း။

ဣမသ္မိံခန္ဓကေ၊ ဤဥပေါသထက္ခန္ဓက၌။ ဝတ္ထုနိ၊ တို့သည်။ ဆအသီတိ၊ ရှစ်ဆဲ့ခြောက်ပါးတို့တည်း။

ဥပေါသထက္ခန္ဓကော၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

**အမှာ** ဤခန္ဓက၌ ပကိဏ္ဏက အဓိပ္ပါယ်ကို ပြဦးအံ့။ ။ ပါဠိမောက်ပြခြင်းအပြားငါးပါးကို ပညတ်တော်မူလျှင် ရဟန်းတို့သည် အခါခပ်သိမ်း အကျဉ်းကိုသာ ပြကုန်သော

ကြောင့် နဘိက္ခဝေ သံခိတ္တေန ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ။ ယော ဥဒ္ဒိသေယျအာပတ္တိဒုက္ကဋဿ-ဟု ရှေးဦးစွာ ပညတ်တော်မူသည်။ ထိုနောက် ကောသလတိုင်း ဇနပုဒ်တွင် တခုသော ကျောင်းဝယ် အန္တရာယ်ရှိ၍ အကျယ် မပြနိုင်ကြောင်း၊ လျှောက်ပြန်ရာတွင် အနုဇာနာမိ ဘိက္ခဝေ-သတိ အန္တရာယေ၊ သံခိတ္တေန ပါတိမောက္ခံ ဥဒ္ဒိသိတုန္တိ-ဟူ၍ ပညတ်တော် မူပြန်သည်။ ။ထိုမှ နောက်၌ ဆဗ္ဗဂ္ဂီရဟန်းတို့သည် အန္တရာယ် မရှိဘဲ အကျဉ်း ပြခြင်းကြောင့် နဘိက္ခဝေ အသတိ အန္တရာယေ သံခိတ္တေန ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ၊ ယော ဥဒ္ဒိသေယျ အာပတ္တိဒုက္ကဋဿာတိ။ အနုဇာနာမိ ဘိက္ခဝေ သတိ အန္တရာယေ သံခိတ္တေန ပါတိမောက္ခံ ဥဒ္ဒိသိတုံ-ဟု ပညတ်တော် မူပြန်သည်။ ။ထိုနောက် တခုသော ကျောင်း၌ များစွာသော ရဟန်းတို့သည် ပါတိမောက် ပြခြင်းငှါ မစွမ်းနိုင်ကြောင်းကို လျှောက်ရာတွင် တယောက်သော ဗျတ္တပဋိဗလရှိသော ရဟန်းကိုနေ့ခြင်းပြန်နိုင်ကောင်းသောကျောင်းသို့သွား၍ အကျဉ်းဖြစ်စေ အကျယ် ဖြစ်စေ ပါတိမောက်ကို သင်စေ၍ ပြရမည်ကို ဟောတော်မူသည်။ ။ဤသို့ ပညတ်တော်မူသော နိဒါန်း အစဉ်ကို ထောက်၍ ပါတိမောက် ပြရာ၌ အန္တရာယ် ရှိလျှင်လည်း အကျဉ်းပြအပ်၏။ အကျယ် မပြနိုင်လျှင်လည်း အကျဉ်း ပြအပ်၏။ စည်းဝေးသော ပရိသတ်တွင် သိတင်းငယ် အကျယ် ပြခြင်းငှါ စွမ်းနိုင်သည်ပင်ဖြစ်စေ အယုတ်ဆုံး နှစ်ဥဒ္ဒေသတို စွမ်းနိုင်သော သိတင်းကြီး ရှိငြားအံ့၊ ထို သိတင်းကြီးသည် အကျဉ်း ပြအပ်၏။ ဤကဲ့သို့ စွမ်းနိုင်သော သိတင်းကြီး မရှိမူ သိတင်းငယ်သည် စွမ်းနိုင်သည် အားလျော်စွာ ပြအပ်၏ ဟူလို။ ။ပါတိမောက် မပြမီ ဓမ္မဇ္ဈေသက ပုဂ္ဂိုလ်သည် ပါတိမောက် ပြတတ်သော ပုဂ္ဂိုလ်သို့ ကပ်၍ သံဃော ဘန္တေ ထေရံ ပါတိမောက္ခုဒ္ဒေသံ အဇ္ဈေသတိ၊ ဥဒ္ဒိသတု ဘန္တေ ထေရော ပါတိမောက္ခံ-ဤပါဠိဖြင့် သုံးကြိမ် တောင်းပန်ရမည်။ ထိုသို့ တောင်းပန်သောအခါ ပါတိမောက်ပြတတ်သော ပုဂ္ဂိုလ်က သမ္မဇ္ဇနီပဒီပေါ၊ ဥဒကံအာသနေ

နစ။ ဥပေါသထဿဧတာနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိတိ အဋ္ဌကထာစရိယေဟိ ဝုတ္တာနိ စတ္တာရိ ပုဗ္ဗကရဏာနိ။ ကိံ တာနိ ကတာနိ-ဤပါဠိကို ရွတ်ရမည်။ ထိုအခါ ဓမ္မဇ္ဈေသကပုဂ္ဂိုလ်က အာမဘန္တေ ဟူ၍ဆို။ ထိုနောက် ပါတိမောက် ပြတတ်သော ပုဂ္ဂိုလ်က ဆန္ဒပါရိသုဒ္ဓိဥတုက္ခာနံ၊ ဘိက္ခုဂဏနာစ ဩဝါဒေါ။ ဥပေါသထဿဧတာနိ၊ ပုဗ္ဗကိစ္စန္တိဝုစ္စတိတိ အဋ္ဌကထာစရိယေဟိ ဝုတ္တာနိပဉ္စပုဗ္ဗကိစ္စာနိ၊ ကိံ တာနိ ကတာနိ-ဤ ပါဠိကို ရွတ်ရမည်။ ထိုအခါ ဓမ္မဇ္ဈေသကပုဂ္ဂိုလ်က အာမဘန္တေဟုဆို။ ထိုနောက် ပါတိမောက် ပြတတ်သော ရဟန်းက ဥပေါသထော ယာဝတိကာစ ဘိက္ခု၊ ကမ္မပ္ပတ္တာသဘာဂါပတ္တိယောစနဝိဇ္ဇန္တိ၊ ဝဇ္ဇနီယာစ ပုဂ္ဂလာတသ္မိံ နဟောန္တိ ပတ္တကလ္လန္တိ ဝုစ္စတိတိ အဋ္ဌကထာစရိယေဟိ ဝုတ္တာနိ စတ္တာရိ ပတ္တကလ္လာနိ၊ ကိံ တာနိ သမာနီတာနိ-ဤပါဠိကိုရွတ်ရမည်။ ထိုအခါ ဓမ္မဇ္ဈေသကပုဂ္ဂိုလ်က အာမဘန္တေဟုဆို။ ထိုနောက် ပါတိမောက်ပြသော ပုဂ္ဂိုလ်က ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာဒပေတွာ ဒေသိတာ ပတ္တိကဿ သမဂ္ဂဿ သံဃဿ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ-ဟူ၍ဆို။ ထိုအခါ နာသောရဟန်းတို့က သာဓုသာဓုဟု ဝန်ခံ။ ပတ္တကလ္လအင်္ဂါ၌ ဟတ္ထပါသ်အရမှာ ဟတ္ထပါသော နာမ ဒိယဍ္ဎဟတ္ထပမာဏော-ဟူ၍ ဝိနယဋ္ဌမဉ္ဇူသာ ဋီကာ၌ လာသောကြောင့် တတောင့်ထွာ ဟတ္ထပါသ်အတွင်း၌ သံဃာတို့ကို နေစေ၍ သုဏာတုမေ ဘန္တေ သံဃော-အစရှိသည်ကိုရွတ်အပ်၏။ ဤတွင် စကားတရပ်။ အဝိပ္ပဝါသသိမ်ကမ္မဝါ၌ ဂါမဉ္စအရမှာ အန္တရဃရကိုယူ။ ဝဇိရဗုဒ္ဓိ။ ဂါမူပစာရအရမှာ အရာမ်ရှိလျှင် အရာမ်၊ အရာမ်မရှိလျှင် ထိုက်ရာအရပ်ကိုယူ။ အဋ္ဌကထာ။ အဗဒ္ဓသိမ်၌ ဂါမအရမှာ အရာမ်တွင်း အရာမ်ပြင် ဂါမခေတ်ကုန်အောင်ယူ။ ဝိမတိဝိနောဒနီ။ သတ္တဗ္ဘန္တရသိမ်မှာ မြို့ ရွာ နယ် အပိုင်းအခြားကင်းသော တောအုပ်အရပ်၊ ကျွန်းငယ်များမှာယူ။ ဤတွင်ရွေ့ ဥပေါသထက္ခန္ဓက အလုံးစုံပြီးပြီ။

## ဝဿူပနာယိကက္ခန္ဓက

၁၈၄။ ယေန, သမယေန၊ ၌။ ဝဿူပနာယိက ကာရဏံ၊
ဝါကပ်အပ်သည်ကို ပညတ်ခြင်း၏ အကြောင်းသည်။ ဥဒပါဒိ၊
ထင်ရှားဖြစ်၏။ (အနိယတ်ထည့်)။ တေန သမယေန၊ ၌။ ဘဂဝါ၊
သော။ ဗုဒ္ဓေါ၊ သည်။ ရာဇဂဟေ၊ ၌။ ကလန္ဒကနိဝါပေ၊ ရှဉ့်နက်
တို့အား အစာပေးရာဖြစ်သော။ ဝေဠုဝနေ၊ ဝေဠုဝန် ကျောင်း
တော်၌။ ဝိဟရတိ၊ ၏။ ပ။ ဘိက္ခူနံ၊ တို့အား။ ဝဿာဝါသော၊
ဝါကပ်ခြင်းကို။ အပညတ္တော၊ ပညတ်တော်မမူသေးသည်။ ဟောတိ၊
၏။ တေ ဘိက္ခူ၊ တို့သည်။ (ဣဓ အနက် မရှိ)။ ဟေမန္တံပိ၊ ဆောင်း
လေးလ၌ လည်းကောင်း။ ဂိမှံပိ၊ နွေလ၌ လည်းကောင်း။ ဝဿံပိ၊
မိုးလေး၌လည်းကောင်း။ စာရိကံ၊ ဒေသစာရီသွားခြင်းကို။ စရန္တိ၊
သွားကုန်၏။ မနုဿာ၊ လူတို့သည်။ ဥဇ္ဈာယန္တိ၊ ကုန်၏။ ပ။
ကထံဟိနာမ၊ ကြောင့်။ သကျပုတ္တိယာ၊ ကုန်သော။ သမဏာ၊
တို့သည်။ ဟေမန္တံပိ၊ ၌လည်းကောင်း။ ပ။ စာရိကံ၊ ကို။ စရိဿန္တိ၊
သွားကုန်ဘိသနည်း။ ဟရိတာနိ၊ စိမ်းကုန်သော။ တိဏာနိ၊ မြက်
သစ်ပင်တို့ကို။ သမ္မဒ္ဒန္တာ၊ နင်းနယ်ကုန်လျက်။ ဧကိန္ဒြိယံ၊ တခုသော
ဣန္ဒြေရှိသော။ (မြက်သစ်ပင်မှာဇီဝိတိန္ဒြေရှိ၏ဟု လူတို့ အမှတ်ရှိ
သည် ဟူလို)။ ဇီဝံ၊ အသက်ကို။ ဝိဟေဌေန္တာ၊ ညှဉ်းဆဲကုန်လျက်။
ဗဟူ၊ ကုန်သော။ ခုဒ္ဒကေ၊ ငယ်ကုန်သော။ ပါဏေ၊ ပိုးငယ်တို့ကို။
သံဃာတံ၊ ပျက်စီးခြင်းသို့။ အာပါဒေန္တာ၊ ရောက်စေကုန်လျက်။
စာရိကံ၊ ဒေသစာရီသွားခြင်းကို။ စရိဿန္တိ၊ သွားကုန်ဘိသနည်း။
ဒုရက္ခာတခမ္မာ၊ ဟောနိုင်ခဲသောတရားရှိကုန်သော။ ဣမေဟိနာမ
အညတိတ္ထိယာ၊ ဤသာသနာတော်၌ တပါးသော အယူရှိသော
တိတ္ထိတို့သည်လည်း။ ဝဿာဝါသံ၊ မိုးလနေရာ၌။ အလ္လီယိဿန္တိ၊
ကိန်းဝပ်ကုန်၏။ သံကာပယိဿန္တိ၊ နေကုန်၏။ ဣမေဟိနာမ
သကုန္တကာ၊ ဤငှက်တို့သည်။ ရုက္ခဂ္ဂေသု၊ သစ်ပင်ဖျားတို့၌။
ကုလာဝကာနိ၊ အသိုက်တို့ကို။ ကရိတွာ၊ ၍။ ဝဿာဝါသံ၊ ၌။
အလ္လီယိဿန္တိ၊ ကုန်၏။ သံကာပယိဿန္တိ၊ ကုန်၏။ သကျပုတ္တိယာ၊

သာကီဝင်မင်းသား ဖြစ်ကုန်သော။ ဣမေပနသမဏာ၊ တို့သည် ကား။ပ။စာရိကံ၊ ကို။စရန္တိ၊ ကုန်၏။ ဣတိ၊ သို့။ဥဇ္ဈာယန္တိ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ ဝဿံ၊ ဝါသို့။ဝါ။မိုးလေးတွင်းသုံးလနေခြင်းသို့။ ဥပဂန္တုံ၊ ကပ်စိမ့်သောငှါ။ အနုဇာနာမိ၊ ၏။

**အမှာ** ပဌမဗောဓိ၌ နှစ်ပေါင်း နှစ်ဆယ်ပတ်လုံး ဝါကပ်ခြင်းကို မပညတ်သေး သောကြောင့် မိုးဥတု၌ ရဟန်းတို့ ဒေသစာရီသွားသည်ဟု ဒုကအင်္ဂုတ္တိုရ်အဋ္ဌကထာ၌ လာသည်။ ဤအရာကိုထောက်၍ မြတ်စွာဘုရား တာဝတိံသာမှ သီတင်းကျွတ်လပြည့်နေ့လူ့ပြည်သို့ သက်ဆင်းရာ၌ဝါကို မပညတ် သေးသောကြောင့် ဝါကျွတ်ပြီလော မကျွတ်သေးလောဟု စောဒနာခွင့်မရှိသည်ကို သိလေ။ ထိုမှတပါး သိက္ခာပုဒ်ကိုပညတ်ရာ၌ သာဝကတို့ကို ရည်၍ ပညတ်သည်။ ကိုယ်တော်ကို ရည်၍ ပညတ် သည့် အရာမရှိဟု ဓမ္မပဒအဋ္ဌကထာ၌ ပြသောအရာများ ကိုလည်း နှလုံးမူ။

အထခေါ၊ ၌။ ဘိက္ခူနံ၊ တို့အား။ ဧတံပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ ကဒါနုခေါ၊ အဘယ်အခါ၌။ ဝဿံ၊ သို့။ ဥပဂန္တဗ္ဗံ၊ သနည်း။ ဣတိဧတံ-ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ ။ပ။ဘိက္ခဝေ၊ ရဟန်းတို့။ ဝဿာနေ၊ မိုးလ၌။ ဝဿံ၊ ဝါသို့။ ဥပ ဂန္တုံ၊ ကပ်စိမ့်သောငှါ။ အနုဇာနာမိ၊ ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ အထခေါ၊ ၌။ ဘိက္ခူနံ၊ တို့အား။ ဧတံ-ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ ဝဿူပနာယိကာ၊ ဝါကပ်ခြင်းတို့သည်။ ကတိ နုခေါ၊ အဘယ်မျှတို့နည်း။ ဣတိဧတံ-ပရိဝိတက္ကနံ၊ သည်။ အဟော သိ၊ ၏။ ဘဂဝတော၊ အား။ ဧတမတ္ထံ၊ ကို။ အာရောစေသုံ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ ဝဿူပနာယိကာ၊ တို့သည်။ ပုရိမိကာ၊ ပုရိမဝါ လည်းကောင်း။ပစ္ဆိမိကာ၊ပစ္ဆိမဝါလည်းကောင်း။ ဣမာ-ဣမာဒွေ၊ တို့တည်း။ အာသဠှိယာ၊ နွယ်တာ လပြည့်၏။ အပရဇ္ဇုဂတာယ၊ လွန်ပြီးသော အတွက်တရက်နေ့၌။ (နွေဦးလဆုတ်ကို လွန်သည်)။ ။ ပုရိမိကာ၊ ပုရိမဝါသို့။ ဥပဂန္တဗ္ဗာ၊ ကပ်အပ်၏။ အာသဠှိယာ၊

ဇုဋ္ဌာသယ (က) ၁၀၈-၃၅

ဝါဆိုလပြည့်မှ။ မာသဂတာယ၊တလလွန်ပြီးသော အထွက်တရက်
နေ့၌။ (ဝါဆိုလကို လွန်သည်)။ ။ပစ္ဆိမိကာ၊ ပစ္ဆိမဝါသို့။
ဥပဂန္တဗ္ဗာ၊၏။ ဘိက္ခဝေ၊ရဟန်းတို့။ ဝဿူပနာယိကာ၊ တို့သည်။
ဣတိ-ဣမာဒွေ၊ တို့တည်း။ ။[ကျောင်း၌ ဝါကပ်သည် ဖြစ်အံ့၊
ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ-ဟု ဝစီဘေဒ ပြု၍
ကပ်ရမည်။ နွားကျောင်းသားတို့ တဲ, လှည်း, လှေတို့၌ဝါကပ်သည်
ဖြစ်အံ့။ဣဓဝဿံဥပေမိ-ဟု နှလုံးသာသွင်းရမည်]။

၁၇၅။ တေန ခေါ ပန သမယေန၊ ၌။ ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။
ဘိက္ခူ၊တို့သည်။ ဝဿံ၊ ဝါသို့။ ဥပဂန္တွာ၊ ကပ်၍။ အန္တရာဝဿံ၊
ဝါတွင်း၌။စာရိကံ၊ကို။စရန္တိ၊ကုန်၏။ မနုဿာ၊ တို့သည်၊ပ။ ဥဇ္ဈာ
ယန္တိ၊ကုန်၏။ ကထံဟိနာမ၊ကြောင့်။ သကျပုတ္တိယာ၊ ကုန်သော။
သမဏာ၊တို့သည်။ပ။စရိဿန္တိ၊သွားကုန်သနည်း။ပ။ဘိက္ခဝေ၊တို့။
ဝဿံ၊ ဝါသို့။ ဥပဂန္တွာ၊ ၍၊ ပုရိမံဝါ တေမာသံ၊ ပုရိမဝါ သုံးလ
ပတ်လုံးလည်းကောင်း။ ပစ္ဆိမံဝါ တေမာသံ၊ ပစ္ဆိမဝါ သုံးလ
ပတ်လုံးလည်းကောင်း။ အဝသိတွာ၊ မနေမူ၍။ စာရိကာ၊ ဒေသ
စာရီကို။ နပက္ကမိတဗ္ဗာ၊ မသွားအပ်။ ယော ဘိက္ခု၊ သည်။ ပက္က
မေယျ၊ သွားငြားအံ့။ တဿဘိက္ခုနော၊ အား။ ဒုက္ကဋဿ၊ သို့။
အာပတ္တိ၊သည်။ဟောတိ၊၏။

၁၇၆။ တေန ခေါ ပန သမယေန၊ ၌။ ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။
ဘိက္ခူ၊တို့သည်။ ဝဿံ၊သို့။ဥပဂန္တုံ၊ငှါ။ နဣစ္ဆန္တိ၊အလိုမရှိကုန်။ပ။
ဘိက္ခဝေ၊ တို့။ ဝဿံ၊ သို့။ နဥပဂန္တဗ္ဗံ၊ သည်။ န၊မဟုတ်။ ဥပဂန္တဗ္ဗံ
ဝေ၊တည်း။ ယော ဘိက္ခု၊ သည်။ နဥပဂစ္ဆေယျ၊ ငြားအံ့။ တဿ
ဘိက္ခုနော၊ အား။ဒုက္ကဋဿ၊သို့။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။
တေန ခေါ ပန သမယေန၊၌။ ဆဗ္ဗဂ္ဂိယာ၊ကုန်သော၊ဘိက္ခူ၊တို့သည်။
တဒဟု ဝဿူပနာယိကာယ၊ ထိုဝါဆိုသောနေ့၌။ ဝဿံ၊ သို့။ အန
ပဂန္တုကာမာ၊ ကပ်ခြင်းငှါ အလိုမရှိကုန်သည် ဖြစ်၍။ သဉ္စိစ္စ၊ ၍။
အာဝါသာ၊မှ။ ပက္ကမန္တိ၊ ဖဲကုန်၏။ပ။ ဘိက္ခဝေ။ တို့။ တဒဟုဝဿူ
ပနာယိကာယ၊၌။ ဝဿံ၊ဝါသို့၊ အနုပဂန္တုကာမေန၊ ကပ်ခြင်းငှါ

အလိုမရှိသဖြင့်။ သဥ္စိစ္စ၊ စေတနာရှိသည်ဖြစ်၍။ အာဝါသော၊ ကျောင်းကို။ နအတိက္ကမိတဗ္ဗော၊ မလွန်အပ်။ ယောဘိက္ခု၊ သည်။ အတိက္ကမေယျ၊ အံ့။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။ ။(အချင်းခပ်သိမ်း ဝါကပ်ခြင်းငှါ အလိုမရှိသည် ဖြစ်၍ သွားသည်ကိုယူ)။ ။တေနခေါပနသမယေန၊ ဌ။ပ။ဗိမ္ဗိ သာရော၊ အမည်ရှိသော။ ရာဇာ၊ သည်။ ဝဿံ၊ ဝါကို။ ဥပကမိ တုကာမော၊ ထိန်းမှတ်လိုသည်ဖြစ်၍။ (ငင်လိုသည်ဖြစ်၍ သော် လည်းပေး)။ပ။ပါဟေသိ၊၏။ ယဒိပန၊ အကယ်၍။ အယျာ၊ သခင် တို့သည်။ အာဂတေ၊ လာလတ္တံ့သော။ ဇုဏှေ၊ ၌။ ဝဿံ၊ ဝါသို့။ ဥပဂစ္ဆေယျုံ၊ကပ်ကုန်မူကား။ သာဓု၊ကောင်းစွာ၏။ ဣတိ၊ ဤသို့။ ပါဟေသိ၊ လွှတ်လိုက်၏။ပ။ ဘိက္ခဝေ၊ တို့။ ရာဇူနံ၊ မင်းတို့သို့။ အနု ဝတ္တိတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ ၏။

၁ဂ၇။ ။ပ။ယေန၊ ဌ။ သာဝတ္ထိ၊ သည်။ အတ္ထိ၊ ၏။ တံသာဝတ္ထိ နဂရံ၊ သို့။ အဝသရိ–သမ္ဗတ္တော၊၏။ တတြ–တိဿံသာဝတ္ထိယံ၊ ဌ။ (သုဒ်ကား နိပါတ်)။ပ။ ဥဒေနေန၊ ဥဒေန အမည်ရှိသော။ ဥပါ သကေန၊ ရဟန္တာသုံးပါးသို့ ဆည်းကပ်သော ဒါယကာသည်။ပ။ ဘဒ္ဒန္တာ၊ သခင်တို့သည်။အာဂစ္ဆန္တု၊ သတည်း။ပ။ဥဒေနော၊ သော။ ဥပါသကော၊ သည်။ ယာဝ၊ လောက်။ ဘိက္ခူ၊ တို့သည်။ ဝဿံ ဝသန္တိ၊ ဝါဆိုကုန်၏။ တာဝ၊ လောက်။ အာဂမေတု၊ ငံ့လင့်ဦး။ ဝဿံဝုဋ္ဌာ၊ ဝါကျွတ်ကုန်ပြီးသော်။ အာဂမိဿန္တိ၊ ကုန်လတ္တံ့ သတည်း။ သမေဝပန၊ ၌။ အဿ–ဥဒေနဿဥပါသကဿ၊ အား။ အဇ္ဈာယိကကရဏီယံ၊ ရှောင်တခင် ပြုအပ်သော ကိစ္စရှိမူကား။ တစ္ဆော၀၊လို့အရပ်၌လျှင်။အာဝါသိကာနံ၊နေကုန်သော။ ဘိက္ခူနံ၊ တို့၏။ သန္တိကေ၊ အထံ၌။ ဝိဟာရံ၊ ကို။ ပတိဋ္ဌာပေတု၊ တည်လင့် စေသတည်း။ ဣတိ၊ ဤသို့။ အာဟံသု၊ ကုန်၏။ပ။မယာ၊ သည်။ ပဟိတေ၊ ပင့်ဘိတ်အပ်လျက်။ နအာဂစ္ဆိဿန္တိ၊ ကုန်သနည်း။ ပရိ ကဿာ၊ မူကား။ အဟံ၊ ကား။ ဒါယကော၊ ပစ္စည်းလေးပါး

ဒါယကာတည်း။ ကာရကော၊ သင်္ဃာ့ အမှုကြီးငယ်ကို ပြုသော သူတည်း။ သံဃုပဋ္ဌာကော၊ သင်္ဃာ့ အလုပ်အကျွေးတည်း။ ဣတိ၊ ဤသို့။ ဥဋ္ဌာယတိ၊ ၏။ပ။ ဘိက္ခဝေ၊ တို့။ သတ္တန္နံ၊ ခုနစ်ယောက် သော သူတို့သည်။ ပဟိတေ၊ ပင့်ဘိတ်သည်ရှိသော်။ သတ္တာဟ ကရဏီယေန၊ သတ္တာဟကိစ္စဖြင့်။ ဂန္တုံ၊ သွားခြင်းငှါ။ အနုဇာ နာမိ၊ ၏။ အပ္ပဟိတေ၊ မပင့်ဘိတ်သည်ရှိသော်။ နတွေဝဂန္တဗ္ဗံ၊ မသွားအပ်သည်သာလျှင်တည်း။ သတ္တာဟံ၊ ခုနစ်ရက်အတွင်း၌။ သံနိဝတ္တော၊ နစ်ခြင်းကို။ ကာတဗ္ဗော၊ ၏။ ဘိက္ခုဿ၊ သည်လည်း ကောင်း။ပ။ ဥပါသိကာယ၊ သည်လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေသံသတ္တန္နံ၊ တို့သည်။ပ။ ဂန္တုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ အပ္ပဟိ တေ၊ သော်။ နတွေဝဂန္တဗ္ဗံ၊ အပ်။ သတ္တာဟံ၊ခုနစ်ရက်အတွင်း၌။ သန္နိဝတ္တော၊ နစ်ခြင်းကို။ ကာတဗ္ဗော၊ ၏။ (အကြောင်းရှိလျှင် ဝါဆိုသောနေ့၌ အရုဏ်မတက်မီ သတ္တာဟကိစ္စဖြင့် သွားအပ်၏။ အဋ္ဌကထာ)။

၁၈၈။ ဘိက္ခဝေ၊ တို့။ ဣဓသာသနေ၊၌။ ဥပါသကေန၊ သည်။ သံဃံ၊ ကို။ ဥဒ္ဒိဿ၊ ၍။ ဝိဟာရော၊ နှစ်ဘက်စောင်း မိုးသော ကျောင်းကို။ပ။ အဍ္ဎယောဂေါ၊ တဘက်စောင်းမိုးသောကျောင်း ကို။ပ။ ပါသာဒေါ၊ ပြာသာဒ်ရှည်ကို။ပ။ ဟမ္မိယံ၊ ပြာသာဒ်ဦးပြည်း ကို။ပ။ ဂုဟာ၊ ဥမင်တောင်ခေါင်းကို။ပ။ ပရိဝေဏံ၊ ပရိဝုဏ်ကို။ပ။ ကောဋ္ဌကော၊ တံခါးမုခ်ကို။ပ။ ဥပဋ္ဌာနသာလာ၊ အညီစည်းဝေးရာ ဇရပ်ကို။ပ။ အဂ္ဂိသာလာ၊ မီးတင်းကုပ်ကို။ ကပ္ပိယကုဋိ၊ အန္တော ဝုတ္ထ-အန္တောပက္က ပြုသောကုဋိကို။ ဝစ္စကုဋိ၊ ဝစ္စကုဋိကို။ပ။ စင်္က မော၊ ကို။ပ။ စင်္ကမနသာလာ၊ စင်္ကြံသွားရာဇရပ်ကို။ ဥဒပါနော၊ ရေတွင်းကို။ပ။ ဥဒပါနသာလာ၊ ရေတွင်းမိုးစရာဇရပ်ကို။ပ။ ဇန္တာ ဃရံ၊ ဇရုံးအိမ်ကို။ ဇန္တာဃရသာလာ၊ ဇရုံးအိမ်မိုးစရာ ဇရပ်ကို။ပ။ မဏ္ဍပေါ၊ မဏ္ဍပ်ကို။ အာရာမော၊ အရာမ်ကို။ အာရာမဝတ္ထု၊ အရာမ်ရာကို။ ကာရာပိတော၊ ပြုစေအပ်သည်။ ဟောတိ၊ အံ့။ပ။ ဘိက္ခဝေ၊ တို့။ ဣဓပနသာသနေ၊ ၌။ ဥပါသကော၊ သည်။ ဘိက္ခုနို

သံဃံ၊ ကို။ ဥဒ္ဒိဿ၊ ၍။ပ။ အာရာမဝတ္ထုံ၊ ကို။ ကာရာပိတံ၊ သည်။ ဟောတိ၊ ၏။ပ။

၁၈၉။ ဘိက္ခဝေ၊ တို့။ ဣဓပန သာသနေ၊ ၌။ ဥပါသကေန၊ သည်။အတ္တနော၊ ၏။ အတ္တာယ၊ ငှါ။ နိဝေသနံ၊ ကို။ပ။သယနိဃရံ၊ အိပ်ရာတိုက်ကို။ပ။ ဥဒေါသိတော၊ ဥစ္စာထားရာ တိုက်ကို။ပ။ အဋ္ဋော၊ စင်ကို။ပ။ မာဠော၊ တန်ဆောင်းကို။ပ။ အာပဏော၊ အိမ်ဈေးကို။ အာပဏသာလာ၊ အိမ်ဈေးမိုးစရာဇရပ်ကို။ပ။ ရသဝတီ၊ စဖိုအိမ်ကို။ပ။ ပုတ္တဿဝါ၊ သားအားမူလည်း။ ဝါရေယျံ၊ ထိမ်းမြားလိုသည်။ ဟောတိ၊ ဖြစ်အံ့။ ဓီတုယာဝါ၊ သော်လည်း။ ဝါရေယျံ၊ သည်။ဟောတိ၊ဖြစ်အံ့။ပ။အဘိညာတံ၊ဘုရားဟောထင်သော။ သုတ္တန္တံ၊ ကို။ ဘဏာတိ၊ ဟောတတ်အံ့။ပ။ အယံ သုတ္တန္တော၊ သည်။ ပုရေပလုဇ္ဇတိ၊ မကွယ်မီ။ ဣမံ သုတ္တန္တံ၊ ကို။ ပရိယာပုဏိဿန္တိ၊ တည်း။ဣတိ၊ ဤသို့။ ပဟိဏေယျ၊ အံ့။ (အထက်ထင်သည်ချည်း)။ပ။

၁၉၁။ တေနခေါ ပန သမယေန၊ ၌။ အညတရော- ဧကော၊ သော။ ဘိက္ခု၊ သည်။ ဂိလာနော၊ သည်။ ဟောတိ၊ ၏။ပ။ဘိက္ခဝေ၊ တို့။ ပဉ္စန္နံ၊ သိတင်းသုံးဘော် ငါးယောက်တို့အား။ အပ္ပဟိတေပိ၊ မစေသော်လည်း။ သတ္တာဟကရဏီယေန၊ သတ္တာဟကိစ္စဖြင့်။ ဂန္တုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ ပဟိတေ၊ စေသော်ကား။ပဂေဝ-ပါဝေ၊ဆိုဖွယ်မရှိပြီ။ပ။ သတ္တာဟံ-သတ္တာဟဗ္ဘန္တရေ၊ ခုနစ်ရက်တွင်း၌။ သန္နိဝတ္တော၊ နစ်ခြင်းကို။ ကာတဗ္ဗော၊ ၏။ပ။ဂိလာန ဘတ္တံဝါ၊ သူနာအားဆွမ်းကိုမူလည်း။ ပရိယေသိဿာမိ၊ ရှာအံ့။ ဂိလာနုပဋ္ဌာကဘတ္တံဝါ၊ သူနာကိုလုပ်ကျွေးသောသူအားဆွမ်းကိုမူလည်း။ ပရိယေသိဿာမိ၊အံ့။ ဂိလာနဘေသဇ္ဇံဝါ၊ သူနာဆေးကိုမူလည်း။ ပရိယေသိဿာမိ၊အံ့။ ပုစ္ဆိဿာမိဝါ၊ မေးအံ့ဟူ၍လည်းကောင်း။ ဥပဋ္ဌဟိဿာမိဝါ၊ လုပ်ကျွေးအံ့ဟူ၍ လည်းကောင်း။ ဂန္တဗ္ဗံ၊ သွားအပ်၏။ သတ္တာဟံ၊ ၌။ သန္နိဝတ္တော၊ ကို။ ကာတဗ္ဗော၊ ၏။ပ။ အနဘိရတိံ၊ မမွေ့လျော်သောရဟန်းကို။ ဝူပကာသေဿာမိဝါ၊

အရပ်တပါးသို့ ဆောင်အံ့ဟူ၍ လည်းကောင်း။ပ။ အဿဘိက္ခု
နော၊အား။ ဓမ္မကထံ၊ကို။ ကရိဿာမိတိဝါ၊ ဟူ၍လည်းကောင်း။
ဂန္တဗ္ဗံ၊၏။ပ။ကုက္ကုစ္စံ၊သည်။ ဥပ္ပန္နံ၊ သည်။ ဟောတိ၊အံ့။ ဒိဋ္ဌိဂတံ၊
မှားသောအယူကို။ ဝိဝေစေဿာမိဝါ၊ ဖြေစေအံ့ ဟူ၍လည်း
ကောင်း။ ဝိဝေစာပေဿာမိဝါ၊ သူတပါးကို ဖြေပါစေအံ့ဟူ၍
လည်းကောင်း။ဂန္တဗ္ဗံ၊ ၏။ (ဒိဋ္ဌိဂတံ၌ ဂတသဒ္ဒါ အနက်မရှိ၊
တဖော်တည်း)။ပ။ ဂရုဓမ္မံ၊ သံဃာဒိသိသ် အာပတ်သို့။ အဇ္ဈာ
ပန္နော၊ ရောက်သည်ဖြစ်၍။ ပရိဝါသာရဟော၊ ပရိဝါသ်နေထိုက်
သည်။ဟောတိ၊အံ့။ပ။ပရိဝါသဒါနံ၊ပရိဝါသ်ပေးခြင်းကို။ဥဿုက္ကံ၊
လုံ့လကို။ (ကြောင့်ကြကိုသော်လည်းပေး)။ ကရိဿာမိဝါ၊ပြုအံ့
ဟူ၍လည်းကောင်း။ အနုဿာဝေဿာမိဝါ၊ ဥတ်ကမ္မဝါရွတ်အံ့
ဟူ၍လည်းကောင်း။ ဂဏပူရကော၊ ဂိုဏ်းပြည့်သည်။ ဘဝိဿာ
မိတိဝါ၊ အံ့ဟူ၍လည်းကောင်း။ဂန္တဗ္ဗံ၊၏။ပ။ မူလာယ၊ အရင်းသို့။
ပဋိကဿနာရဟော၊ ငင်ထိုက်သည်။ ဟောတိ၊ အံ့။ပ။ မာနတ္တာ
ရဟော၊ မာနတ်ထိုက်သည်။ ဟောတိ၊ အံ့။ပ။ အဗ္ဘာနာရဟော၊
အဗ္ဘာန်ထိုက်သည်။ဟောတိ၊အံ့။ပ။သံဃော၊ သည်။ ကမ္မံ၊ ကံကို။
ကတ္တုကာမော၊သည်။ ဟောတိ၊ အံ့။ တဇ္ဇနီယံဝါ၊ တဇ္ဇနီယ ကံကို
လည်းကောင်း။ နိယဿံဝါ၊ နိယဿကံကို လည်းကောင်း။ပ။
ဥက္ခေပနီယံဝါ၊ ဥက္ခေပနီယကံကိုရင်း။ ကတ္တုကာမော၊ သည်။
ဟောတိ၊ အံ့။ပ။ ကိန္တိနုခေါ၊ အဘယ်သို့မူ၍။ (အဘယ်သို့သော
အကြောင်းဖြင့်သော်လည်းပေး)။ သံဃော၊ သည်။ ကမ္မံ၊ ကို။
နကရေယျ၊မပြုပါအံ့နည်း။ လဟုကာယဝါ၊ လဟုကကံကိုမူလည်း။
(ပေါ့သောကံသို့မူလည်းပေး) ပရိဏာမေယျ၊ ညွတ်ပါအံ့နည်း။
ဣတိ၊ ဤသို့။ ဂန္တဗ္ဗံ၊ ၏။ပ။ သံဃေန၊သည်။ အဿဘိက္ခုနော၊
အား။ တဇ္ဇနီယံဝါ၊ ကိုလည်းကောင်း။ပ။ဥက္ခေပနီယံဝါ၊ကိုလည်း
ကောင်း။ ကမ္မံ၊ကို။ ကတံဝါပန၊ ပြုလေပြီးသည်မူလည်း။ ဟောတိ၊
အံ့။ပ။ကိန္တိနုခေါ၊ အဘယ်သို့မူ၍။ (အဘယ်သို့သော အကြောင်း
ဖြင့်မူလည်း ပေး)။ သမ္မာ၊ကောင်းစွာ။ဝတ္တေယျ၊ ကျင့်ပါအံ့နည်း။

ပေယျာမံ၊အမေွးကို။ ပါတေယျ၊ ချပါအံ့နည်း။ နေဿဂ္ဂရံ၊ ဒဏ်မှ ထွက်မြောက်ကြောင်းကို။ ဝဠ္ဌေယျ၊ ကျင့်ပါအံ့နည်း။ သံဃော၊ သည်။ တံကမ္မံ၊ ကို။ ပဋိပ္ပဿမ္ဘေယျ၊ ငြိမ်းပါစေအံ့နည်း။ ဉတ္တိ၊ ဤသို့။ ဂန္တဗ္ဗော၊ ၏။ [ဘိက္ခုနီမအရာ၌လည်း နည်းတူပင်။ သိက္ခမာန်အရာ၌ကား]–

၁၉၅။ ။ပ။ဒမေ၊ ၏။ သိက္ခာ၊သိက္ခာသည်။ ကုပ္ပိတာ၊ ပျက်ခဲ့၏။ပ။အဟံ၊ သည်။ ဥပသမ္ပဇ္ဇိတုကာမာ၊ ပဉ္စင်းခံခြင်းငှါ အလိုရှိသည်။ ဟောဒိ၊ ၏။ -[ဤမျှသာ ထူးသည်။ သိက္ခမာန်တို့ကား ဝိကာလဘောဇနတိုင်ရှိ သီလ ခြောက်ပါးကို မကျိုး မပျက်ရအောင် နှစ်နှစ်ပတ်လုံး ကျင့်မှ ပဉ္စင်းခံရသတည်း။ သာမဏေ အရာ၌လည်း သိသာ၏]။

၁၉၆။ ။ပ။သာမဏေရော၊သည်။ဝဿံ၊ကို။ ပုန္တိတုကာမေ၊ သည်။ ဟောတိ၊ ၏။ ။[ဤမျှသာ ထူးသည်။ သာမဏေ မိန်းမ အရာ၌လည်း သိလွယ်သည်ချည်း။ သာမဏေ မိန်းမ ဖြစ်ပြီးမှ သိက္ခမာန် ဖြစ်သည်]။ပ။

၁၉၇။ တေနခေါပနသမယေန၊၌။ အညတရဿ၊တယောက် သော။ ဘိက္ခုနော၊၏။ မာတာ၊ အမိသည်။ ဂိလာနာ၊ နာသည်၊ ဟောတိ၊၏။ပ။အယဉ္စမေမာတာ၊ဤငါ့အမိသည်လည်း။ ဂိလာနာ နာခဲ့၏။ သာစ၊ ထိုနာသော ငါ့အမိသည်လည်း။ အနုပါသိက ရတနာသုံးပါးသို့ ဆည်းကပ်သော သီတင်းသည်မ မဟုတ် မယာ၊ သည်။ ကထံနုခေါ၊ အဘယ်သို့လျှင်။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့် သနည်း။ ဉတ္တိ။ ဤသို့။ ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏ ဘိက္ခုဿ၊ ၏။ ပိတာ၊ သည်။ ဂိလာနော၊သည်။ ဟောတိ၊၏

၁၉၈။ ဘိက္ခုဿ၊ ၏။ ဘာတာ၊ ညီ အစ်ကိုသည်။ နော၊သည်။ ဟောတိ၊၏။ သော၊ ထို အစ်ကိုသည်။ ဘာဝ အစ်ကို၏။ ကဏိဋ္ဌဘာတုနော၊ ညီ၏။ သန္တိကေ၊ သို့။ ဒူ ပဟိနေယျ၊ အံ့။ပ။ဘိက္ခုဿ၊၏။ ဘဂိနီ၊ နှမသည်။ပ။ ဘ

ဧ။ ဉာတကော၊ အမျိုးသည်။ပ။ ဘိက္ခုဂတိကော၊ ရဟန်းတို့နှင့် တကျောင်းတည်း အတူနေသော ယောက်ျားသည်။ ဂိလာနော၊ သည်။ ဟောတိ၊ ဧ။ (အကြွင်းနည်းတူ)။ တေန ခေါ ပန သမယေန၊ ၌။ သံဃဿ၊ ဧ။ ဝိဟာရော၊ သည်။ ဥန္ဒြိယတိ၊ ပြိုခဲ့ဧ။ (ပျက်ခဲ့ဧ သော်လည်းပေး)။ အညတရေန ဥပါသကေန၊ ဒါယကာ တယောက်သည်။ အရညေ၊ ၌။ ဘဏ္ဍံ၊ ကျောင်းလျာသစ်ကို။ ဆေဒါပိတံ၊ ဖြတ်စေသည်။ ဟောတိ၊ ဧ။ သော ဥပါသကော၊ သည်လည်း။ပ။ ဘဒ္ဒန္တာ၊ သခင်တို့သည်။ ဘဏ္ဍံ၊ ကျောင်းလျာ သစ်ကို။ သစေ၊ ၍။ အဝဟာရာပေယျုံ၊ ဆောင်စေကုန်မူကား။ အဟံ၊ သည်။ တံဘဏ္ဍံ၊ ထိုကျောင်းလျာသစ်ကို။ ဒဇ္ဇေ-ဒဇ္ဇေယျန္တိ၊ လှူအံ့ဟု။ ဒူတံ၊ ကို။ ပါဟေသိ၊ ဧ။ပ။

ဝဿာဝါသဘာဏဝါရော၊ သည်။ နိဋ္ဌိတော၊ ပြီ။

---

၂၀၀။ ။ပ။ ဝဿူပဂတာ၊ ဝါသို့ကပ်ကုန်သော။ [ဝါဆိုကုန်သော ဟုလည်းပေး။]။ ဘိက္ခူ၊ တို့ကို။ ဝါဠေဟိ၊ သားရဲတို့သည်။ ဥဗ္ဗဠှာ၊ နှိပ်စက်ကုန်သည်။ ဟောန္တိ၊ ကုန်ဧ။ ဂဏှိံသုပိ၊ ယူလည်း ယူကုန်ဧ။ ပရိပါတိံသုပိ၊ လိုက်လည်း လိုက်ကုန်ဧ။ပ။ ဧသေဝ အန္တရာယော တိ၊ ဤသည်လျှင် အန္တရာယ်ဟူ၍။ ပက္ကမိတဗ္ဗံ၊ ဖဲခွဲ အပ်ဧ။ ဝဿစ္ဆေဒဿ၊ ဝါပြတ်သောရဟန်းအား။ အနာပတ္တိ၊ မသင့်။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဝဿူပဂတာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ သရီသပေဟိ၊ မြွေတို့သည်။ ဥဗ္ဗဠှာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်ဧ။ ဍံသန္တိ၊ ခဲလည်းခဲကုန်အံ့။ ပရိပါတေန္တိ၊ လိုက်လည်း လိုက်ကုန်အံ့။ပ။ စောရေဟိ၊ တို့သည်။ပ။ ဝိလုပ္ပန္တိ၊ လုယက်မူလည်း လုယက်ကုန်အံ့။ အာကောဋေန္တိပိ၊ ထိုးခုတ်မူလည်း ထိုးခုတ်ကုန်အံ့။ ပိသာစေဟိ၊ တို့သည်။ အာဝိသန္တိပိ၊ ဝင်မူလည်း ဝင်လတ်ကုန်အံ့။ ဟနန္တိပိ၊ သတ်မူလည်း သတ်လတ်ကုန်အံ့။ (ညှဥ်းဆဲမူလည်း ညှဥ်းဆဲလတ်ကုန်အံ့ ဟုလည်းပေး)။ပ။ ဂါမော၊ ဆွမ်းမှီသောရွာသည်။ အဂ္ဂိနာ၊ မီးဖြင့်။ ဒဍုံ၊

လောင်သည်။ ဟောတိ၊အံ့။ပ။ သေနာသနံ၊သည်။ပ။ဒနုံ၊လောင်သည်။ဟောတိ၊အံ့။ပ။ဝုဋ္ဌော မျောသည်။ဟောတိ၊အံ့။ပ။

၂၀၁။ ဂါမော၊ ဆွမ်းခံရွာသည်။ စောရေဟိ၊ တို့ကြောင့်။ ဝုဋ္ဌာတိ၊ ထခဲ့၏။ (ပြောင်းခဲ့၏ သော်လည်းပေး)။ပ၊ ယေန၊ ဉ္ဇ။ ဂါမော၊ ရွာသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုရွာသို့။ ဂန္တုံ၊ ငှါ။ အနုဇာနာမိ၊၏။ ဂါမော၊သည်။ ဒွိဓာ၊နှစ်ဖြာ။ ဘိဇ္ဇတိ၊ကွဲခဲ့၏။ပ။

ယေန-ယသ္မိံ ဂါမေ၊ ဉ္ဇ။ မနုဿာ၊ တို့သည်။ ဗဟုတရာ၊ ကုန်၏။ တေန၊ ထိုများသော ရွာသို့။ ဂန္တုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ဗဟုတရာ၊ များသောလူတို့သည်။ အသဒ္ဓါ၊ မသဒ္ဓါကုန်သည်။ အပ္ပသန္နာ၊မကြည်လင်ကုန်သည်။ဟောန္တိ၊ကုန်၏။ပ။ယေန၊အကြင်ရွာ ဉ္ဇ။ သဒ္ဓါ၊ကုန်၏။ ပသန္နာ၊ ကြည်လင်ကုန်၏။ တေန၊ထိုရွာသို့။ ဂန္တုံ၊ ငှါ။ အနုဇာနာမိ၏။ပ။ ဝဿူပဂတာ၊ ဝါဆိုကုန်သော။ ဘိက္ခူ၊ တို့သည်။ လူခဿဝါဘောဇနဿ၊ ကြမ်းသောဆွမ်းကိုလည်းကောင်း။ ပဏီတဿဝါ ဘောဇနဿ၊ နူးသောဆွမ်းကိုလည်းကောင်း။ ယာဝဒတ္ထံပါရိပူရိံ၊ အလိုပြည့်ရုံ။ နလဘိံသု၊ ကုန်။ပ။ယာဝဒတ္ထံပါရိပူရိံ၊ အလိုပြည့်ရုံ။ လဘန္တိ၊ကုန်၏။ သပ္ပါယာနိ၊ကုန်သော။ဘောဇနာနိ၊ဘောဇဉ်တို့ကို။နလဘန္တိ၊ကုန်အံ့။ ။ပ။လူခဿဝါဘောဇနဿ၊ ကြမ်းသော ဘောဇဉ်ကို လည်းကောင်း။ ပဏီတဿဝါဘောဇနဿ၊ နူးသော ဘောဇဉ်ကိုလည်းကောင်း။ ယာဝဒတ္ထံ၊ အလိုရှိသရွေ့။ ပါရိပူရိံ၊ ပြည့်ရုံ။ လဘန္တိ၊ကုန်အံ့။ သပ္ပါယာနိ၊ကုန်သော။ ဘောဇနာနိ၊ ဘောဇဉ်တို့ကို။ လဘန္တိ၊ ကုန်အံ့။ သပ္ပါယာနိ၊ ကုန်သော။ ဘေသဇ္ဇာနိ၊ ဆေးတို့ကို။နလဘန္တိ၊ ကုန်အံ့။ပ။ ပက္ကမိတဗ္ဗံ၊ ၏။ပ။ သပ္ပါယာနိ၊ ကုန်သော။ဘေသဇ္ဇာနိ၊တို့ကို။ လဘန္တိ၊ကုန်အံ့။ ပတိရူပံ၊တင့်အပ်လျောက်ပတ်သော။ ဥပဋ္ဌာကံ၊ အလုပ်အကျွေးကို။ နလဘန္တိ၊ မရကုန်အံ့။ ပက္ကမိတဗ္ဗံ၊၏။ ဘိက္ခဝေ၊တို့။ဣဓ၊သောသနေ၌။ဝဿူပဂတံ၊ ဝါသို့ကပ်သော။ ဘိက္ခုံ၊ ကို။ ဣတ္ထီ၊ သည်။ နိမန္တေတိ၊

ဘိတ်အံ့။ ဘန္တေ၊ သခင်။ ဧဟိ၊ လာလော့။ တေ၊ အား။ ဟိရညံ၀ါ၊
ငွေကိုမူလည်း။ ဒေမိ၊ လှူအံ့။ပ။ ဓိတရံ၀ါ၊ သမီးကိုမူလည်း။
ဘရိယဖ္ဖ္ကာယ၊ မယားပြုစိမ့်သောငှါ။ ဒေမိ၊ အံ့။ အဟံ၀ါ၊ ငါသည်
မူလည်း။ တေ၊ ၏။ ဘရိယာ၊ မယားသည်။ ဟောမိ၊ ဖြစ်အံ့။
အညံ၀ါဘရိယံ၊ တပါးသော မယားကို မူလည်း။ တေ၊ အား။
အာနေမိ၊ ဆောင်အံ့။ ဣတိ၊ ဤသို့။ နိမန္တေတိ၊ ဘိတ်အံ့။ တစ္ဆြ-
တသို့ နိမန္တေ၊ ထိုသို့ ဘိတ်သည် ရှိသော်။ ဘိက္ခုနော၊ ၏။
ဧပိစိတ္တံ၊ ဤသို့သော စိတ်သည်။ စေဟောတိ၊ အံ့။ စိတ္တံ၊ စိတ်မည်
သည်ကား။ ခေါ၊ အဟုတ်လျှင်။ လဟုပရိဝတ္တံ၊ လျင်သော အပြန်
ရှိ၏ဟု။ ဘဂဝတာ၊သည်။ ဝုတ္တံ၊၏။ မေ-မမ၊အား။ ဖြဟ္မစရိ
ယဿ၊သာသနာတော်၏။ အန္တရာယောပိ၊ သော်လည်း။ သိယာ
တိ၊ဖြစ်ရာ၏ဟု။ ပက္ကမိတဗ္ဗံ၊၏။ပ။ ဝေသိ၊ပြည့်တန်းဆာမသည်။ပ။
ထုလ္လကုမာရိ၊ လင်သားမရသော မိန်းမဟိုင်းသည်။ (မိန်းမကြီး
သည်လည်းဟူ)။ နိမန္တေတိ၊ အံ့။ ပဏ္ဍကော၊ သည်။ နိမန္တေတိ၊
အံ့၊ပ။ ဉာတကာ၊ တို့သည်။ နိမန္တေန္တိ၊ ကုန်အံ့။ပ။ ရာဇာနော၊
တို့သည်။ နိမန္တေန္တိ၊ကုန်အံ့။ပ။ စောရာ၊ တို့သည်။ နိမန္တေန္တိ၊
ကုန်အံ့။ ဓုတ္တာ၊ သေသောက်ကြူး တို့သည်။ နိမန္တေန္တိ၊ ကုန်အံ့။
ဘန္တေ၊အရှင်ဘုရား၊ တေ၊ အရှင်ဘုရားအား။ ဟိရညံ၀ါ၊ ငွေကို
မူလည်း။ ဒေမ၊ လှူပါကုန်အံ့။ တေ၊ အား။ သုဝဏ္ဏံ၀ါ၊ ကိုလည်း။
ဒေမ၊ကုန်အံ့။ပ။ ဝဿန္တေဒဿ၊အား။အနာပတ္တိ၊အာပတ်မသင့်။
ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ အသာမိကံ၊ အရှင်မရှိ
သော။နိမိ ၊ ဥစ္စာကို။ ပဿတိ၊ မြင်အံ့။ တတြ၊ ထိုသို့မြင်သည်
ရှိသော်။ဘိက္ခုနော၊အား။ ဧပိစိတ္တံ၊သည်။စေဟောတိ၊ အကယ်၍
ဖြစ်အံ့။ စိတ္တံ၊ သည်။ လဟုပရိဝတ္တံ၊ လျင်သော အပြန်ရှိ၏ ဟူ၍။
ဘဂဝတာ၊သည်။ ဝုတ္တံ၊၏။ မေ၊ အား။ ဖြဟ္မစရိယဿ၊ သာသနာ
တော်၏။ အန္တရာယောပိ၊ သည်လည်း။ သိယာတိ၊ ဖြစ်ရာ၏ဟု။
ပက္ကမိတဗ္ဗံ၊ ဖဲအပ်၏။ ဝဿန္တေဒဿ၊ ဝါပြတ်သော ရဟန်းအား။
အနာပတ္တိ၊အာပတ်မသင့်။

၂၀၂။ ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ ဝဿူပဂတော၊ ဝါဆိုကပ်သော။ ဘိက္ခု၊ သည်။ သံဃဘေဒါယ၊ သံဃာကွဲပြားခြင်းငှါ။ ပရက္ကမန္တေ၊ လုံ့လပြုကုန်သော။ သမ္ဗဟုလေ၊ ကုန်သော။ဘိက္ခူ၊တို့ကို။ ပဿတိ၊ မြင်အံ့။ တတြ၊ ထိုသို့မြင်သည်ရှိသော်။ ဘိက္ခုနော၊အား။ ဧဝံစိတ္တံ၊သည်။ ဟောတိ၊ အံ့။ သံဃဘေဒေါ၊သည်။ ဂရုကော၊ဝန်လေး၏ဟု။ ဘဂဝတာ၊သည်။ ဝုတ္တံ၊၏။ မယိ၊ ငါသည်။ သမ္မုခီဘူတေ၊ မျက်မှောက်ရှိလျက်။ သံဃော၊ သည်။ မာဘိဇ္ဇိ၊ မကွဲစေလင့်။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ပက္ကမိတဗ္ဗံ၊ အပ်၏။ ဝဿစ္ဆေဒဿ၊ အား။ အနာပတ္တိ၊ အာပတ်မသင့်။ ဘိက္ခဝေ၊တို့။ ဣဓ၊၌။ ဝဿူပဂတော၊သော။ ဘိက္ခု၊သည်။ အသုကသ္မိံ အာဝါသေ၊ ၌။ သမ္ဗဟုလာ၊ ကုန်သော။ ဘိက္ခူ၊တို့သည်။ သံဃဘေဒါယ၊ ငှါ။ ပရက္ကမန္တီတိ၊ လုံ့လပြုကုန်၏ဟူ၍။သုဏာတိ၊အံ့။ပ။ ဝဿစ္ဆေဒဿ၊အား။ အနာပတ္တိ၊အာပတ်မသင့်။ ဘိက္ခဝေ၊တို့။ဣဓ၊၌။ ဝဿူပဂတော၊ သော။ ဘိက္ခု၊သည်။ အသုကသ္မိံ အာဝါသေ၊၌။သမ္ဗဟုလာ၊ကုန်သော။ ဘိက္ခူ၊တို့သည်။ သံဃဘေဒါယ၊ငှါ။ ပရက္ကမန္တီတိ၊၍။ သုဏာတိ၊၏။ တတြ၊သော်။ တေဘိက္ခူ၊ တို့သည်။ မေ၊ ၏။ မိတ္တာ၊ အဆွေခင်ပွန်း တို့တည်း။ တေဘိက္ခူ၊ တို့ကို။ အဟံ၊ သည်။ ဝက္ခာမိ၊ ဆိုအံ့။ အာဝုသော၊ တို့။ သံဃဘေဒေါ၊ သည်။ ဂရုကော၊ ဝန်လေး၏ဟု။ဘဂဝတာ၊ သည်။ဝုတ္တာ၊ ၏။ အာယသ္မန္တာနံ၊ တို့အား။ သံဃဘေဒေါ၊ ကို။ မာရုစိတ္ထ၊ မနှစ်သက်လင့်ကုန်။ ဣတိ၊ ဤသို့။ ဝက္ခာမိ၊ ဆိုအံ့။ မေ၊ ၏။ ဝစနံ၊ ကို။ ကရိဿန္တိ၊ လိုက်ကုန်လတ္တံ့။ သုဿူသိဿန္တိ၊ နာကုန်လတ္တံ့။ သောတံဩဒဟိဿန္တိ၊ နားထောင်ကုန်လတ္တံ့။ ဣတိ၊ သို့။ ဘိက္ခုနော၊အား။ ဧဝံစိတ္တံ၊သည်။ ဟောတိ၊အံ့၊ ပက္ကမိတဗ္ဗံ၊သွားအပ်၏။ပ။ သုဏာတိ၊ ကြားအံ့။ တတြ၊ ထိုသို့ကြားသည်ရှိသော်။ ဘိက္ခုနော၊၏။ ဧဝံစိတ္တံ၊သည်။ ဟောတိ၊ အကယ်၍ဖြစ်အံ့။ တေဘိက္ခူ၊ ထိုသင်းခွဲအံ့ဟု လုံ့လပြုသောရဟန်းတို့သည်။ မေ၊ ၏။ နမိတ္တာ၊ အဆွေခင်ပွန်းမဟုတ်ကုန်။ အပိစ၊ ထိုသို့မဟုတ်သော်လည်း။ ယေ

ဘိက္ခူ၊ တို့သည်။ တေသံဘိက္ခူနံ၊ ထိုလုံ့လပြုသော ရဟန်းတို့၏။ မိတ္တာ၊ အဆွေခင်ပွန်းဖြစ်ကုန်၍။ တေဘိက္ခူ၊ တို့ကား။ မေ၊ ၏။ မိတ္တာ၊ အဆွေခင်ပွန်းတို့တည်း။ တေဘိက္ခူ၊တို့ကို။ အဟံ၊သည်။ ဝက္ခာမိ၊ ဆိုအံ့။ ဝုတ္တာ၊ ငါဆိုအပ်ကုန်သော။ တေဘိက္ခူ၊ ထို ငါ့ အဆွေရဟန်းတို့သည်။ တေဘိက္ခူ၊ ထိုလုံ့လပြုသောရဟန်းတို့ကို။ ဝက္ခန္တိ၊ဆိုကုန်လတ္တံ့။ အာဝုသော၊ တို့။ သံဃဘေဒေါ၊ သံဃာ၏ ကွဲပြားခြင်းသည်။ ဂရုကော၊ ဝန်လေး၏ဟု။ ဘဂဝတာ၊ သည်။ ဝုတ္တော။ ၏။ အာယသ္မန္တာနံ၊ တို့အား။ သံဃဘေဒေါ၊ ကို။ မာရုစ္စိတ္ထ၊ မနှစ်သက်ကုန်လင့်ဟု။ ဝက္ခန္တိ၊ ဆိုလေကုန်အံ့သတည်း။ မေ၊ ၏။ ဝစနံ၊ ကို။ ကရိဿန္တိ၊ လိုက်ကုန်လတ္တံ့။ သုဿူသိဿန္တိ၊ နာကုန်လတ္တံ့။ သောတံဩဒဟိဿန္တိ၊ နားထောင်ကုန်လတ္တံ့။ ဣတိ ဧဝံစိတ္တံ၊ သည်။ ဟောတိ၊ အံ့။, ပက္ကမိတဗ္ဗံ၊ ၏။ [အထက် နှစ်ဝါရတည်း နည်းတူ။ သံဃော၊ ဘိန္နောမျှသာ ထူးသည်]။ သံဃော၊ ကို။ ဘိန္နောတိ၊ ခွဲ၏ဟု။ သုဏာတိ၊ကြားအံ့။

**အမှာ** ဤကား အနက်။ ယခင်ပါဠိ၌ အဓိပ္ပါယ်ကား-ဝါဆို ပြီးသော ရဟန်းသည် ဤမည်သော ကျောင်း၌ နေသော အရှင်တို့သည် သင်းခွဲအံ့သောငှါ လုံ့လပြုကြကုန်၏ဟု ကြားလတ်သည်ရှိသော် ထိုသင်းခွဲအံ့ဟု လုံ့လပြုကြသော အရှင် တို့ကား ငါ၏ အဆွေခင်ပွန်းကား မဟုတ်ကုန်၏ ရှင့်။ ထိုရဟန်း တို့သည် ငါ၏အဆွေ ငါနှင့်မေတ္တာရှိသော ရဟန်းတို့နှင့် အဆွေ ခင်ပွန်းဖြစ်ကုန်၏။ ထိုငါ၏အဆွေရဟန်းတို့ကို ငါဆိုက ထိုငါ၏ အဆွေ ရဟန်းတို့သည် မြစ်တား၍ဆိုကုန်လတ္တံ့။ ထိုသို့ ဆိုလေက ငါ၏စကားကို လိုက်နာ၍ နားထောင်ကုန် လတ္တံ့ သတည်းဟု စိတ်ရှိ၍ သွားသော်လည်း သွားအပ်၏။ ဝဿစ္ဆေဒကြောင့် အာပတ်မသင့်ဟူလိုသည်။

* ဘိက္ခုဝေ၊ရဟန်းတို့။ ဣဓပန သာသနေ၌။ ဝဿူပဂတော၊ ဝါဆိုကပ်သော၊ ဘိက္ခု၊ သည်။ သုဏာတိ၊ ကြားအံ့။ အာသုကသ္မိံ

အာဝါသေ၊ ဌ။ သမ္ဗဟုလာ၊ ကုန်သော။ ဘိက္ခုနိယော၊ တို့သည်။ သံဃဘေဒါ ယ၊ ၄ါ၊ ပရက္ကမန္တိကိရ၊ လုံ့လပြုကုန်သတတ်။ ဇာတိ၊ ဤသို့။ သုဏာတိ၊ ကြားအံ့။ တတြ-တသ္မိံသုတေသတိ၊ ထိုသို့ ကြားသည်ရှိသော်။ ဘိက္ခုနော၊ ၏။ ဧဝံစိတ္တံ၊ သည်။ ဧဟောတိ၊ အံ့။ တာဘိက္ခုနိယော။ တို့ကား။ မေ၊ ၏။ မိတ္တာ၊ အဆွေခင်ပွန်း တို့ချည်းတည်း။ တာဘိက္ခုနိယော။ တို့ကို။ အဟံ၊ သည်။ ဝက္ခာမိ၊ ဆိုအံ့။ ဘဂိနိယော၊ နှမတို့။ သံဃဘေဒေါ၊ သည်။ ဂရုကောတိ၊ ဝန်လေး၏ဟု။ ဘဂဝတာ၊ သည်။ ဝုတ္တော၊ ၏။ ဘဂိနီနံ၊ တို့အား၊ သံဃဘေဒေါ၊ ကို။ မာရုစ္စိတ္ထာတိ၊ မနှစ်သက်ကုန်လင့်ဟု။ အဟံ၊ သည်။ ဝက္ခာမိ၊ ဆိုအံ့။ မေ၊ ၏။ ဝစနံ၊ ကို။ ကရိဿန္တိ၊ လိုက်ကုန် လတ္တံ့။ သုဿူသိဿန္တိ၊ နာကုန်လတ္တံ့။ သောတံဩဒဟိဿန္တိတိ၊ နားထောင်ကုန်လတ္တံ့သတည်းဟု။ ဧဝံစိတ္တံ၊ သည်။ ဟောတိ၊ အံ့။ ပက္ကမိတဗ္ဗံ၊ ၏။ပ။ အနာပတ္တိ၊ အာပတ်မသင့် ။ပ။ သုဏာတိ၊ ကြားအံ့။ တာဘိက္ခုနိယော၊ တို့သည်။ မေ၊ ၏။ နမိတ္တာ၊ နှလုံး ဝင်သော အဆွေခင်ပွန်း မဟုတ်ကုန်။ အပိစ၊ ထိုသို့ မဟုတ်သော် လည်း။ တာသံ၊ ထိုလုံ့လပြုသောဘိက္ခုနီမတို့၏။ မိတ္တာ၊ အဆွေ ခင်ပွန်းဖြစ်ကုန်သော။ ယာဘိက္ခုနိယော၊တို့သည်။ သန္တိ၊ကုန်၏။ တာဘိက္ခုနိယော၊တို့သည်။မေ၊၏။ မိတ္တာ၊နှလုံးအကျွမ်းဝင်သော အဆွေခင်ပွန်းတို့ချည်းတည်း။ တာဘိက္ခုနိယော၊ တို့ကို။ အဟံ၊ သည်။ ဝက္ခာမိ၊ဆိုအံ့။ ဝုတ္တာ၊ ငါဆိုအပ်ကုန်သည်ရှိသော်။ တာ၊ ဘိက္ခုနိယော၊ ထိုငါ၏အဆွေခင်ပွန်းဖြစ်သော ဘိက္ခုနီမတို့သည်။ တာဘိက္ခုနိယော၊ ထိုလုံ့လပြုလေသော ဘိက္ခုနီမတို့ကို။ ဝက္ခန္တိ၊ ဆိုလေကုန်အံ့သတည်း ။ပ။ ဝဿစ္ဆေဒဿ၊ အား။ အနာပတ္တိ၊ အာပတ်မသင့်၊ ဘိက္ခဝေ၊ တို့။ ဇဓသာသနေ၊ ဌ။ ဝဿူပဂတော၊ သော။ဘိက္ခု၊ သည်။ အမုကသ္မိံအာဝါသေ၊ ဌ။ သမ္ဗဟုလာဟိ၊ ကုန်သော။ ဘိက္ခုနီဟိ၊ တို့သည်။ သံဃော၊ ကို။ ဘိန္နောတိ၊ ဟူ၍။ သုဏာတိကိရ၊ ကြားသတတ်။ပ။ ဝဿစ္ဆေဒဿ၊ အား။ အနာပတ္တိ၊ အာပတ်မသင့်။ပ။

၂၀၃။ တေန ခေါ ပန သမယေန၊ ၌။ အညတရော၊ သော။ ဘိက္ခု၊ သည်။ ဝဇေ၊ နွားကျောင်းတို့၏နေရာ၌။ ဝဿံ၊ သို့။ ဥပဂန္တု၊ ကာမော၊ ကပ်လိုသည်။ ဟောတိ၊ ဖြစ်၏။ ဘဂဝတော၊ မြတ်စွာဘုရားသခင်အား။ ဧတမတ္ထံ၊ ဤသို့သောအကြောင်းကို။ အာရောစေသုံ၊ ၏။ ဘိက္ခဝေ၊ တို့။ ဝဇေ၊ နွားကျောင်းတို့၏ နေရာ၌။ ဝဿံ၊ ဝါသို့။ ဥပဂန္တုံ၊ ကပ်စိမ့်သောငှါ။ အနုဇာနာမိ၊ ၏။ ဝဇော၊ နွားကျောင်းတို့၏နေရာသည်။ ဝုဋ္ဌာသိ၊ ပြောင်းခဲ့၏။ပ။ ယေန၊ ၌။ ဝဇော၊ နွားကျောင်းတို့၏နေရာသည်။ အတ္ထိ၊ ၏။ တေန၊ သို့။ ဂန္တုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ပ။ ဝဿူပနာယိကာယ၊ ဝါဆိုခါသည်။ ဥပကဋ္ဌာယ-အာသန္နာယ၊ နီးလတ်သော်။ သတ္ထေန၊ လှည်းကုန်သည်ဖြင့်။ ဂန္တုကာမော၊ သည်။ ဟောတိ၊ ၏။ပ။ သတ္ထေ၊ လှည်း၌။ ဝဿံ၊ ဝါသို့။ ဥပဂန္တုံ၊ ငှါ။ အနုဇာနာမိ၏။ပ။ နာဝါယ၊ လှေဖြင့်၊ နာဝါယ၊ လှေ၌။ ပ။ ဝဿံ၊ ဝါသို့။ ဥပဂန္တုံ၊ ငှါ။ အနုဇာနာမိ၊ ၏။

**အမှာ** နွားခြံ, လှည်း, လှေတို့၌ ဝါပြတ် ခြင်း ကြောင့် အာပတ်မသင့်၊ ပဝါရဏာ ပြုခြင်းငှါလည်း အပ်၏ ဟုအဋ္ဌကထာ၌ပြသည်။ ထိုသို့ပြရာ၌ ဝါပြတ်သည် ဆိုသောအရာမှာ ဝါဆိုရာအရပ်၌ မနေမူ၍ တပါးအရပ်သို့ ပြောင်းခြင်းမျှကို ရည်၍ ဆိုသည်ဟု အဓိပ္ပါယ်ယူ။ ခုဒ္ဒသိက္ခာဋီကာသစ်။

*၂၀၄။ ။ပ။ ရုက္ခသုသိရေ၊ သစ်ခေါင်း၌ ။ပ။ ပိသာစိလ္လိကာ ယထာ၊ ဘီလူးငယ်တို့ကဲ့သို့တကား။ ဣတိ၊ ဤသို့။ ဥဇ္ဈာယန္တိ၊ ကုန်၏။ပ။ ရုက္ခဝိဋပိယာ၊ သစ်ခွ၌။ ဝဿံ၊ သို့။ ဥပဂစ္ဆန္တိ၊ ကပ်ကုန်၏။ပ။ မိဂလုဒ္ဒကာ ယထာ၊ မုဆိုးတို့ကဲ့သို့တကား။ ဣတိ၊ ဤသို့။ ဥဇ္ဈာယန္တိ၊ ကုန်၏။ပ။ အဇ္ဈောကာသေ၊ လွင်တီးခေါင်၌။ ဝဿံ၊ သို့။ ဥပဂစ္ဆန္တိ၊ ကုန်၏။ ဒေဝေ၊ မိုးသည်။ ဝဿန္တေ၊ ရွာလတ်သော်။ ရုက္ခမူလမ္ပိ၊ သို့လည်းကောင်း။ နိမ္ဗကောသမ္ပိ၊ စမ်းစက်တွင်းသို့လည်းကောင်း။ ဥပဓာဝန္တိ၊ ပြေးလတ်ကုန်၏။ပ။ အသေနာသနိကာ၊ ကျောင်းအိပ်ရာနေရာမရှိကုန်ဘဲ။ ဝဿံ၊ သို့။

ဥပဂစ္ဆန္တိ၊ ကုန်၏။ပ။ ဆဝကုဋိကာယ၊ သူကောင်ဖုတ်ရာ၌ ထားသောအိမ်၌ ၊ပ။ ဥပဂစ္ဆန္တိ၊ ကုန်၏။ ပ။ ဆဝဍာဟကာယထာ၊ သူကောင်ဖုတ်သောသူတို့ကဲ့သို့။ ဣတိ၊ ဥဇ္ဈာယန္တိ၊ ကုန်၏။ပ။ ဆတ္တေ၊ ထီး၌။ ဝဿံဥပဂစ္ဆန္တိ၊ ကုန်၏။ပ။ဂေါပါလကာယထာ၊ နွားကျောင်းသားတို့ ကဲ့သို့ ။ပ။ စာဋိယာ၊ အိုးစရည်းကြီး၌။ပ။ တိတ္ထိယာယထာ၊ တိတ္ထိတို့ကဲ့သို့။ဣတိ၊ ဤသို့။ ဥဇ္ဈာယန္တိ၊ ကုန်၏။ပ။

၂၀၅။ အန္တရာဝဿံ၊ ဝါတွင်း၌။နပဗ္ဗာဇေတဗ္ဗော၊ အပ်။ဣတိ၊ သို့။ ကတိကာ၊ ကတိကဝတ်ကို။ ကတာ၊ ပြုအပ်သည်။ ဟောတိ၊ ၏။ပ။ မိဂါရမာတုယာ၊ မိဂါရသူဌေး၏ အမိမည်သော။ ဝိသာခါယ၊ ဝိသာခါဒါယိကာမ၏။ နတ္တာ၊ မြေးသည်။ပ။ ယာစိ၊ တောင်း ပန်၏။ပ။

၂၀၆။ အာယသ္မတာ၊ သော။ သကျပုတ္တေန၊ သော။ဥပနန္ဒေန၊ ဥပနန္ဒသည်။ ပုရိမိကာယ၊ ပုရိမဝါ၌။ ပသေနဒိကောသလဿ၊ ပသေနဒိကောသလအမည်ရှိသော။ ရညော၊ မင်း၏။ ဝဿာဝါသော၊ ဝါဆိုကျောင်းကို။ ပဋိဿုတော၊ ဝန်ခံအပ်သည်။ ဟောတိ၊ ၏။ သောဥပနန္ဒော၊ သည်။ တံအာဝါသံ၊ ထိုပသေနဒိကောသလမင်း၏ကျောင်းသို့။ ဂစ္ဆန္တော၊ သွားလေသော်။ အန္တရာမဂ္ဂေ၊ ၌။ ဗဟုစီဝရကေ၊ များသောသင်္ကန်းရှိကုန်သော။ ဒွေအာဝါသေ၊ နှစ်ကျောင်းတို့ကို။အဒ္ဒသ၊မြင်လေ၏။ ယံနူန-ယဒိပန၊ ၍။ ။ပ။ဝဿံဝသေယျံ၊ ဝါဆိုငြားအံ့။ ဧဝံ၊ ဤသို့ ဝါဆိုသည်ရှိသော်။ မေ၊ အား။ဗဟုစီဝရံ၊သည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့သတည်း။ဣတိ-ဧတံပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ သောဥပနန္ဒော၊ သည်။ ဒွိသုအာဝါသေသု၊ တို့၌။ ဝဿံဝသိ၊ ဝါဆို၏။ ပသေနဒိကောသလော၊ အမည်ရှိသော။ ရာဇာ၊ သည်။ဥဇ္ဈာယတိ၊ ၏။ပ။အမှာကံ၊ တို့၏။ ဝဿာဝါသံ၊ ဝါဆိုကျောင်းကို။ ပဋိဿုဏိတွာ၊ ဝန်ခံ၍။ ဝိသံဝါဒေဿတိ။ ချွတ်ယွင်းစေဘိသနည်း။ ဘဂဝတာ၊ သည်။ အနေက ပရိယာယေန၊ များသောအကြောင်းဖြင့်။ မုသာဝါဒေါ၊ မုသားဆိုခြင်းကို။ ဂရဟိတောနနု၊ ကဲ့ရဲ့တော်မူအပ်သည် မဟုတ်

လော။ မုသာဝါဒါ၊ မှ။ ဝေရမဏီ၊ ကြဉ်ခြင်းကို။ ပသဏ္ဍာနနု၊ ချီးမွမ်းတော်မူအပ်သည် မဟုတ်တုံလော။ ဣတိ၊ သို့။ ဥဇ္ဈာယတိ၊ ဧ။ ဘိက္ခူ၊ တို့သည်။ ဥဇ္ဈာယန္တာသာ၊ ကဲ့ရဲ့သော။ ခိယျန္တာသာ၊ ရှုတ်ချသော။ ဝိပါစေန္တာသာ၊ ဖရိုဖရဲဆိုသော။ ပသေနဒိကောသလဿ၊ အမည်ရှိသော။ ရညော၊ ဧ။ ဝစနံ၊ ကို။ အဿောသုံ၊ ကုန်၏။ ယေတေဘိက္ခူ၊ တို့သည်။ အပ္ပိစ္ဆာ၊ နည်းသောအလိုရှိကုန်၏။ တေဘိက္ခူ၊ တို့သည်။ ဥဇ္ဈာယန္တိ၊ ကုန်၏။ ပ။ ဘိက္ခဝေ၊ တို့။ တသ္မိံ ဘိက္ခုနော၊ အား။ ပုရိမိကာဝ၊ ပုရိမဝါသည်လည်း။ နပညာယတိ၊ မထင်။ ပဋိဿဝေစ၊ ဝန်ခံခြင်းကြောင့်လည်း။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။ [ဤမှအထက်ခုနစ်ဝါရတို့ကား အပမှာ ဥပုသ်ပြုသောအားဖြင့် လာ၏]။

၂၀၇။ ဘိက္ခဝေ၊ တို့။ ဣဓပနသာသနေ၊ ၌။ ဘိက္ခုနာ၊ သည်။ ပုရိမိကာယ၊ ပုရိမဝါ၌။ ဝဿာဝါသော၊ ဝါဆိုကျောင်းကို။ ပဋိဿုတော၊ ဝန်ခံအပ်သည်။ ဟောတိ၊ ၏။ ပ။ ဗဟိဒ္ဓါ၊ အပ၌။ ဥပေါသထံ၊ ကို။ ကရောတိ၊ ၏။ ပါဋိပဒေန၊ အတွက်တရက်နေ့၌။ ဝိဟာရံ၊ သို့။ ဥပေတိ၊ ကပ်အံ့။ သေနာသနံ၊ အိပ်ရာနေရာ ညောင်စောင်းအင်းပျဉ်ကို။ ပညပေတိ၊ ခင်းအံ့။ (ပညပေတိ၌ ညမှာ ဒိဿ,ရဿနှစ်ချက်သင့်။ သဒ္ဒနီတိ)။ ပါနီယံ၊ ကိုလည်းကောင်း။ ပရိဘောဇနီယံ၊ ကိုလည်းကောင်း။ ဥပဋ္ဌာပေတိ၊ တည်အံ့။ ပရိဝေဏံ၊ ကို။ သမ္မဇ္ဇတိ၊ အံ့။ သောဘိက္ခု၊ သည်။ တဒဟေဝ၊ ထိုနေ့၌ပင်လျှင်။ အကရဏီယော၊ သတ္တာဟမပြုဘဲ။ ပက္ကမတိ၊ သွားအံ့။ ပ။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ-အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။ ပ။ သောဘိက္ခု၊ သည်။ တဒဟေဝ၊ ထိုနေ့ပင်လျှင်။ သကရဏီယော၊ သတ္တာဟပြုလျက် (ပြုသည်နှင့်တကွ ဟုလည်း ပေး)။ ပက္ကမတိ၊ သွားအံ့။ ပ။ အာပတ္တိ ဒုက္ကဋဿ၊ ဧ။ [အတူပေး။ ဤနှစ်ဝါရတို့တွင် ပုရိမဝါရကား ဝါလည်းမဆို သတ္တာဟလည်းမပြု။ နိရပေက္ခသွားသည်ကို ရည်၍ဟောတော်မူသည်။ ဒုတိယဝါရကား ဝါလည်းမဆို သတ္တာဟသာ ပြု၍ နိရပေက္ခ သွားသည်ကို ရည်၍ ဟောတော်မူသည်]။

။ပ။သောဘိက္ခု၊ ထိုရဟန်းသည်။ ဒွိဟတိဟံ၊ နှစ်ရက် သုံးရက်။ ဝသိတွာ၊ နေ၍။ အကရဏီယော၊ သတ္တာဟမပြုဘဲ။ ပက္ကမတိ၊ ဖဲခွါ၏။ပ။ အာပတ္တိဒုက္ကဋဿ၊ ၏။ [အတူ။ ဤတတိယဝါရကား ဝါဆို၏။ သတ္တာဟမပြုဘဲ ဖဲ့ရပေကွ သွားသည်ကို ရည်၍ မိန့်သည်]။ပ။ ဒွိဟတိဟံ၊ နှစ်ရက် သုံးရက်။ ဝသိတွာ၊ နေ၍။ သကရဏီယော၊ သတ္တာဟ ပြုလျက်။ ပက္ကမတိ၊ အံ့။ပ။အာပတ္တိဒုက္ကဋဿ၊ ၏။ [အတူ။ စတုတ္ထဝါရကား ဝါလည်းဆို၏။ သတ္တာဟပြုလျက် ဖဲ့ရပေကွ သွားသည်ကို ရည်၍ မိန့်တော်မူသည်] ။ပ။ ဒွိဟတိဟံ၊ နှစ်ရက် သုံးရက်။ ဝသိတွာ၊ နေ၍။ သတ္တာဟ ကရဏီယေန၊ သတ္တာဟပြုသဖြင့်။ ပက္ကမတိ၊ အံ့။ သောဘိက္ခု၊ သည်။ တံသတ္တာဟံ၊ ကို။ဗဟိဒ္ဓါ၊ မှ။ ဝီတိနာမေတိ၊ လွန်စေအံ့။ပ။အာပတ္တိဒုက္ကဋဿ၊ ၏။ [အတူ။ ဤပဉ္စမဝါရကား ဝါလည်းဆို၏။ သတ္တာဟကရဏီယပြု၍ သာပေကွအားဖြင့် သွားလျက် ခုနစ်ရက်တွင်း၌ မပြန်နိုင်သောကြောင့် ဝဿစ္ဆေဒ ဖြစ်သည်ကို ရည်၍ မိန့်တော်မူသည်]။ သောဘိက္ခု၊ သည်။ ဒွိဟတိဟံ၊ နှစ်ရက် သုံးရက်။ ဝသိတွာ၊နေ၍၊သတ္တာဟကရဏီယေန၊ဖြင့်။ပက္ကမိ၊အံ့။သောဘိက္ခု၊ သည်။ တံသတ္တာဟံ-တဿသတ္တာဟဿ၊ ၏။ အန္တော ၌။ သန္နိဝတ္တံ၊ နစ်ခြင်းကို။ ကရောတိ၊အံ့။ ဘိက္ခဝေ၊ တို့။တဿဘိက္ခုနော၊ အား။ ပုရိမိကာစ၊သည်လည်း။ ပညာယတိ၊ ထင်၏။ ပဋိဿဝေစ၊ ဝန်ခံခြင်းကြောင့်လည်း။ အနာပတ္တိ၊အာပတ်မသင့်။ သောဘိက္ခု၊ သည်။ သတ္တာဟံ၊ ခုနစ်ရက်ဖြင့်။ အနာဂတာယ၊ မရောက်သေးသော။ ပဝါရဏာယ၊ မဟာပဝါရဏာနေ့၌။ (သီတင်းကျွတ်လဆန်း ကိုးရက်နေ့ကိုယူ။ ထိုနေ့ကစ၍ ခုနစ်ရက်ရေတွက်)။သကရဏီယော၊ ပြုဘွယ်ကိစ္စ ရှိသည်ဖြစ်၍။ ပက္ကမတိ၊ အံ့။ဘိက္ခဝေ၊တို့။ သောဘိက္ခု၊သည်။ တံအာဝါသံ၊သို့။အာဂစ္ဆေယျဝါ၊ လာမူလည်း လာရာ၏။ နအာဂစ္ဆေယျဝါ၊မလာဘဲမူလည်းနေရာ၏။ ဘိက္ခဝေ၊ တို့။ တဿဘိက္ခုနော၊ အား။ ပုရိမိကာစ၊ သည်လည်း။ ပညာယတိ၊၏။ ပဋိဿဝေစ၊ ကြောင့်လည်း။ အနာပတ္တိ၊အာပတ်မသင့်။

(သီကင်းကျွတ်လဆန်းကိုးရက်နေ့က ဝါပန်၍သွားလျှင် ပန်သည့်ရက်နှင့် ဥပစာရ သိမ်ပ်ခြောက်ရက်ကို ရောက်လျှင် သီတင်းကျွတ်လပြည့်သည် သတ္တာဟ စေ့၏)။

၂၀၀။ ဘိက္ခဝေ၊ တို့၊ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခုနော၊ သည်။ ပစ္ဆိမိကာယ၊ ၌။ ဝဿာဝါသော၊ ကို။ ပဋိသုတော၊ သည်။ ဟောတိ၊ ၏။ သော ဘိက္ခု၊ သည်။ တံအာဝါသံ၊ သို့။ ဂစ္ဆန္တော၊ သော်။ ဗဟိဒ္ဓါ၊ ၌။ ဥပေါသထံ၊ ကို။ ကရောတိ၊ ၏။ ပါဋိပဒေန၊ ၌။ ဝိဟာရံ၊ သို့။ ဥ ပေတိ၊ ၏။ ပ။ ပဋိဿဝေ၊ ကြောင့်လည်း။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။ (နောက်ကို လွှယ်ပြီ)။ သော ဘိက္ခု၊ သည်။ သတ္တာဟံ၊ ခုနစ်ရက်ဖြင့်။ အနာဂတာယ၊ သော။ ကောမုဒိယာ၊ ကုမုဒြာကြာ ပွင့်တုန်းဖြစ်သော။ ပါတုမာသိနိယာ၊ မိုဃ်းလေးလအဆုံး တန်ဆောင်မုန်းလပြည့်နေ့၌။ (တန်ဆောင်မုန်း လဆန်း ကိုးရက်နေ့ကိုယူ။ ယိုနေ့ကစ၍ ခုနစ်ရက်ရေတွက်)။ သကရဏီယော၊ ၍။ ပက္ကမတိ၊ အံ့။ ဘိက္ခဝေ၊ တို့။ သော ဘိက္ခု၊ သည်။ တံ အာဝါသံ၊ သို့။ အာဂစ္ဆေယျ ဝါ၊ လာမူလည်းလာရာ၏။ န အာဂစ္ဆေယျ ဝါ၊ မလာဘဲမူလည်းနေရာ၏။ ဘိက္ခဝေ၊ တို့။ တဿ ဘိက္ခုနော၊ အား။ ပစ္ဆိမိကာ စ၊ သည်လည်း။ ပညာယတိ၊ ၏။ ပဋိဿဝေ၊ ကြောင့်လည်း။ အနာပတ္တိ၊ အာပတ်မသင့်။ ဣတိ၊ ဤသည်လျှင် ဝဿူပနာယိကက္ခန္ဓက အပြီးတည်း။

တတိယော၊ သော။ ဝဿူပနာယိကက္ခန္ဓကော၊ သည်။ နိဋ္ဌိတော၊ ပြီ။

## ဥဒါန်း

တဿ၊ ထိုဝဿူပနာယိကက္ခန္ဓက၏။ ဥဒါနံ၊ ကို။ ဝေ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ ဥပဂန္တုံ ဝါကဲဖဲ့မှဲ့သော ငါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ကဒါ စေဝ၊ ဘယ်သောလျှင်။ ဝဿံ၊ သို့။ ဥပဂန္တဗ္ဗံ၊ ကပ်အပ်သနည်း။ ကတိ၊ ဝါဆိုခြင်း ဘဝဃ ယ်မျှတို့နည်း။ အန္တရာ ဝဿ စ၊

ဝါတွင်း၌သွားခြင်း။နစ္စန္တိ၊ ဝါမဆိုလိုကုန်။ သဋ္ဌိဇ္ဇ၊ ဝါဆိုနေ့ဟု သိလျက်။ ပဋိက္ကမန္တိ၊သွားခဲ့ကုန်၏။ ဥက္ကမိတုကာမော၊ ထိန်းမှတ်ခြင်းကိုအလိုရှိ၏။ (ကာမော၊ ထည့်ပါ)။ ဥပါသကော၊ ဥဒေန မည်သောဒါယကာ။ ဂိလာနာ၊ နာသော။ မာတာ၊ အမိ၊ ပိတာ၊ အဘ။ ဘာတာစ၊ ညီအစ်ကို။ အုထ၊ ထိုမှတပါး။ ဉာတကော၊ အမျိုး။ ဘိက္ခုဂတိကော၊ ရဟန်းနှင့် တကျောင်းတည်း နေသော ယောကျ်ား။ ဝိဟာရော၊ ကျောင်းပြို။ ဝါဠာစာပိ၊ သားရဲတို့သည် လည်းကောင်း။ သရိံသပါ၊ မြွေတို့သည်လည်းကောင်း။ စောရာ စေဝ၊ တို့သည် လည်းကောင်း။ ပိသာစ၊ ဘီလူးတို့သည်လည်း ကောင်း။ ဥဗ္ဗဠှာ၊ နှိပ်စက်ကုန်၏။ တဒုဘယေနစ၊ ထိုနှစ်ပါး၏ လောင်ခြင်းကျောင်း၏လောင်ခြင်း နှစ်ပါးတို့ဖြင့်။ဒဍ္ဎာ၊မီးလောင် ကုန်၏။ ဥဒကေန၊ရေဖြင့်။ ဝုဋ္ဌော၊ မျောခဲ၏။ ဝုဋ္ဌာသိ၊ ပြောင်းခဲ့ ၏။ ဗဟုတရာစ၊ လူများရာသို့။ ဒါယကာ၊ သဒ္ဓါသောဒါယကာ ရှိရာသို့။ ဂန္ဓဗ္ဗာ၊ ၏။ ။လူခ၊ ကြမ်းသောဘောဇဉ်။ ပဏီတ၊ မြတ်သောဘောဇဉ်။ သပ္ပါယ၊ သင့်သောဘောဇဉ်။ ဘေသဇ္ဇ၊ ဆေး။ ဥပဋ္ဌကေန၊ အလုပ်အကျွေး။ ဣတ္ထီ၊ မိန်းမ။ ဝေသီ၊ ပြည့်တန်းဆာ။ကုမာရိစ၊လင်မရသောမိန်းမ။ပဏ္ဍကော၊ပဏ္ဍုက်။ ဉာတကေနစ၊ အမျိုး။ ။ရာဇာ၊မင်း။ စောရာစ၊ ခိုးသူ။ ဓုတ္တာစ၊ သေသောက်ကြူး။ နိဓိ၊ ဥစ္စာထားရာအိုး။ ဘေဒ၊ သင်းခွဲခြင်း။ အဋ္ဌဝိဓေနစ၊ ရှစ်ပါးအပြားရှိသော ကြားခြင်း။ဝဇ၊ နွားကျောင်း တို့နေရာ။ သတ္ထာစ၊ လှည်း။ နာဝါစ၊ လှေ။ သုသိရေ၊သစ်ခေါင်း။ ဝိဋပဘိယာစ၊ သစ်ခွ။ ။ အဇ္ဈောကာသေစ၊ လွင်တီးခေါင်၌။ ဝဿာဝါသော၊နေခြင်း။ (ဝါဆိုခြင်း သော်လည်းပေး)။ အသေနာသနိကေနစ၊ ကျောင်းမရှိဘဲ ဝါဆိုခြင်း။ ဆဝကုဋိယာ၊ သူသေကောင်ဖုတ်သောကုဋိ။ဆတ္တေစ၊ထီး၌လည်းကောင်း။ စာဋိယာစ၊ အိုးစရည်း၌လည်းကောင်း။ တေဘိက္ခူ၊ တို့သည်။ ဥပေန္တိ၊ ကပ်ကုန်၏။ ။ကတိကာ၊ အဓမ္မကတိကဝတ်။ ပဋိသုနိတွာ၊ ဝန်ခံ၍။ ဝိသံဝါဒေန္တိ၊ ချွတ်ယွင်းစေကုန်၏။ ဗဟိဒ္ဓါ၊ အပဒ္ဓဥပုသ်

ပြုခြင်း။ ဥပေါသထာ၊ အတွင်း၌ ဥပုသ်ပြုခြင်း။ ပုရိမိကာ၊ ပုရိမဝါကိုလည်းကောင်း။ ပစ္ဆိမိကာ၊ ပစ္ဆိမဝါကိုလည်းကောင်း။ တထာ ဉာယေန၊ ယှဉ်သင့်သော နည်းအားဖြင့်။ ယောဇေယ၊ ယှဉ်ရာ၏။ ။အကရဏီ၊ သတ္တာဟမပြုဘဲ။ ပက္ကမတိ၊ ဖဲခွာ၏။ သကရဏီ၊ သတ္တာဟပြု၍။ ပက္ကမတိ၊ ၏။ တထေဝ၊ လည်းကောင်း။ ဒွိဟတိဟာစ၊ နှစ်ရက် သုံးရက်။ ဝသိတွာ၊ ၍။ ပက္ကမတိ၊ ၏။ ပုန၊ ဘန်။သတ္တာဟကရဏီယေနစ၊သတ္တာဟပြုသဖြင့်လည်း။ ပက္ကမတိ၊ ၏။ ။သတ္တာဟနာဂတာ၊ ပဝါရဏာနေ့မရောက်မီ ခုနစ်ရက်၌။ ပက္ကမတိ၊ ဖဲ၏။ အာဂစ္ဆေယျဝါ၊လာသည်လည်းဖြစ်စေ။နဧယျဝါ၊ မလာသည်လည်းဖြစ်စေ။ ဝတ္ထုဒွါရေန၊ ဝတ္ထုအရင်းရှိသဖြင့်။ အန္တရိကာ၊ ခြားအပ်သော။ တန္တိမဂ္ဂံ၊ ပါဠိအစဉ်ကို။ နိသာမယေ၊ ဆင်ခြင် ရာ၏။ ဣတိ၊ ဤသည်လျှင် ဝဿူပနာယိကက္ခန္ဓက အပြီးတည်း။

ဣမမှိခန္ဓကေ၊ ၌။ ဝတ္ထုနိ၊ ဝတ္ထုဟူသကား။ ဒွေပဏ္ဏာသ၊ ငါးဆဲ့နှစ်ပါးတို့တည်း။

ဝဿူပနာယိကက္ခန္ဓကော၊သည်။ နိဋ္ဌိတော၊ပြီးပြီ။

---

အမှာ ဤခန္ဓက၌ ပကိဏ္ဏက, အမိပ္ပါယ်ကိုချုပ်၍ ရေးဦးအံ့၊ ဝါဆိုသောနေ့၌ ဝါကပ်ပြီးလျှင် အရဏ်မတက်မီ အကြောင်းရှိသော် သတ္တာဟကိစ္စဖြင့် သွားအပ်၏။ ။မဟာဝါ အဋ္ဌကထာ။ ။ခုနစ်ရက်တကြိမ် ခုနစ်ရက်တကြိမ် သတ္တာဟကိစ္စဖြင့် သွားသောရဟန်းဖြစ်အံ့၊ ဥပစာရသိမ်၌ ခြောက်ရက်ကို လွန်စေ၍ ခုနစ်ရက်ခမြောက်၌ လာ၍ အာရုံမတက်မီ ဥပစာရသိမ်တွင်းသို့ ဝင်၍ အာရုံကိုတက်စေရမည်။ တဘန် သတ္တာဟကိစ္စဖြင့် သွားပြန်လိုသော်လည်း ဥပစာရသိမ်တွင်း၌ အရုဏ်ခံပြီးမှ သွားအပ်သည်။ ။ဤအမိပ္ပါယ်သည် ဝိမတိဝိနောဒနီ။ ဤတွင် စကားတရပ်။ သတ္တာဟကိစ္စဖြင့် သွားလိုသော ရဟန်းသည် ဥပစာရသိမ်တွင်း၌ တည်လျက် ခုနစ်ရက်အတွင်း၌ ပြန်ရုံအံ့ဟု

နှလုံးသွင်း၍ သွားအပ်၏။ ဤကဲ့သို့ နှလုံးမသွင်းဘဲ သွားသည်ဖြစ်အံ့ ဥပစာရသိမ်ကိုလွန်လျှင် ဝဿစ္ဆေဒဖြစ်သည်ဟူ၍ ဆရာတို့အယူရှိကြောင်းကို သာရတ္ထဒီပနီ၌ ပြသည်။ ထို အယူကို ဋီကာဆရာ မပယ်။ ။ဤလည်း စကားတရပ်။ ဝိမတိဝိနောဒနီ၌ကား ခုနစ်ရက်အတွင်း ပြန်အံ့ဟု မသွားမီ နှလုံးသွင်းပြီးလျှင် သွားဆဲအခါ မေ့လျော့၍ နှလုံးမသွင်းမိဘဲ သွားသော်လည်း အပြစ်မရှိ။ အချင်းခပ်သိမ်း နှလုံးသွင်းခြင်းကိုမပြုမူ၍ သွားမှသာ ဝဿစ္ဆေဒဖြစ်သည်ဟူ၍ ဆရာတို့ အယူရှိသော ဝါဒကိုလည်း ပြ၏။ အကြင်ရဟန်းသည် သွားဆဲအခါ နှလုံးမသွင်းမိသော်လည်း ရှေးခဏ၌နှလုံးသွင်းသည်အတိုင်း ပြန်အံ့၊ အာပတ်သင့်၏။ ဝဿစ္ဆေဒမဖြစ်ဟူ၍ ဆရာတို့အယူရှိသော ဝါဒကိုလည်း ပြ၏။ ထိုသို့ ပြပြီးလျှင်ထိုအယူကို စုံစမ်းဆင်ခြင်အပ်သည်ဟု ဆိုပြန်သောကြောင့် မနှစ်သက်ရိပ်ရှိ၏။ ဤကဲ့သို့သော အရာမှာ ဂရုဖြစ်ရာ ယူ။ ဤတွင်စကားတရပ်။ ဥပစာရသိမ်ဖြင့် ဆုံးဖြတ်အပ်သော ဝိနည်းကံကား ဘိက္ခုနီမတို့ အရာမ်သို့ဝင်သည်ကိုပန်ခြင်း၊ အိပ်ရာနေရာကိုပန်ခြင်း၊ ပရိဝါသ် ကြားခြင်း၊ မာနတ် ကြားခြင်း၊ ဝါပြတ်ခြင်း၊ နိဿယယည်းယူခြင်း၊ ကျောင်းခံခြင်း၊ နိဿယယည်းငြိမ်းခြင်း၊ အာဂန္တုကဝတ်ကိုဖြည့်၍ အရာမ်သို့ဝင်ခြင်း စသည်တည်း။ ဤအရာများမှာ ဥပစာရသိမ်ဖြင့် ဆုံးဖြတ်ရမည်ဟု ကင်္ခါဝိတရဏီစသည်တို့၌လာ၏။ အရာမ်ရှိသော ကျောင်းတိုက်မှာ အရာမ်တွင်းသာ ဥပစာရသိမ် ယူ။ အရာမ် မရှိသော ကျောင်းတိုက်မှာ အဆုံးစွန် တည်သောကျောင်းမှ ခဲနှစ်ကျတိုင်အောင် ဥပစာရသိမ် ယူ။ ။ဘိက္ခုနီအာရာမဝင် ပဌမသိက္ခာပုဒ်ပါဠိတော်၌ ရဟန်းယောကျ်ားရှိသောကျောင်းတိုက်သို့ မပန်ဘဲ ရဟန်းမိန်းမ ဝင်ရာ၌ အရာမ် ရှိသည်ဖြစ်အံ့၊ အရာမ်ကိုလွန်လျှင် ပါစိတ်။ အရာမ်မရှိသည်ဖြစ်အံ့၊ ဥပစာရသို့သက်လျှင် ပါစိတ်ဟုပညတ်တော်မူသည်ကိုနှလုံးမူ။ ။ဤတွင်စကားတရပ်။ သတ္တာဟကိစ္စဖြင့် ယနေ့ပြန်အံ့ဟု အနီးကျောင်းသို့သွားသော ရဟန်းသည် တဘန် ပြန်၍ လာရာ ခရီး အကြား၌

အရုဏ်တက်သည်ဖြစ်အံ့။ ဝဿစ္ဆေဒလည်း မဖြစ်။ ရတ္တိစ္ဆေဒ
ဒုက္ကဋ်လည်း မရှိဟူ၍ ဆရာတို့ယူသော အရာကို သာရတ္ထဒီပနီ၌
ပြသည်။ ထိုဝါဒသည် အရုဏ် အတွင်း၌ ပြန်အံ့ သွားအံ့ဟု
ဥဿာဟဂမနရှိသောကြောင့် အသင့်ပင် ယူသင့်သည်။ နိဿ
ယည်း၌ အရုဏ် အတွင်း ပြန်အံ့ သွားအံ့ဟု ဥဿာဟဂမန
ရှိခဲ့မူ နိဿယည်းမငြိမ်းဟု ပြသောအရာကို ယုတ္တိယူ။ ဒုဒ္ဒသိက္ခာ
ဋီကာဟောင်း ဋီကာသစ် တို့၌ကား သာရတ္ထဒီပနီ ကဲ့သို့ မပြ။
ဝဿစ္ဆေဒကြောင့် အာပတ်မသင့်သည့် အရာကိုသာ ပြသည်။
ကျမ်းလာမညီလျှင် ဂရုဖြစ်ရာအလေးမှုမှ ကုက္ကုစ္စသံသယ ကင်းရာ
သည်။ ဤတွင် စကားတရပ်, သတ္တာဟကိစ္စဖြင့်သွား၍ ဥပစာရ
သိမ်ပ၌ အရုဏ်ကိုတက်စေသောအရာတွင် မဟာဝါအဋ္ဌကထာ၌
အဋ္ဌမေ အရုဏော တတ္ထေဝ န ဥဋ္ဌာပေတဗ္ဗာတိအတ္ထော-ဟူ၍
လာသည်။ ဤဝါကျမှာ ဥပစာရသိမ်ပ၌ ရှစ်ခုမြောက် အရုဏ်ကို
မစောင့်စေအပ်ဆိုသဖြင့် ခုနစ်ခုမြောက်အရုဏ်ကို တက်စေအပ်၏
ဟူသောအဓိပ္ပါယ်ကိုယူ။ ခုနစ်ခုမြောက် ဟူသည်ကား ဝါပန်
သောနေ့ အရုဏ်နှင့် ဥပစာရသိမ်မြောက် အရုဏ်ကို ရော၍
ရေတွက်ရမည်။ ဥပစာရသိမ်ပမှာချည်း ခုနစ်ခုမြောက်မယူ ဟူလို။
သတ္တာဟဝါရေနအရုဏော ဥဋ္ဌာပေတဗ္ဗောတိဧတ္ထ ဆ ဒိဝသာနိ
ဗဟိဒ္ဓါ ဝီတိနာမေတွာ သတ္တမေဒိဝသေ ပုရာရုဏာဝေ အန္တော
ဥပစာရသီမာယ ပဝိသိတွာ အရုဏံ ဥဋ္ဌပေတွာ ပုနဒိဝသေ
သတ္တာဟံ အဓိဋ္ဌာယဂန္တဗ္ဗန္တိ အဓိပ္ပါယော။ ကေစိပနသတ္တမေဒိ
ဝသေအာဂန္တွာအရုဏံအနုဋ္ဌာပေတွာ တဒဟေဝဒိဝသဘာဂေပိ
ဂန္တုံဝဋ္ဋတီတိဝဒန္တိ။ တံနဂဟေတဗ္ဗံ။ ဝိမတိဝိနောဒနီ။ အနက်
အဓိပ္ပါယ်လွယ်ပြီ။ ဤတွင် စကားတရပ်။

ဤတွင် ဆွေ ဝဿူပနာယိကက္ခန္ဓက အလုံးစုံပြီးပြီ။

မဟာဝါပါဠိတော်နိဿယသစ် ပဌမအုပ် ပြီး၏။